၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၈)၊ အမှတ် (၂၃)

၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ(၁၂)ရက်

ချင်းပြည်နယ်၏ လေကြောင်းဝင်ပေါက် (Gateway of chin State) ဆူရ်ဘုန် (ဖလမ်း) လေဆိပ်သစ်

စာ-၇ »

အယ် ဒီ တာ့ အာ ဘော်

"အဂတိလိုက်စားမှုဆန့်ကျင်ဖို့ ညီညွတ်ကြပါစို့ (United Against Corruption)"

ဆန္ဒာ ဒေါသ ဘယာ မောဟ ဟူ၍ အဂတိတရားလေးပါးရှိသည်။ ဆန္ဒကြောင့်ဖြစ်ပေါ်သော အဂတိ၊ ဒေါသကြောင့်ဖြစ်ပေါ်သော အဂတိ၊ ဘယာကြောင့်ဖြစ်ပေါ်သော အဂတိ၊ မောဟကြောင့်ဖြစ်ပေါ်သော အဂတိဟူ၍ဖြစ်သည်။ အဂတိဟူသည် လာဘ်ပေး၊ လာဘ်ယူမှုတစ်ခုတည်းကိုဆိုလိုရင်းမဟုတ်သည်ကို သတိမူမိကြပေမည်။ အဂတိတရားလေးပါးကို ချစ်၊ မုန်း၊ ကြောက်၊ မသိဟူ၍လည်း ဖွင့်ဆိုထားပေသည်။ မကောင်းသော အတွေး၊ အကြံ၊ အပြုအမူတို့ပြုလုပ်ရန် ရှက်ခြင်း၊ ကြောက်ခြင်းဟူသည့် ဟီရိဩတ္တပ္ပတရားဖြင့် ထိန်းချုပ်ဆောက်တည်ကြရပေမည်ဖြစ်ပါသည်။

ဒီဇင်ဘာလ (၉)ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC Myanmar) သည် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP တို့နှင့်ပူးပေါင်းပြီး ဒီဇင်ဘာလ (၇)ရက်နံနက်ပိုင်းက ရန်ကုန်မြို့ Rose Garden Hotel တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်သဝဏ်လွှာကို ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်မှဖတ်ကြားခဲ့သည်။ ယခုနှစ်ဆောင်ပုဒ်မှာ United Against Corruption "အဂတိလိုက်စားမှုဆန့်ကျင်ဖို့ ညီညွတ်ကြပါစို့"ဟူ၍ဖြစ်သည်။ ထိုအဖွဲ့အစည်းအသိုင်းအဝိုင်း၏ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို ခြိမ်းခြောက်လျက်ရှိသည့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ကျူးလွန်မှု၊ တရားမဝင်ကုန်သွယ်မှုစသည်တို့ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ အဂတိလိုက်စားမှုကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၀၅ခုနှစ်တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ခုနှစ်တွင် ကွန်ဗင်းရှင်းကို တရားဝင်အတည်ပြုခဲ့သည်။ ၂၀၁၃ခုနှစ်တွင် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ"ကို ပြဋ္ဌာန်းခဲ့သည်။ ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန် ရည်မှန်းချက်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ပြီး လွှတ်လပ်စွာစုံစမ်းခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်းပြုနိုင်ရန် နိုင်ငံတော်မှခွင့်ပြုထားသည်။

"ကျွန်တော်အနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၈ခုနှစ်၊ မတ်လ (၃)ရက်က ကတိသစ္စာပြုချိန်တွင်"အဂတိလိုက်စားမှု ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်ဟုလည်း ကောင်း၊ မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ်၊ နှစ်ဆန်း (၁) ရက်နေ့က ပြည်ထောင်စုတစ်ဝန်းလုံးသို့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာတော်တော်များများတွင် ခေလ့သဖွယ်စွဲကပ်နေသည့် အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်ရာတွင် ဝန်ထမ်းများ၏ရပိုင်ခွင့်၊ အခွင့်အရေးနှင့် တာဝန်ဘက်ညီမျှတစေရန် ပြန်လည်သုံးသပ်ပြီး ဌာနဆိုင်ရာတစ်ခုချင်းက အသီးသီးတာဝန်ခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကော်မရှင်အပြင် မီဒီယာနှင့်ပြည်သူလူထုကလည်း မှန်ကန်စွာရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်အာဏာအရှိန်အဝါရှိသူများ၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှုများအား တိကျခိုင်လုံသည့်အချက်အလက်အထောက်အထားများနှင့် တိုင်ကြားကြရန်အထူးလိုအပ်ကြောင်း နိုင်ငံတော်သမ္မတ၏သဝဏ်လွှာတွင် ဖော်ပြထားသည်။

နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးခွဲစတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း Corruption Free Zone ဖြစ်လာရေး အဂတိကင်းစင်ရန်ကုန်တခွင်ဟုကြေညာနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း၊ ဖြစ်နိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်ရှိပေမယ့် ပြောင်းလဲလိုတဲ့စိတ်နဲ့ ဆောင်ရွက်သွားမယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကလည်း ပူးပေါင်းဆောင်ရွက်သွားလိုတဲ့ ဆန္ဒရှိကြောင်း ဦးအောင်ကြည်ကပြောကြားခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သစ်ပြန်လည်ဖွဲ့စည်းပြီးနောက် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလကုန်အထိ တိုင်ကြားမှုသည် (၁၃၀၀၀)ကျော်ရှိလာပြီး ရန်ကုန်တိုင်းဒေသကြီးမှာ အဂတိလိုက်စားမှုနှင့် ပတ်သက်ကြောင်း၊ အဂတိလိုက်စားကြောင်း ဖော်ပြတိုင်ကြားစာမှာ ၂၀၁၇ခုနှစ်မှာ (၂၆)စောင်၊ ၂၀၁၈မှာ (၄၆)စောင်ရှိပြီး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးလွဲမှားမှုနှင့် ပတ်သက်ပြီး ၂၀၁၇မှာ (၃၅၆)စောင်၊ ၂၀၁၈မှာ (၁၄၅၈)စောင်၊ မြေယာကိစ္စမှာ ၂၀၁၇ မှာ (၂၈၆)စောင်၊ ၂၀၁၈ မှာ (၁၅၇၉)စောင်၊ တရားစီရင်မှုနဲ့ပတ်သက်ပြီး ၂၀၁၇မှာ (၃၇၂)စောင်ရှိပေမယ့် ၂၀၁၈ မှာတော့ (၁၃၃၄)စောင်ရှိလာခဲ့ကြောင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာတိုင်ကြားမှုက ၂၀၁၇ မှာ (၈၄၄)စောင်ရှိပေမယ့် ၂၀၁၈ မှာတော့ (၃၃၈၇)စောင်အထိရှိလာခဲ့ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြန်ကြားရေးအဖွဲ့ခေါင်းဆောင် ဦးဟန်ညွန့်မှ ပြောကြားခဲ့သည်။

ကျွန်တော်တို့နိုင်ငံဟာ ခြစားနေတဲ့နိုင်ငံကြီးတစ်ခုလိုဖြစ်နေတယ်ဆိုတာကို မငြင်းနိုင်ကြောင်း၊ ကမ္ဘာရဲ့သတ်မှတ်မှုကိုကြည့်မယ်ဆိုရင် နိုင်ငံ (၁၈၀)မှာ ကျွန်တော်တို့နိုင်ငံက အဆင့်(၁၃၀)ကို ရောက်နေတာမို့ အများကြီးကြိုးစားကြရဦးမှာဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးရဲ့ချမှတ်ထားတဲ့မူဘောင်တွေ၊ လမ်းညွှန်မှုတွေထဲကနေ အဂတိတိုက်ဖျက်ရေးကို ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့အားလုံး နိုင်ငံရေးယုံကြည်မှုတွေ၊ ဌာနဆိုင်ရာအတွင်းမှာ တစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုတွေတည်ဆောက်ပြီး အဂတိတိုက်ဖျက်ရေးကို အထူးပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

အနှစ်ချုပ်ဆိုရသော် အဂတိလိုက်စားမှုကြောင့် ပြည်သူ့ရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လျော့ချနိုင်ရန်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ ပိုမိုတိုးတက်စေရေးတို့အတွက် "အဂတိလိုက်စားမှုဆန့်ကျင်ဖို့ ညီညွတ်ကြပါစို့"ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာမည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုမိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄)ရက်မှ (၆)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၁) ရက်မှ (၃)ရက်ခန့်ရွာနိုင်ပါသည်။

ညအပူချိန်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် (၁.၅)ဒီဂရီစင်တီဂရိတ်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄)ရက်မှ (၇)ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ (၁)ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မိုး/ဇလ

ရန်ကုန်လေဆိပ်တွင် တစ်လကြာသည်အထိ ခရီးဆောင်အိတ် အပ်နှံနိုင်ပြီ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ခရီးသည်များ၏ ခရီးဆောင်အိတ်ကို တစ်လကြာအပ်နှံနိုင်မည့် "Left Baggage Service"အစီအစဉ်ကိုစတင်နေပြီဖြစ်ကြောင်း Yangon Aerodrome Company Limited (YACL) တာဝန်ရှိသူကပြောသည်။

"ဒီအစီအစဉ်ကို နိုဝင်ဘာ ၁၉ ရက်မှာစတာဖြစ်တဲ့အတွက် အခုလက်ရှိမှာတော့ နိုင်ငံခြားသားတွေပဲ အပ်သေးတယ်။ ဒီဝန်ဆောင်မှုက ခရီးသည်တွေကို အဆင်ပြေစေဖို့ အခုမှစပေးတာပါ"ဟု "Left Baggage Service"ကောင်တာမှတာဝန်ရှိသူကဆိုသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Left Baggage service ကို Terminal-1 ၏ဝင်ပေါက်(၇)တွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး အပ်နှံသည့် ပစ္စည်းအလေးချိန်များအလိုက် ဝန်ဆောင်ခသည် တစ်ရက်လျှင် ၃၀၀၀ ကျပ်မှ ၁၅၀၀၀ကျပ်အထိ ကျသင့်မည်ဖြစ်ကြောင်းသိရသည်။

လေဆိပ်တွင် ပစ္စည်းအပ်နှံရာ၌ အပေါ်စားလက်ဆောင်ပစ္စည်းများအတွက်သုံးထောင်ကျပ်ကို ဝန်ဆောင်ခပေးရမည်ဖြစ်ပြီး ၁၀ကီလိုဂရမ်အောက်နှင့်ပစ္စည်းများအတွက် ၆၀၀၀ ကျပ်၊ ၁၀ ကီလိုဂရမ်နှင့် အထက်ပစ္စည်းများအတွက် ၁၀,၀၀၀ ကျပ်၊ ၃၀ ကီလိုဂရမ်နှင့်အထက်ပစ္စည်းများအတွက် ၁၅,၀၀၀ ကျပ်ကျသင့်မည်ဖြစ်ပြီး မည်သည့်ခရီးသည်မဆို ပစ္စည်းများကိုအပ်နှံနိုင်မည်ဖြစ်သည် ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးဆောင်အိတ်နှင့်ပစ္စည်းအပ်နှံခြင်းကို ၂၄ နာရီဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ပစ္စည်းအပ်နှံရမည့်သက်တမ်းကို ရက် ၃၀ထိသာ လက်ခံမည်ဖြစ်၍ အဆိုပါရက်ကျော်လွန်အပ်နှံသည့်ပစ္စည်းများကို တာဝန်ယူမည်မဟုတ်ကြောင်း အဆိုပါဝန်ဆောင်မှုကောင်တာထံမှသိရသည်။

မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သည် All Nippon Airways (ANA) flight NH813 ဖြင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှ ရန်ကုန်သို့ရောက်ရှိလာသော ၂၀၁၈ ခုနှစ်၏ ငါးသန်းမြောက်ခရီးသည်ကို နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကြိုဆိုနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ၁၃ရက်နေ့တွင် တရုတ်နိုင်ငံမှ စတင်ချိတ်ဆက်ပျံသန်းခဲ့သော Sichuan Airlines အပါအဝင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (၃၁)လိုင်းအထိ ချိတ်ဆက်ပျံသန်းလျက်ရှိသည်။ ယခင်က နိုင်ငံတကာခရီးစဉ်ပေါင်း ၂၁ခု ချိတ်ဆက်ပျံသန်းခဲ့ရာမှ ယခုအခါ နိုင်ငံတကာခရီးစဉ်ပေါင်း ၂၈ မြို့အထိတိုးချဲ့ပျံသန်းပေးလျက်ရှိပြီး ပြည်တွင်းလေကြောင်းလိုင်းခုနစ်လိုင်းကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

Transcom

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
LUCKY BONUS
Up to
150%
For Data
အစီအစဉ်တွင်ပါဝင်ရန် *700# ကိုဖုန်းခေါ်ဆိုလိုက်ပါ
E-topup
MPT 4U App
E-topup သို့မဟုတ် MPT4U App မှ တစ်ဆင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပါက အင်တာနက် အသုံးပြုနိုင်သော Lucky Bonus ငွေဖြည့်လက်ဆောင်များ ရရှိနိုင်မည်ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

ဧရာဝတီတိုင်းဒေသကြီး တံတားလေးစင်းပြုပြင်ချိန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇက်ရေယာဉ် များဖြင့်ပြေးဆွဲပေးမည်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်ဧပြီလအတွင်းအဓိကတံတားတစ်စင်းဖြစ်သော မြောင်းမြကြိုးတံတားကျိုးကျသွားပြီးနောက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိကြိုးတံတားလေးစင်းဖြစ်သော လပွတ္တာကြိုးတံတား(ပင်လယ်လေး)၊ ဝါးခယ်မကြိုးတံတား၊ ရွှေလောင်းကြိုးတံတားနှင့် ကျွန်းကုန်းကြိုးတံတားတို့အားအကြီးစားတည်ဆောက်ပြုပြင်မှုများပြုလုပ်သွားမည်ဖြစ်ရာ တံတားတည်ဆောက်နေချိန်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဇက်ရေယာဉ်များဖြင့် ခရီးသည်များနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များအား သတ်မှတ်နှုန်းထားအတိုင်းပေးဆောင်ကာ ဖြတ်သန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"ဧရာဝတီတိုင်းဒေသကြီးက မြောင်းမြကြိုးတံတားကျိုးကျသွားတာကို နမူနာယူပြီးနောက်ထပ်ကြိုးတံတားတွေအလားတူမဖြစ်စေဖို့အတွက် နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ပြည်ပပညာရှင်တွေပါဝင်ပြီး အရည်အသွေးစစ်ဆေးမှုများပြုလုပ်တဲ့အခါမှာ လတ်တလောကြိုးတံတားလေးစင်းတည်ဆောက်ပြုပြင်ရမယ့် အခြေအနေဖြစ်ပေါ်နေပါတယ်။ ဒီလိုပို့ဆောင်နေစဉ်ကာလမှာကုန်စည်စီးဆင်းမှုမပြတ်တောက်စေဖို့ ပြည်တွင်းရေကြောင်းဌာနမှာရှိတဲ့ဇက်ကူးတို့ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးဖို့စီစဉ်ထားပါတယ်"ဟုပြည်တွင်းရေကြောင်းပို့ဆောင်ရေး မှ ဦးဝင်းကိုအောင်ဒုတိယအထွေထွေမန်နေဂျာ(ပို့ဆောင်ရေး)ကပြောသည်။

၎င်းကြိုးတံတားလေးစင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှဒီဇင်ဘာလလယ်ပိုင်းမှစတင်၍ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်သည်။ လပွတ္တာတံတား(ပင်လယ်လေး)၊ ဝါးခယ်မတံတား၊ ရွှေလောင်းတို့၌နေ့စဉ်ဖြတ်သန်းရသောယာဉ်များ၊ ခရီးသွားပြည်သူများသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဇက်ကူးတို့ရေယာဉ်များဖြင့်သတ်မှတ်နှုန်းထားအတိုင်းပေးဆောင်ကာ ဖြတ်သန်းရမည်ဖြစ်သည်။ အဆိုပါတံတားလေးစင်းကိုတစ်နှစ်အတွင်းတစ်ပြိုင်တည်းအပြီးတည်ဆောက်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ဌာနပိုင်ဇက်ရေယာဉ် ၂၈ စင်းရှိပါတယ်။ ဒီထဲကနေပြီးသွားလာမှုများပြားတဲ့ လပွတ္တာတံတားကိုဇက်ရေယာဉ် 110(ဇက်ကြီး)တစ်စင်း၊ ဝါးခယ်မတံတားကိုဇက်ရေယာဉ် 102(ဇက်ကြီး)တစ်စင်းပြေးဆွဲပေးမှာဖြစ်ပါတယ်။ ကျွန်းကုန်းတံတားကို အသစ်တည်ဆောက်ပေးမှာဖြစ်လို့ လက်ရှိတံတားကို ဆက်လက်အသုံးပြုပြီး ဇက်ရေယာဉ်အသုံးပြုစရာမလိုပါဘူး။ တံတားသုံးစင်းအတွက်ပဲဇက်ရေယာဉ်တွေတံတားတစ်စင်းကိုတစ်စင်းနှုန်းဖြင့် ပြေးဆွဲပေးမှာဖြစ်လို့ ပို့ဆောင်ထားပြီးဖြစ်ပါတယ်။ တံတားများတည်ဆောက်ရေးစတင်ဆောင်ရွက်နေပြီးဖြစ်လို့ ဒီဇင်ဘာလလယ်မှာ စတင်ပြေးဆွဲသွားမည်ဖြစ်ပါတယ်"ဟု ဦးဝင်းကိုအောင်ကဆိုသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် မြောင်းမြကြိုးတံတားပြုပြင်နေစဉ်ကာလအတွင်း ဇက်ရေယာဉ်ကူးခများကိုနိုင်ငံတော်၏ အထူးအစီအစဉ်တစ်ရပ်အရ အခမဲ့ဆောင်ရွက်ပေးခဲ့သော်လည်း ယခုတံတားသုံးစင်းတွင်ဇက်ရေယာဉ်ကူးခများကို ကျပ် ၅၀၀ မှစ၍ယာဉ်အမျိုးအစားကိုလိုက်ပြီး ကျပ် ၁၀၀၀၀ အထိကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါတံတားလေးစင်းကို တစ်နှစ်အတွင်းတစ်ပြိုင်တည်းအပြီးတည်ဆောက်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဘုန်းပိုင်ဦး

ရန်ကုန်-ဒလမြစ်ကူးတံတား လာမည့်နှစ်ဆန်း၌ တည်ဆောက်ရေးလုပ်ငန်းများစတင်မည်

ကိုရီးယား-မြန်မာချစ်ကြည်ရေးအနေဖြင့်တည်ဆောက်မည့် ရန်ကုန်-ဒလမြစ်ကူးတံတားစီမံကိန်းကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီတွင် တည်ဆောက်ရေးလုပ်ငန်းများစတင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၄ရက်တွင်ဆောက်လုပ်ရေးဝန်ကြီးဌာနက ဒလမြို့နယ်၌ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲမှသိရသည်။

ယခင်က ရန်ကုန်-ဒလမြစ်ကူးတံတားစီမံကိန်းကို ဒီဇင်ဘာလ ၁ရက်တွင် ပန္နက်ရိုက်အခမ်းအနားကျင်းပရန်စီစဉ်ထားသော်လည်း ကိုရီးယားနိုင်ငံသံအမတ်ကြီးမှ ကိုရီးယားနိုင်ငံသို့ပြန်ရန်အရေးကိစ္စရှိသဖြင့် ဒီဇင်ဘာ ၂၃ရက် တွင်ပန္နက်ရိုက်အခမ်းအနားကျင်းပမည်ဖြစ်ကြောင်း အဆိုပါရှင်းလင်းပွဲမှသိရသည်။

ယခုကဲ့သို့ ရွှေ့ဆိုင်းလိုက်ရခြင်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ကောင်းချိုက "ကိုရီးယားနိုင်ငံသံမတ်ကြီးကသူ့နိုင်ငံကို ဒီဇင်ဘာပထမတစ်ပတ်မှာပြန်ဖို့အရေးကိစ္စရှိလို့ ဒလမြစ်ကူးတံတားတည်ဆောက်ရေးပန္နက်ရိုက်အခမ်းအနားကို ရွှေ့ဆိုင်းဖို့မေတ္တာရပ်ခံတာကြောင့် ဒီဇင်ဘာ ၂၃ရက်ကိုရွှေ့ဆိုင်းရတာဖြစ်ပါတယ်" ဟုဆိုသည်။

ရန်ကုန်-ဒလမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းကို ကိုရီးယားနိုင်ငံမှ ချေးငွေအမေရိကန်ဒေါ်လာ ၁၅၇ဒသမ ၈၃၃သန်း မြန်မာနိုင်ငံဘက်မှထည့်ဝင်ငွေအမေရိကန်ဒေါ်လာ၃၀ဒသမ၃၄၁သန်းစုစုပေါင်းအမေရိကန်ဒေါ်လာ၁၈၈ဒသမ၁၇၄သန်းဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီးရန်ကုန်ဒလမြစ်ကူးတံတား၏ ပင်မတံတားပုံစံအားအပြီးသတ်အတည်ပြုပြီးဖြစ်၍ ကိုရီးယားအကြံပေးကုမ္ပဏီကတည်ဆောက်မည့်တံတားပုံစံသစ်၏စိတ်ကူးဒီဇိုင်းပုံစံအားရေးဆွဲပြီးဖြစ်ကာ တံတားဒီဇိုင်းအသေးစိတ်ရေးဆွဲမှုမှာ မကြာခင်ပြီးစီးမည်ဟုသိရသည်။

ကိုရီးယား-မြန်မာချစ်ကြည်ရေးအနေဖြင့် တည်ဆောက်မည့် ရန်ကုန်-ဒလမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်း၏ ပင်မတံတားပုံစံကို ရေလမ်းကင်းလွတ်အမြင့်၄၉မီတာနှင့် အကျယ်၃၇၀မီတာထားရှိရန် အပြီးသတ်သဘောတူညီမှုရရှိခဲ့ပြီး ပင်မတံတားပုံစံကို ကိုရီးယားအကြံပေးကုမ္ပဏီမှ ရေးဆွဲနေခြင်းဖြစ်သည်။ ရန်ကုန်-ဒလမြစ်ကူးတံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကကန့်ကွက်ခြင်းမရှိဘဲဆိပ်ကမ်းလုပ်ငန်းများအားထိခိုက်မှုမရှိသည့် တံတားပုံစံတည်ဆောက်ရန်သာ အကြံပြုခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ဇွန်၁၁ရက်တွင်သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ရှင်းလင်းပြောကြားခဲ့သည်။

Transcom

Linux System Administration Course သင်တန်းဖွင့်ပွဲအခမ်းအနား

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းတွင် ဝန်ကြီးဌာနဝက်ဆိုက်၊ ဒေတာစင်တာနှင့် ရုံးသုံးပရိုဂရမ်များတွင် အသုံးများသည့် Open Source Linux Operating System Administration Course (ဒုတိယအကြိမ်) သင်တန်းဖွင့်ပွဲအခမ်းအနားတို့ကို ယနေ့ နေပြည်တော်၊ ရုံးအမှတ်(၂)တွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။

Linux System Administration Course (ဒုတိယအကြိမ်) သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၁၅)ခုမှ သင်တန်းသား(၃၀)ဦးဖြင့် (၂၆. ၁၁. ၂၀၁၈)ရက်နေ့မှ (၇. ၁၂. ၂၀၁၈)ရက်နေ့အထိ (၁၀)ရက်ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်း၊ ကျောင်းအုပ်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဌေးနှင့် ဌာနမှတာဝန်ရှိသူများတက်ရောက်ခဲ့ပြီး သင်တန်းကျောင်း၊ ကျောင်းအုပ်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်းသိရှိရသည်။

သန္တာမောင်-ITCS

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ် TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ
ဦးနီအောင်
စာတည်းမှူးချုပ်
မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ
နေလင်း
ငွေစာရင်းအရာရှိ
ကျော်သူရ

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်
စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ဇင်ဘိုထွန်း
သတင်း (ရထား)
အောင်ဆန်းဦး
စာပြင်
ဆုဆုစန္ဒီဇော်

စာတည်း
တင်မောင်
အိမ်စည်
သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်
သတင်း (ဆက်သွယ်ရေး)
လှမျိုး
ကာတွန်းသရုပ်ဖော်
မောင်တင်ယု

သတင်းထောက်
ဘုန်းပိုင်ဦး
စိုးသူ
ကွန်ပျူတာ
နိုင်ယုသွယ်
မင်းခန့်ဇော်
အောင်ကောင်းဆက်
မေသဥ္ဇာဌေး
ထက်လှိုင်ဦး

ထုတ်ဝေသူ
နီအောင်
၀၀၄၉၆
ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃
ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာ များအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

တိုက်တည်နေရာ- ၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်) ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃၊
email-thetransportnews@gmail.com

ကြော်ငြာများထည့်သွင်းလိုပါက- ဖုန်း၊ ၀၁-၈၆၁၀၁၉၁၊ ၀၉-၄၂၀၁၃၆၆၇

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

ယာဉ်လိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်ပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အောက်ဖော်ပြပါမြို့နယ်များဖြစ်သော နေပြည်တော်တပ်ကုန်းမြို့၊ ကချင်ပြည်နယ် ဝိုင်းမော်၊ ဟိုပင်၊ ရွှေကူမြို့များ၊ ကယားပြည်နယ် ရှားတောမြို့၊ ကရင်ပြည်နယ် လှိုင်းဘွဲ့၊ ခလယ်တံခွန်တိုင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ကန့်ဘလူ၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့များ၊ ပဲခူးတိုင်း ဒေသကြီး၊ ညောင်လေးပင်၊ ပန်းတောင်း၊ ကြို့ပင်ကောက်မြို့များ၊ မကွေးတိုင်းဒေသကြီးရှိ ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ စေတုတ္တရာ၊ အောင်လံ၊ မင်းတပ်၊ ဆင်ပေါင်ဝဲ၊ မတူပီမြို့များ၊ မန္တလေးတိုင်းဒေသကြီးရှိ မတ္တရာ၊ သာစည်၊ ပျော်ဘွယ်မြို့များ၊ မွန်ပြည်နယ်ရှိ ပေါင်၊ ချောင်းဆုံမြို့များ၊ ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်တောမြို့များ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ထန်းတပင်၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာမြို့များ၊ ရှမ်းပြည်နယ်ရှိ ရပ်စောက်၊ ပင်းတယ၊ နမ့်ခမ်း၊ နမ္မတူ၊ မိုင်းဖြတ်မြို့များ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ မြန်အောင်၊ ကြံခင်း၊ ဘိုကလေးမြို့များတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့်ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်းသိရသည်။

ဘုန်းပိုင်ဦး

မမှ မေ့ကျန်ခရီးဆောင်အိတ်ပိုင်ရှင်ရှာ ပြန်လည်ပေးအပ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ တိုင်းအမှတ် (၉)အတွင်း ဒီဇင်ဘာ (၆)ရက်က အမှတ် (၁၈၁)အဆန်၊ အမြန်ရထားတွင် ဟသ်ာတဘူတာနှင့် ဒိုက်ပျက်ဘူတာအကြား လက်မှတ်စစ်အဖွဲ့ (၄)မှ လိုက်ပါစစ်ဆေးနေစဉ် တွဲအမှတ် (၂)၊ ခုံအမှတ် (၅၈) ရိုးရိုးတန်းဌ်ခရီးဆောင်အိတ်အနက်ရောင်တစ်လုံး တွေ့ရှိရကြောင်းသိရသည်။

တွေ့ရှိရသည့်မေ့ကျန်အိတ်အား တာဝန်ကျလက်မှတ်စစ်များနှင့်လက်မှတ်စစ်အုပ်တို့မှ မန်နေဂျာ (သွားလာရေး၊ တိုင်း)ဟသ်ာတသို့ အချိန်နှင့်တပြေးညီသတင်းပို့ပြီး ပစ္စည်းပိုင်ရှင်အားဆက်သွယ်ရှာဖွေခဲ့ရာ လှည်းဆိပ်– ဒိုက်ပျက်လက်မှတ် အမှတ် (၄၃၅၃)ကိုင်ဆောင်လိုက်ပါစီးနင်းလာသော ဒေါ်ကြည်မြင့် အသက် (၇၆)နှစ် (ဘ) ဦးဖိုးစော၊ ဆေးရုံအနီး၊ ဒိုက်ပျက်ကျေးရွာနေသူ၏ အိတ်ဖြစ်ကြောင်းသိရပြီး အိတ်အတွင်းတွင် (ရွှေဆွဲကြိုး (၂)ကုံး၊ နားကပ်တစ်ရံ) တန်ဘိုးကျပ် (၉၀၀၀၀)ခန့်နှင့် ငွေသားရောရာ (၂၆၀၀၀) ကျပ်တို့ပါရှိကြောင်းနှင့် ပိုင်ရှင်ထံပြန်လည်အပ်နှံပေးခဲ့ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးသတင်းဂျာနယ်မှ ဂုဏ်ပြုဖော်ပြလိုက်ပါသည်။

ကျော်ကျော်

Myanmar National Satellite အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂) နေပြည်တော်တွင် နိုဝင်ဘာ ၂၆ ရက်နေ့နံနက်ပိုင်းက Myanmar National Satellite အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ မြန်မာဂြိုဟ်တုစနစ်ဆိုင်ရာနည်းပညာဆပ်ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆပ်ကော်မတီဝင်များ၊ ထရန်စပွန်ဒါငှားရမ်းရေး ဆပ်ကော်မတီဝင်များတက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက်နေ့ကစတင်ဖွင့်လှစ်ကျင်းပခဲ့ပြီး၊ မြန်မာနိုင်ငံဂြိုဟ်တုစနစ်တည်ထောင်ရေး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ်မှ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲဆောင်ရွက်ရခြင်းအကြောင်းအရင်းကို ရှင်းလင်းတင်ပြပြီး၊ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်ဖြစ်ပေါ်ရေးအတွက်၊အလုပ်ရုံဆွေးနွေးပွဲမှ ရလာဒ်ကောင်းများ ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံဂြိုဟ်တုစနစ်ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နေရာဒေသမရွေး ဆက်သွယ်မှုကိုအချိန်နှင့်တစ်ပြေးညီရရှိနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါတွင်လည်း လွယ်ကူလျင်မြန်စွာ ပြန်လည်ဆက်သွယ်မှုရရှိနိုင်ကြောင်း ပြောကြားသွားခဲ့သည်။

ထို့နောက် ပြင်သစ်နိုင်ငံအခြေစိုက် Thales Alenia Space France ကုမ္ပဏီမှ Mr. Ronald Massard က မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် အကောင်အထည်ဖော်ရေးအတွက် ထိရောက်သောအကြံဉာဏ်နှင့် အကူအညီများပေးနိုင်စေရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်သောရလာဒ်ကောင်းများကိုအမြန်ဆုံး ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက်အာကာသဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စများအပြင် စီးပွားရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်မှကုန်ကျစရိတ်အနည်းဆုံးဖြစ်သော PPP (Public Private Partnership) စနစ်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် Mr. Philippe Poire မှနည်းပညာဆိုင်ရာကိစ္စများဖြစ်သော Broad Band Broadcasting နှင့် e-Services များအကြောင်း ရှင်းလင်းပြောကြားခဲ့ရာတွင် တက်ရောက်လာကြသောကော်မတီဝင်များက ပြန်လည်မေးမြန်းခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါနေ့ ညနေ ၄း၃၀နာရီတွင် အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

လှမျိုး - ဆ.သ.ရ

မကွေးတိုင်းအတွင်း ပထမဦးစားပေးကမ်းပြိုကာကွယ်ရေးလုပ်ငန်း၁၆ခုကို ငွေကျပ်သန်းသုံးထောင်ကျော်သုံးစွဲဆောင်ရွက်မည်

မကွေးတိုင်းဒေသကြီးအတွင်း ပထမဦးစားပေးကမ်းပြိုကာကွယ်ရေးလုပ်ငန်း၁၆ခုကို ယခု၂၀၁၈– ၂၀၁၉ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း သုံးထောင်ကျော်ဖြင့်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

"တိုင်းဒေသကြီးအတွင်းပထမဦးစားပေးကမ်းပြိုကာကွယ်ရေးလုပ်ငန်း၁၆ခုကို တိုင်းဒေသကြီးဘတ်ဂျက်နဲ့ ငွေကျပ်သန်း ၃၁၃၆ ဒသမ ၇၅သန်းသုံးစွဲပြီး၂၀၁၈– ၂၀၁၉ဘဏ္ဍာရေးနှစ်အောက်တိုဘာလမှ လာမည့်စက်တင်ဘာလအထိလုပ်ငန်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့မိုးတွင်းကာလ မြစ်ရေချောင်းရေတိုက်စားခံရမှုကြောင့် ကမ်းပါးများပြိုကျပြီး လယ်ယာမြေများ၊ ကျေးရွာများ၊ လူနေအိမ်များ ဆုံးရှုံးနစ်နာမှုလျော့နည်းစေရေးအတွက် ယခုလိုဦးစားပေးဆောင်ရွက်ခြင်း ဖြစ်ပါတယ်" ဟုမကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ကပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း၂၀၁၇– ၂၀၁၈ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ငန်းတစ်ခု၊ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ငန်း (၁၈)ခု၊ တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေဖြင့် လုပ်ငန်း(၂)ခု ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေဖြင့်လုပ်ငန်း(၁)ခု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးရန်ပုံငွေဖြင့်လုပ်ငန်း(၂)ခု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့်လုပ်ငန်း(၃)ခု၊ စုစုပေါင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၂၇)ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း၄၅၃၈ ဒသမ ၇၅၃ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Transcom

ရန်ကုန်မှ ညောင်ဦးအကြား ရေလမ်းတွင် (၂၄)နာရီ ရေလမ်းပြအမှတ်အသားများ တပ်ဆင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျှက်ရှိ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် "ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း (AIRBN Project) အား အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည်။ စီမံကိန်းအပိုင်းခွဲ(၃) (Component 3) အနေဖြင့် ဧရာဝတီမြစ်အတွင်း လုံခြုံစိတ်ချရသော ရေလမ်းရရှိရေးအတွက် ရေလမ်းတိုင်းတာစစ်ဆေးခြင်း (Channel Surveying)၊ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (River Training Works) နှင့် (၂၄)နာရီရေလမ်းပြအမှတ်အသားများ (Aids to Navigation) တပ်ဆင်ခြင်းတို့အား ဆောင်ရွက်လျှက်ရှိပါသည်။

ထို့သို့ဆောင်ရွက်ရာတွင် မန္တလေးမှ ညောင်ဦးအထိ ရေလမ်းပြအမှတ်အသား တပ်ဆင်ခြင်းအား ယခုလအတွင်း ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ညောင်ဦးမှရန်ကုန်အထိ (၂၄)နာရီ ရေလမ်းပြအမှတ်အသားများ တပ်ဆင်နိုင်ရေးအတွက် ဌာနမှတာဝန်ရှိသူများသည် နိုင်ငံတကာမှ ပညာရှင်များနှင့်အတူ ကွင်းဆင်းဆောင်ရွက်လျှက်ရှိသည်။

၂၀၁၈ခုနှစ်၊ အောက်တိုဘာ (၁၃)ရက်မှ (၁၅)ရက်နေ့အထိ ညောင်ဦးမြို့မှ ပြည်မြို့အထိရေလမ်းအလျား (၃၅၀)ကီလိုမီတာအား ကွင်းဆင်းစစ်ဆေးခဲ့ပြီးနောက်၊ အကြမ်းဖျင်းလိုအပ်မည့် အရေအတွက်အားခန့်မှန်းတွက်ချက်နိုင်ခဲ့ပြီး ယခုအခါပြည်မြို့မှ ရန်ကုန်မြို့အထိရေလမ်းအလျား (ပြည်–ညောင်တုန်း– မအူပင်– တွံတေးတူးမြောင်း) (၃၉၀) ကီလိုမီတာနှင့် ညောင်တုန်း– ထန်းတပင်–ရန်ကုန်) ရေလမ်းအလျား(၉၅)ကီလိုမီတာတို့တွင် လိုအပ်မည့် Buoy အရေအတွက်၊ အမျိုးအစားများ၊ ဒီဇိုင်းများ၊ မြစ်ကြောင်းစီးဆင်းမှုများအား လေ့လာတွက်ချက်နိုင်ရန်အတွက် ဒီဇင်ဘာလ(၁၀)ရက်နေ့မှ (၁၄) ရက်နေ့အထိ ကွင်းဆင်းဆောင်ရွက်ကြမည်ဖြစ်သည်။

ကွင်းဆင်းစစ်ဆေးစဉ်တွင် ဧရာဝတီမြစ်၏ အနေအထား၊ ဒီရေအတက်အကျနှင့် မြစ်ကြောင်းစီးဆင်းမှုများအလိုက်ဆောင်ရွက်သင့်သော Buoy Type, Anchor, Lantern စသည်တို့အား တွက်ချက်မည်ဖြစ်ကြောင်းသိရပါသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မှမန္တလေးအထိ (၂၄)နာရီရေလမ်းပြအမှတ်အသားများ တပ်ဆင်ခြင်းလုပ်ငန်းများအား (၂၀၂၀)ခုနှစ်အတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တင်မောင် (ပို့/ဆက်)

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း သင်တန်းများ ဖွင့်ပွဲကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ အောင်ဆန်းခန်းမ၌ ဒီဇင်ဘာ ၃ရက်၊ နံနက် ၈နာရီခွဲက အခြေခံစာရေးကွန်ပျူတာ (အထူးပြု)သင်တန်းအမှတ်စဉ် (၄၃/၂၀၁၈)၊ Networking course သင်တန်းအမှတ်စဉ် (၁/၂၀၁၈)၊ ယာဉ်မောင်းနည်းပြအသိအမှတ်ပြုသင်တန်းအမှတ်စဉ် (၅/၂၀၁၈) နှင့် စာတိုက်မှူးနှင့် စာတိုက်ငွေစာရင်းသင်တန်းအမှတ်စဉ် (၉/၂၀၁၈) သင်တန်း (၄)ခုဖွင့်ပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးကိုယ်စား ဒေါ်ခင်သီတာမင်း (ညွှန်ကြားရေးမှူး၊ စီမံ) မှ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မြန်မာ့စာတိုက်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစောထူးသာ တက်ရောက်ခဲ့သည်။

သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၉၉) ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်

ရန်ကုန်မြစ်အတွင်း အကြီးစားသောင်တူးလုပ်ငန်းများအား ခေတ္တရပ်နားထား

ရန်ကုန်မြစ်အတွင်း အကြီးစားသောင်တူးလုပ်ငန်းဆောင်ရွက်နေသည့် သင်္ဘောဆိပ်အပြင်ထိန်းသိမ်းရေးလုပ်ငန်းများပြုလုပ်နေသဖြင့် သောင်တူးဖော်ခြင်းအား ခေတ္တရပ်ထားကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရရှိသည်။

ရန်ကုန်မြစ်အတွင်း အကြီးစားသောင်တူးဖော်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုဆောင်ရွက်နေခြင်းဖြစ်ပြီး လုံလောက်သည့်ရေအနက်ရရှိရန် ပုံမှန်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် လက်ရှိတွင်သောင်တူးသင်္ဘောပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်နေသဖြင့် လုပ်ငန်းခေတ္တရပ်နားထားခြင်းဖြစ်ကြောင်း သတင်းရရှိရသည်။

"ရန်ကုန်မြစ်အတွင်း အကြီးစားသောင်တူးလုပ်ငန်းက Star High Asia Pacifi Ltd နဲ့ ငါးနှစ်စာချုပ်ချုပ်ပြီး တူးဖော်နေတာဖြစ်လို့ လုံလောက်တဲ့ရေအနက်ရအောင် သောင်တူးလုပ်ငန်းကို ပုံမှန်ပြုလုပ်သွားမှာပါ။ အခုထိတော့ အပြင်စည်းခုံနေရာမှာ လေးမီတာအနက်ထိ ရရှိပြီးဖြစ်လို့ ရေလမ်းကြောင်းတည်ငြိမ်နေပါပြီ။ အခုလောလောဆယ်တော့ သောင်တူးသင်္ဘော ပြုပြင်ထိန်းသိမ်းမှုတွေလုပ်ဖို့အတွက် သောင်တူးဖော်တာကို ခေတ္တရပ်နားထားပါတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေကြောင်းမှူးချုပ်ဦးအောင်ကျော်ထူးက ပြောကြားသည်။

အဆိုပါ သောင်တူးလုပ်ငန်းဆောင်ရွက်ရန်တင်ဒါအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တင်ဒါခေါ်ယူခဲ့ပြီး Star High Asia Pacifi Ltd က တင်ဒါအောင်မြင်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့်စာချုပ်ကာ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါစာချုပ်အရ တင်ဒါအောင်ကုမ္ပဏီက သင်္ဘောငှါးရမ်းခေါ်ယူကာ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပြီး တစ်နှစ်စာ စာချုပ်အရ လုပ်ငန်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၄ ဒသမ၉၅သန်း ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။ Transcom

မန္တလေးရေကြောင်းကောင်းမွန်ရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကွန်ကရစ်ဆူးချခြင်းများ ဆောင်ရွက်မည်

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းမှ စီမံကိန်းလုပ်ငန်းစဉ်(၃)တွင်ပါဝင်သော ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် မန္တလေးရေလမ်းကြောင်းကောင်းမွန်ရေးအတွက် စစ်ကိုင်း–မင်းကွန်းရေလမ်းဧရိယာအတွင်း ကွန်ကရစ်ဆူးချခြင်းများဆောင်ရွက်သွားမည်ဖြစ်သည်။

မန္တလေးရေလမ်းကောင်းမွန်ရေးအတွက် ပြုပြင်ရမည့်အပိုင်းများအတွက် ကြိုတင်လေ့လာမှုများ အဆင့်ဆင့်ပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက လူထုတွေ့ဆုံဆွေးနွေးကာ ဒီဇိုင်းရွေးချယ်မှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ရေလမ်းကောင်းမွန်ရေးအတွက် ကမ်းပြိုကာကွယ်ရေးနေရာနှစ်ခုနှင့် ရေဝင်ပေါက်ဆို့ရန် မြစ်ကြမ်းပြင်ကွန်ကရစ်ဆူးချထားခြင်း၊ သောင်တူးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် မန္တလေးရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် စစ်ကိုင်း–မင်းကွန်းရေလမ်းဧရိယာအတွင်းကွန်ကရစ်ဆူးချခြင်းများဆောင်ရွက်ရန် လုပ်ငန်းအတွက်လိုအပ်သည့်ပစ္စည်းများကို တင်ဒါခေါ်ယူထားပြီး ယခုလအတွင်း ချထားဆောင်ရွက်ရန် စီစဉ်နေကြောင်းသိရသည်။

"မန္တလေးရေလမ်း ကောင်းမွန်ရေးလုပ်ငန်းက အထက်ဘက်မင်းကွန်းကနေပြီး အောက်ဘက်စစ်ကိုင်းအထိ မန္တလေးရေလမ်းကြောင်း တောက်လျှောက်ဖွံ့ဖြိုးဖို့အတွက် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကမ္ဘာ့ဘဏ်ချေးငွေနဲ့ဆောင်ရွက်မှာပါ။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အင်ဂျင်နီယာလုပ်ငန်းတွေကို Royal Haskoning ကုမ္ပဏီကနေလေ့လာပေးတယ်။ လူထုဆွေးနွေးပွဲတွေလုပ်ပြီး နည်းပညာဆိုင်ရာဖြေရှင်းချက်တွေအရ ရေလမ်းကြောင်းကောင်းမွန်အတွက် လက်ရှိရေမှာပေါက်တွေကို ရေမဝင်အောင်လုပ်ရမယ်။ ကမ်းထိန်းနံရံတည်ဆောက်တာကိုတော့ လုပ်ပြီးပြီ။ အခုလုပ်မယ့် ကွန်ကရစ်ဆူးချတာတွေကိုလည်း လုပ်မှာဖြစ်ပါတယ်။ ကွန်ကရစ်ဆူးတောင်တွေကို ညောင်ပင်သာရေပေါက်နဲ့ ခိုတောင်ရေပေါက်နေရာတွေမှာ ချထားမှာပါ" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းလုပ်ငန်း(၃)ဒါရိုက်တာ ဦးအောင်မျိုးခိုင်ကပြောသည်။

ရေလမ်းကောင်းမွန်ရန် ကမ်းပြိုကာကွယ်ရေးကမ်းထိန်းနံရံတည်ဆောက်ရေးအဖြစ် စစ်ကိုင်းနှင့် မင်းကွန်းကြားရှိ ကျွန်းဆင်ရေပေါက်၊ ညောင်ပင်သာရေပေါက်များအနီးတွင် ကမ်းထိန်းနံရံများတည်ဆောက်ခြင်းကို ဖေဖော်ဝါရီလအတွင်းကဆောင်ရွက်ခဲ့ပြီး ရေမှာပေါက်များတွင် ကွန်ကရစ်ဆူးချခြင်းများကို လုပ်ဆောင်နိုင်ရန်စီစဉ်နေခြင်းဖြစ်သည်။

တင်မောင်(ပို့၊ဆက်)၊အိမ်စည်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်လျက်ရှိသောယာဉ်များအား လုပ်ငန်းလိုင်စင်များအားယာဉ်တစ်စီး လုပ်ငန်းလိုင်စင်တစ်ခုခွင့်ပြုထုတ်ပေးလျက်ရှိရာမှ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း"လုပ်ကိုင်သူများသို့ထုတ်ပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်"စနစ်သို့ပြောင်းလဲသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ၅.၁.၂၀၁၆ ရက်တွင်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဥပဒေအရရေးဆွဲထားသည့်နည်းဥပဒေကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူခွင့်ပြုချက်အရဝန်ကြီးဌာနမှ ၅.၆.၂၀၁၈ရက်စွဲပါစာအမှတ်ရထ-၂/မလ(ဥပဒေ-ကညန)/၂၀၁၈(၁၅၅၂)ဖြင့်ထုတ်ပေးပြီးဖြစ်သည်။

သို့ဖြစ်၍ ယာဉ်တစ်စီးလုပ်ငန်းလိုင်စင်တစ်ခုထုတ်ပေးလျက်ရှိရာမှ လုပ်ငန်းလုပ်ကိုင်သူများသို့ထုတ်ပေးသည့်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို နေပြည်တော်၊ တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ရုံးများသည် ၁.၁.၂၀၁၉ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

Domestic Operator License ကို ၁.၁.၂၀၁၉ ရက်တွင်စတင်ထုတ်ပေးနိုင်ရေးအတွက် လက်ရှိထုတ်ပေးလျက်ရှိသည့်လုပ်ငန်းလိုင်စင်နှင့် ၂၀၁၉ခုနှစ် ဇန်နဝါရီလ ၁ရက်တွင် ပြောင်းလဲအသုံးပြုမည့်လုပ်ငန်းလိုင်စင်ဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်၍ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူယာရှိန်နှင့်တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။



မေး ။ ။ အစ်မတို့ဌာနအနေနဲ့ လက်ရှိဆောင်ရွက်ပေးနေတဲ့လုပ်ငန်းလိုင်စင်တွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။

ဖြေ ။ ။ (က)လုပ်ငန်းလိုင်စင်က ဥပဒေနဲ့လွတ်ကင်းတဲ့ကုန်စည်များကိုသယ်ဆောင်ခွင့်ပြုတာပါ။ ခရီးသည်တင်ဆောင်ခွင့်ပို့ဆောင်ခွင့်လုံးဝမရှိသလို သတ်မှတ်တန်ချိန်အတိုင်းတင်ဆောင်ရပါမယ်။ (ခ)လုပ်ငန်းလိုင်စင်ကတော့ ခရီးသည်ပို့ဆောင်ခွင့်ပါပဲ။ ခွင့်ပြုတဲ့ခရီးစဉ်၊ လူဦးရေ၊ အခန့်နန်းထားအတိုင်းသာပို့ဆောင်ခွင့်ရှိပါတယ်။ ခရီးသည်ပို့ဆောင်ရေးအသင်းများအနေနဲ့က အခြေစိုက်သဘောတူခွင့်ပြုချက်နဲ့ ပြည်နယ်ကျော်တိုင်းကျော် ခရီးစဉ်တွေဆိုရင်သက်ဆိုင်ရာပြည်နယ်၊ တိုင်း(ကရဖ)အဖွဲ့ကနေပြီးကန့်ကွက်ရန်မရှိကြောင်း သဘောတူချက်ရရှိမှ ခရီးစဉ်ပြေးဆွဲခွင့်ရှိပါတယ်။ (ဂ)လုပ်ငန်းလိုင်စင်ကျတော့ စင်းလုံးငှားTaxi ကနေဘုရားဖူးကားကြီးအထိ လုပ်ငန်းဆောင်ရွက်သူရဲ့တိုင်းအတွင်းလည်းရတယ်။ ပြည်နယ်ကျော်တိုင်းကျော်လည်းရမယ်။ သူတို့ဆန္ဒအရပေါ့။ (ဃ)လိုင်စင်ကတော့ နှစ်မျိုးရှိတယ်။ ရိုးရိုး (ဃ)ကျတော့ School Bus ၊ စက်ရုံကြိုပို့တွေ။ စာချုပ်ချုပ်ဆိုတဲ့ ပဋိညာဉ်စာချုပ်အရသယ်ယူပို့ဆောင်ရေးပေါ့။ (ဃ)လုပ်ငန်းလိုင်စင် အခြားဆိုတာကျတော့ နိုင်ငံခြားသားကြို/ပို့၊ ဥပမာအနေနဲ့ပြောရရင် Travel ကုမ္ပဏီနဲ့ နိုင်ငံခြားသားခရီးသွားတွေကိုပို့ဖို့ စာချုပ်ချုပ်လိုက်တယ်။ နိုင်ငံခြားသား သယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုလိုက်တယ်။ ယာဉ်နံပါတ်အပြာ နိုင်ငံခြားသားအကြိုအပို့ပေါ့။ (င)လုပ်ငန်းလိုင်စင်ကျတော့ ကိုယ်ပိုင်စီးပွားရေး။ သူကျတော့မိမိရဲ့ဆောင်ရွက်တဲ့လုပ်ငန်းနှင့်မိမိရဲ့ကိုယ်ပိုင်လုပ်ငန်း၊ မိမိရဲ့ကားနဲ့သယ်တာပေါ့။ ၂တန်နဲ့အောက်ကိုပဲ (င)ပေးတာပါ။ (က) (ခ) (ဂ) (ဃ) ထိကျတော့ အနီပေးတာပေါ့။ (င) ကျတော့ ၂တန်နဲ့အောက်ကို အမဲပေးတယ်။ (ဃ)အခြားလုပ်ငန်းလိုင်စင်ကအပြာရောင်ပေါ့။ (က)လုပ်ငန်းလိုင်စင်မှာ တိုင်းဒေသကြီးပြည်နယ်အားလုံး(သို့)တိုင်းအတွင်း ပိုင်ရှင်ဆန္ဒနဲ့လျှောက်ထားတဲ့ခရီးစဉ်ဖြစ်ရမယ်။ (ခ)လုပ်ငန်းလိုင်စင်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးပြည်နယ်ရဲ့ ဒေသကြီးကြပ်ကွပ်ကဲရေးအဖွဲ့ရဲ့သဘောတူညီခွင့်ပြုတဲ့ အပြန်အလှန်ခွင့်ပြုချက်ခရီးစဉ် (ဂ)လုပ်ငန်းလိုင်စင်ကပိုင်ရှင်ဆန္ဒနဲ့ ပြည်နယ်တိုင်းကျော်သွားချင်လည်းရတယ်။ တိုင်းအတွင်းလည်းရတယ်။ (ဃ)လုပ်ငန်းလိုင်စင်က ပဋိညာဉ်စာချုပ်နဲ့ ချုပ်ထားတဲ့အကုန်အကျုံးဝင်တယ်။ (င)လုပ်ငန်းလိုင်စင်မှာ ပိုင်ရှင်ဆန္ဒအရ ပြည်နယ်အားလုံးလည်းလျှောက်လို့ရတယ်။ တိုင်းအတွင်းလည်း လျှောက်လို့ရတယ်။

မေး။ ။ ၁.၁.၂၀၁၉ကစပြီး ပြောင်းလဲဆောင်ရွက်သွားမယ့်အနေအထားတွေကိုလည်းရှင်းပြပေးပါဦး။

ဖြေ။ ။ Domestic Operator License မှာ နည်းနည်းလေးထူးခြားတဲ့အချက်လေးက ဥပမာ-ဦးဖြူဆိုတဲ့ လူလာ လျှောက်မယ်ဆိုရင် လျှောက်တဲ့လူကိုက လုပ်ငန်းလုပ်

စာ- ၂၀ »

ပိုဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၁၂ - ၁၂ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

ကျွန်တော်သိသော တရုတ်ပြည်

ဇော်ငြိမ်းဦး (MPA)

မြန်မာနိုင်ငံသည် မဟာအင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားမှာ တည်ရှိသည့် နိုင်ငံတစ်ခုဖြစ်သည်။ ရှည်လျားသောသမိုင်းကြောင်းနှင့်အတူ ကောင်းမွန်သောဆက်ဆံရေးကိုလည်း နှစ်နိုင်ငံလုံးနှင့် ထိန်းသိမ်းထားနိုင်ခဲ့သည်။ မြစ်ဝါယဉ်ကျေးမှုနှင့် အိန္ဒုယဉ်ကျေးမှုများသည် မြန်မာနိုင်ငံတွင် ကာလရှည်ကြာစွာ ပျံ့နှံ့နေခဲ့သည်။ အိန္ဒိယနိုင်ငံသို့ပညာတော်သင်အဖြစ်သွားရောက်ခဲ့သည့်အခါ တရုတ်ပြည်သို့လည်းသွားရောက်လေ့လာလိုသည့်ဆန္ဒများ ပေါ်ပေါက်လာခဲ့သည်။ မိမိတို့ အိမ်နီးချင်းအင်အားကြီးနိုင်ငံတွေဖြစ်သည့် တရုတ်နှင့် အိန္ဒိယကိုလေ့လာသင်ယူဖို့ အခွင့်အရေးသည်မိမိအတွက် အိပ်မက်တစ်ခုဖြစ်ခဲ့ပြီး ဖိနတိုင်းအိပ်မက်သည်လက်တွေ့ဖြစ်လာသည်။

တရုတ်နိုင်ငံ၊ ဘေကျင်းသို့အောက်တိုဘာလ (၂၂) ရက်နေ့တွင်ရောက်သည်။ ၂၀၀၈ ခုနှစ်၊ ဘေကျင်းအိုလံပစ်အတွက် ရည်ရွယ်တည်ဆောက်ခဲ့သောလေဆိပ်အဆောက်အအုံသည် လန်ဒန်ဟီသရိုးလေဆိပ်အဆောက်အအုံငါးခုပေါင်းထက်ကြီး၏။ လာကြိုသည့်ဆက်ဆံရေးအရာရှိ၏ အလွဲကြောင့်မိမိတို့ အုပ်စုနှင့်ကွဲကာပုံမှန်ထွက်ပေါက်မှထွက်၍ မိမိအဖွဲ့နှင့် ပြန်ပေါင်းခဲ့ရသဖြင့် ဘေကျင်းလေဆိပ်ကိုလေ့လာဖို့ အခွင့်အရေးပိုရခဲ့သည်။ ကွန်ဒီနက်စ် ခရီးသွားလုပ်ငန်းက ကမ္ဘာပေါ်တွင်အကောင်းဆုံးလေဆိပ်ဟု ဆန္ဒမဲပေးထားသောလေဆိပ်လည်းဖြစ်သည်။ တောင်ကိုရီးယား အင်ချွန်းလေဆိပ်တွင်ရထားစီးဖူးသည်။ ဘေကျင်းလေဆိပ်တွင် မိမိအဖွဲ့နှင့်ပြန်ပေါင်းရန်ရထားခပ်ကြာကြာစီးခဲ့ရသည်။ လေဆိပ်ကျယ်ဝန်းပုံ၊ စနစ်တကျဆောင်ရွက်နေပုံတွေကို မြင်တွေ့ခွင့်ရခဲ့သည်။

ဘေကျင်းသည် ရှေးဟောင်းမြို့ဖြစ်သည်။ တရုတ်ပြည်ကိုမြောက်ဘက်မှ ဝင်တိုက်သောမွန်ဂိုများသည်ဤနေရာကိုသူတို့မြို့တော်အဖြစ် ပထမဆုံးသတ်မှတ်ခဲ့ကြသည်။ Yuan မင်းဆက်ကို တည်ထောင်သည့် ကူဗလိုင်ခန်က ၁၅ ရာစုအစပိုင်းကပင်ဘေကျင်းကို ထူထောင်ခဲ့သည်။ ဘေကျင်းဟူသော အမည်မှာမြောက်ဘက်ငြိမ်းချမ်းရေးဟုအဓိပ္ပာယ်ရ၏။ လမ်းဘေးတစ်ချက်တွင် မျိုးတူရာအလိုက် တအုပ်တမစနစ်တကျစိုက်ပျိုးထားသောစိမ်းစိုနေသော အပင်များကိုတွေ့ရသည်။ ဆောင်းဦးရာသီဖြစ်သဖြင့် အရွက်တွေကလည်းရောင်စုံခြယ်၍လှပနေသည်။ တချို့အစိမ်းရောင်၊ တချို့ကအဝါရောင်၊ တချို့ကနီကြာကြာနှင့် သက်ဝင်ဆီဆေးပန်းချီကား တစ်ချပ်လိုဖြစ်နေသည်။ လမ်းပိုင်းစနစ်တွေက ကောင်းမွန်သည်။ ပြည်သူလုံခြုံရေးအတွက် CCTV တွေကနေရာတိုင်းမှာရှိသည်။

လမ်းဘေးဝဲယာတစ်လျှောက် အရောင်စုံပြောင်းနေသည့်သစ်ရွက်များက ဘေကျင်းဆောင်းဦးကိုပိုမိုလှပစေသည်။ ကောင်းမွန်ကျယ်ပြန့်သော လမ်းပိုင်းများကဥရောပနိုင်ငံတွေထက်သာသည်။ လမ်းပေါ်တွင်တုတ်တုတ်၊ ဆိုင်ကယ်တို့နှင့် ရှုပ်ယှက်ခက်နေသော နယူးဒေလီမြင်ကွင်းနှင့်ကား အများကြီးကွာသည်။ လမ်းမကြီးဘေးတွင် ကျယ်ပြောခန့်ညားသည့် လူသွားပလက်ဖောင်းလမ်းနှင့် ဆိုင်ကယ်၊ စက်ဘီးတို့ဖြတ်သန်းသွားနိုင်အောင်ဆောက်ရွက်ထားသည်။ မှတ်မှတ်ရရအဖြစ် သတိထားမိသည်ကား လမ်းဘေးဝဲယာတွင် စနစ်တကျစိုက်ပျိုးထားသည့် အမျိုးတူရာစိမ်းလန်းသော နှစ်ရှည်ပင်များ၊ လမ်းလယ်ပန်းခံ

နှင့် လမ်းဘေးအပန်းဖြေနေရာတွင် ဝှားဝှားစွင့်စွင့်ဖူးပွင့်နေသော နှင်းဆီပန်းရောင်စုံများ၊ မိုးမျှော်တိုက်ကြီးများ၊ လမ်းတိုင်းနေရာတိုင်းရှိ CCTV များ လမ်းဆုံလမ်းခွဲရှိရွေ့လျားနိုင်သည့် 20× 20 သို့မဟုတ် 40× 40 အရွယ်ရှိရဲကင်းများ 360 ဒီဂရီစောင့်ကြည့်ကင်မရာများကိုတွေ့ရသောအခါ အကြမ်းဖက် ခြိမ်းခြောက်မှုများအတွက် အဆင်သင့်ပြင်ထားသည့် နယူးဒေလီ၏ရဲအတားအဆီးဂိတ်များ၊ ကာကီရောင်ယူနီဖောင်းနှင့် တုတ်ရှည်ကိုင်ထားသည့်ရဲများကိုပြန်အမှတ်ရစေသည်။ တခါတရံမြင်တွေ့ရသည့်ချပ်ဝတ်တန်ဆာအပြည့်အစုံဝတ် လက်နက်ကိုင်အစောင့်အရှောက်တွေကိုလည်း ဘေကျင်းတွင်မတွေ့ရ။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တစ်ခုဖြစ်သည့် မဟာတံတိုင်းသို့ သွားရောက်လည်ပတ်ခွင့်ရသည်။ အများသုံးအိမ်သာတွေကို သန့်သန့်ရှင်းရှင်းနှင့် စနစ်တကျဆောင်ရွက်ထားသည်ကို တွေ့ရသည်။ တံတိုင်းပေါ်မှနေ၍ တောင်စင်(၇)ထပ်ကိုလှမ်းမြင်နေရသည့် ရာသီဥတုကလည်း သာယာနေသဖြင့် စိတ်ချမ်းသာစရာကောင်းသည်။ အရင်ခေတ်ကစစ်သည်တွေ မိုးထဲရေထဲနှင်းထဲတွင် ဘယ်လိုနေထိုင်ခဲ့ကြသလဲတွေးမိသော် ရင်ထဲမကောင်း။ မဟာတံတိုင်းကြီးသည် မွန်ဂိုလီးယားအတွင်းပိုင်း၏ တောင်ဘက်နယ်စပ်တစ်လျှောက်ကို လခြမ်းပုံသဏ္ဍာန်ရစ်ပတ်ထားပြီး စုစုပေါင်း မိုင်ပေါင်း ၄၁၆၀ (၆၇၀၀ကီလိုမီတာ) အထိရှည်လျားပြီး ၇ ရာစုတွင်စတင်တည်ထောင်ကာမဟာတံတိုင်းတည်ထောင်မှုသည် ဘီစီ ၂၂၀-၂၀၆ တွင်ဧကရာဇ် Qin Shi Huang လက်ထက်တွင်ထင်ရှားခဲ့သည်။ ခံစစ်အတွက်တည်ဆောက်ခဲ့သလိုအခြားတစ်ဖက်တွင်လည်း ပိုးလမ်းမကြီး၏ကုန်စည်စီးဆင်းမှုများကိုကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်များပါဝင်ပါသည်။

ဘေကျင်း၏ မိုးကောင်းကင်ပျောက်ဆုံးမှု(သို့မဟုတ်) လေထုညစ်ညမ်းမှုကိုတော့ အောက်တိုဘာ ၂၄ ရက်နေ့ညနေပိုင်းတွင်တွေ့ရသည်။ ဆက်စပ်နေသည့် Hebei ပြည်နယ်စက်ရုံများမှ မီးခိုးမြူတွေကဘေကျင်းကောင်းကင်ယံမှာနေရာယူနေသည်။ ဘေကျင်းကလည်း လေထုညစ်ညမ်းမှုကို လျှော့ချဖို့အားတက်သရောလုပ်ဆောင်နေသည်။ ဘေကျင်းသည် ကျယ်ပြောခန့်ညားသည့်လူသွားစင်္ကြံများ၊ ခေတ်မီမြို့ပြများနှင့်ရိုးရာအမွေပေါင်းစပ်ထားသော မြို့တော်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ သံတမန်စသည်တို့ ဗဟိုပြုရာကမ္ဘာပေါ်တွင် လူဦးရေအများဆုံးမြို့များထဲမှ တစ်မြို့ဖြစ်သည်။ ယနေ့ဆိုလျှင် ဘေကျင်းတွင်ပြည်သူ ၂၂ သန်းနေထိုင်နေကြသည်။ တီယန်အန်မင် ရင်ပြင်ရှိသည်။ တားမြစ်ထားသော မြို့တော်လည်းရှိသည်။ ယခင်ဧကရာဇ်များ၏ ရောမနန်းတော်ရာဖြစ်သည်။ ဗုဒ္ဓအံတော်ရှိရာ Lingguang ဘုရားကျောင်းကိုလည်း သွားဖူးဖြစ်သည်။ တရုတ်၏ပြောင်းလဲမှုသည် အရှိန်အဟုန်နှင့် ပြောင်းလဲနေသည်။ စူပါပါဝါအဖြစ် ပြန်လည်ပေါ်ထွန်းလာခြင်းဟုပင်ဆိုနိုင်သည်။ ၁၈၀၀ ခုနှစ်အထိတရုတ်နိုင်ငံသည် ရာစုနှစ်များစွာကမ္ဘာပေါ်တွင် စီးပွားရေးအကြီးမားဆုံးနိုင်ငံဖြစ်ခဲ့ကာ အတတ်ပညာ၊ နည်းပညာလည်းခေတ်အမီဆုံးနိုင်ငံဖြစ်သည်။

ပထဝီနိုင်ငံရေးရှုထောင့်အရ တရုတ်သည်စူပါပါဝါနိုင်ငံတစ်ခုအဖြစ် ပထဝီတည်နေရာနှင့်မြေပြင်အနေအထား၊ ရှည်လျားသော ကမ်းရိုးတန်း၊ အင်အားကောင်းသောရေတပ်ကြီးတည်ဆောက်နိုင်ရန် ဖြည့်တင်းနိုင်သောလူဦးရေ၊ အမျိုးသားစရိုက်လက္ခဏာနှင့် အင်အားကြီးနိုင်ငံတစ်ခုဖြစ်ထိုက်သော အစိုးရ၏မူဝါဒ တိကျမှန်ကန်ပြတ်သားမှုရှိခြင်းနှင့် အင်အားတောင့်တင်းသော ခေတ်မီတပ်မတော်ရှိနေပြန်ပါတယ်။ နလုံးသား နယ်မြေသီအိုရီ (Heart Land Theory) တို့ကမ်းရိုးတန်းအနားသတ် နယ်မြေသီအိုရီ (Costal Peripheral Theory) တွေကို ငြင်းပယ်လိုက်တဲ့အဲလ်ဖရက်ဒ်သေယာမဟန်း၏ သဘောတရားအရပင်လယ်ပြင်အင်အားလွှမ်းမိုးမှု (Influence of Sea Power) သည်ကမ္ဘာ့သမိုင်း၊ တော်လှန်ရေးများ၊ စစ်ပွဲများနှင့်အင်ပါယာများ၏ အနိုင်အရှုံးကိုအဆုံးဖြတ်ပေးနိုင်သည်ဟူသော အယူအဆအရတရုတ်ရေတပ်၏ ပင်လယ်ပြာရေတပ်အဖြစ် စစ်အင်အားတိုးချဲ့တည်ဆောက်မှုများ၊ 001A ပုံစံပထမဆုံး လေယာဉ်တင်သင်္ဘောအား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ရေချခဲ့ပြီး၊ အာဖရိကဦးချိုဒေသဖြစ်သည့် Djibouti တွင်ရှိသည့် တရုတ်ရေတပ်စခန်းသည်လည်း မဟာဗျူဟာအရအရေးပါသည့်ပင်လယ်ရေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းတွင်တည်ရှိလျက်ရှိပါသည်။ တောင်ပင်လယ်အတွင်း လူလုပ်ကျွန်းများနှင့် လေယာဉ်ကွင်းအပါအဝင်အခြေစိုက်စခန်းများတည်ဆောက်မှုနှင့် ပုလဲဆက်သွယ်စီမံကိန်းများကတရုတ်၏ ရေတပ်အင်အားကိုပိုမိုခေတ်မီလာစေသည်။

ရှန်ရှီးပြည်နယ်၊ မြို့တော်စီအန်း (Xian) သို့ မြန်နှုန်းမြင့် (HSR) ရထားဖြင့် (၀၉၃၈)နာရီအချိန်က ထွက်ခဲ့ရာ (၁၅၃၅) အချိန်တွင် Xian သို့ရောက်သည်။ ပျမ်းမျှတစ်နာရီကို ၃၀၀ ကီလိုမီတာနှုန်းဖြင့်မောင်းသည်။ စာအရဆိုလျှင် မြန်နှုန်းမြင့်ရထားတစ်စီး၏ တစ်နာရီမိုင်နှုန်းသည် ၂၅၀-၃၅၀ ကီလိုမီတာရှိသည်။ ရထားတွင် သက်တောင့်သက်သာလိုက်ပါခွင့်ရသည်။ ခေတ်မီစိုက်ပျိုးမြေများ၊ ဝယ်သူကိုစောင့်နေသော မိုးမျှော်တိုက်များ၊ ကားထုတ်လုပ်သည့် မြို့များ၊ စသည့် ဘူတာစဉ်(၁၃) ခုခန့်ကိုဖြတ်သန်းသည်။ တရုတ်ဘူတာရုံတွေကသန့်ရှင်းသပ်ရပ်အဆင့်မြင့်သည်။ ရှုပ်ထွေးသည့် အိန္ဒိယရထားလမ်းကွန်ရက်ကို သတိရမိသည်။ နယူးဒေလီက ဘီဟာပြည်နယ် ဗုဒ္ဓဂါယာသို့အသွား အချိန်တိကျသည်ဆိုသော ပုဂ္ဂလိကရထားလိုင်း ရာဇဓာနီကိုစီးဖူးသည်။ အပြန်တော့ အစိုးရရထားလိုင်းမဟာဗောဓိဖြင့် နယူးဒေလီသို့ပြန်ဖူးသည်။ ၂ နာရီခန့်နောက်ကျသည်ကို ဆရာမကိုပြောဖြစ်တော့မင်းအဲ့ဒါကံကောင်းတယ်။ ငါ (၁၂) နာရီနောက်ကျဖူးတယ်ဟုပြန်ပြောရသည်အထိ အိန္ဒိယရထားပို့ဆောင်ရေးစနစ်က တရုတ်၏အနောက်တွင်အများကြီး ကျန်ခဲ့ပြီဖြစ်သည်။ တရုတ်ပြည်၏ စီးပွားရေးသည် ပြဇာတ်ဆန်ဆန်တိုးတက်နေသည်။ ကျယ်ပြန့်သော ဈေးကွက်ရှိသည့် (၁.၃)ဘီလီယံ လူဦးရေရှိသောဈေးကွက်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မက်လုံးများဖြင့်ဆွဲဆောင်လျက်

စာ - ၂၀ »

ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် Myanma Shipyards-MECC JV Co., Ltd. သည် လုပ်ငန်းရှင်များအပ်နှံကြသည့် သင်္ဘောများကို တာဝန်ယူတည်ဆောက်ပေးလျှက်ရှိရာ အဆိုပါ သင်္ဘောကျင်းသို့ရေအရင်းအမြစ်နှင့်မြစ်ချောင်းများတိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်း ရေကြောင်းပြအမှတ်အသားများချထားရာတွင် ယင်းရေကြောင်းပြအမှတ်အသား (Buoy)များကိုလိုအပ်သလို ပြောင်းရွှေ့ချထားနိုင်ရန်အတွက် သင်္ဘောတစ်စီးအပ်နှံထားပါသည်။ အဆိုပါသင်္ဘောတည်ဆောက်နေမှုအခြေအနေများနှင့် ပတ်သက်၍ သင်္ဘောကျင်းမှ အထွေထွေမန်နေဂျာ ဦးကျော်ကျော်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြပေးလိုက်ပါသည်။

ဦးကျော်ကျော်
အထွေထွေမန်နေဂျာ

မေး။ ။ ဆရာတို့သင်္ဘောကျင်းမှာ လက်ရှိတည်ဆောက်နေတဲ့သင်္ဘောအကြောင်းရှင်းပြပေးပါဦးဆရာ။

ဖြေ။ ။ အခုတည်ဆောက်နေတဲ့ သင်္ဘောရဲ့ပိုင်ရှင်ကတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် ကျွန်တော်တို့က တည်ဆောက်ပေးနေတာဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ တိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာအနေနဲ့ ဧရာဝတီမြစ်အတွင်း ရေကြောင်းပြအမှတ်အသားများချထားရာမှာ အဲ့ဒီရေကြောင်းပြအမှတ်အသား (Buoy) များကို လိုအပ်သလိုပြောင်းရွှေ့ချထားနိုင်ရန်ဖို့အတွက် သင်္ဘောတစ်စီးအပ်နံ့ထားတာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့က တင်ဒါအောင်မြင်ပြီးတော့ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၆)ရက်နေ့မှာ စာချုပ်ချုပ်ဆိုနိုင်ခဲ့တယ်။ အဲဒီနောက်မှာတော့ ရေယာဉ်တည်ဆောက်ရေးသုံးပစ္စည်းတွေကို နိုင်ငံခြားမှ မှာယူဆောင်ရွက်ရပါတယ်။ သင်္ဘောအပ်နံ့သူရဲ့လိုအပ်ချက်တွေ ကျွန်တော်တို့ သင်္ဘောကျင်းအနေနဲ့ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတဲ့ အချက်အလက်လေးတွေ ရေယာဉ်တည်ဆောက်မှုကို စစ်ဆေးပေးမယ့်အဖွဲ့အစည်းက လိုအပ်ချက် စည်းမျဉ်းစည်းကမ်းတွေကို စတင်အတည်ပြုဆွေးနွေးရတဲ့ Kick off Meeting ကိုတော့ ဒီနှစ် 2nd October မှာ စတင်ခဲ့ပါတယ်။ ၂၀၁၈ အောက်တိုဘာလ(၃၀)ရက်နေ့မှာ KEEL LAYING CEREMONY ကိုကျင်းပနိုင်ခဲ့ပါတယ်။

မေး။ ။ ဒီသင်္ဘောက အကျယ်ဘယ်လောက်၊ အနက်ကဘယ်လောက်ရှိတယ်စတဲ့ အကြောင်းအရာတွေကိုလည်း သိချင်ပါတယ်ဆရာ။

ဖြေ။ ။ ဒီသင်္ဘောက အရှည် ၂၆–မီတာ ရှည်တယ်။ အကျယ် ဗျက်က ၈ ဒသမ ၅ မီ တာရှိတယ်၊ Depth(D) က ၁ဒသမ ၉မီတာ ရှိတယ်။ ဒါကို ကျွန်တော်တို့က Multi-functional Buoy Handling Vessel ဆိုပြီး သင်္ဘောကိုနာမည်တပ်ထားတယ်။ အဓိက Function ကတော့ Buoy တွေကို မြစ်အတွင်းမှာ နေရာသွားချမယ်။ Buoy Handling Vessel လို့ခေါ်တာပေါ့နော်။ ဧရာဝတီ မြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး AIRBM Project အတွက်အသုံးပြုဖို့ ကျွန်တော်တို့ကဆောက်ပေးနေတာပါ။

မေး။ ။ ဒီသင်္ဘောရဲ့ လက်ရှိပြီးစီးမှုအခြေအနေနဲ့သင်္ဘောတစ်စီးလုံးပြီးဖို့ လိုသေးတယ်ဆိုတာကိုလည်း သိချင်ပါတယ်။

ဖြေ။ ။အခုလက်ရှိမှာတော့ ရေယာဉ်ကိုယ်ထည်တည်ဆောက်ရေးက ၆၀ ရာခိုင်နှုန်းလောက်ပြီးနေပြီပေါ့။ အားလုံးပြီးရမယ့်အချိန်က ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှာပြီးရမယ်။ ခုတည်ဆောက်နေတဲ့ သံပြားတွေ အကုန်လုံးက Country of Origin ဂျပန်နိုင်ငံကဖြစ်ပြီး ClassNK မှ အသိအမှတ်ပြုထားတဲ့ သံပြားတွေကိုအသုံးပြုထားတယ်။

မေး။ ။ သင်္ဘောရဲ့တန်ဖိုးနဲ့ ဒီသင်္ဘောရဲ့စွမ်းဆောင်ရည်က ဘယ်လိုတွေရှိမလဲဆိုတာကိုလည်း သိချင်ပါတယ်ရှင်။

ဖြေ။ ။ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ရည်ရွယ်ချက်ကတော့ ရေကြောင်းပြအမှတ်အသားဖြစ်တဲ့ Buoyတွေကို သွားချမယ်။ ပြန်တင်လာမယ်။ Buoyကို Handling လုပ်မယ်ပေါ့။ ဒုတိယတစ်ချက်က ဟိုဘက်ကမ်း ဒီဘက်ကမ်း တန် (၂၀) ထရပ်ကားနှစ်စီးကို တင်သွားလို့ရတယ်။ ခရီးသည်တွေလည်း တင်သွားလို့ရတယ်။ Ferry ပေါ့။ အဲ့ဒါကြောင့်သူက Multi-functional လို့ပြောတာပေါ့နော်။ နောက်ပြီး တစ်ခါတလေမြစ်ကြောင်းမှာ မီးလောင်တာမျိုးရှိရင်လည်း သူ့အပေါ်မှာ Fire Monitor ပါတဲ့အတွက် အခြားသင်္ဘောကို မီးငြိမ်းသတ်ပေးလို့ရတယ်။ ဒီသင်္ဘောမှာ Crew (၆)ယောက်လိုက်ပါနိုင်တယ်။ Main Engine က မြင်းကောင်ရေ ၅၀၀ နှစ်လုံးတပ်ထားပါတယ်။ မြစ်အတွင်းသွား သင်္ဘောပေါ့။ ပင်လယ်ထဲတော့ သွားလို့မရဘူး။ Classification Society က ဂျပန်နိုင်ငံ ClassNK ဖြစ်ပြီး သူ့စည်းမျဉ်းစည်းကမ်းတွေအတိုင်း တည်ဆောက်နေတာပါ။ သင်္ဘော

စာ- ၂၀ »

မန္တလေး-မင်းကွန်း-မန္တလေး (နေ့ချင်းပြန်)ခရီးစဉ် ရွှေကိန္နရီ-၂ ရေယာဉ်ဖြင့်သွားလာနိုင်ပြီ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဧရာဝတီဌာနခွဲနှင့်ဧရာဝတီကုန်ပို့ကိုယ်စားလှယ်များအဖွဲ့မှ အကျိုးတူပူးပေါင်းပြီးမန္တလေး-မင်းကွန်း-မန္တလေး (နေ့ချင်းပြန်)ခရီးစဉ်အားရွှေကိန္နရီ-၂ ရေယာဉ်ဖြင့် အပါတ်စဉ်တနင်္ဂနွေနေ့တိုင်းပြေးဆွဲနေပြီဖြစ်သည်။

အဆိုပါလမ်းကြောင်းတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှုခင်းများအား ကြည့်ရှုခံစားပြီးမင်းကွန်းရှိ အထင်ကရနေရာများအား သွားရောက်ကြည့်ရှုလေ့လာလည်ပတ်နိုင်ကြမည်ဖြစ်သည်။ ရွှေကိန္နရီ-၂ ရေယာဉ်မှာ မန္တလေးမြို့ ဂေါ်ဝိန်ဆိပ်ကမ်းမှ အပါတ်စဉ်တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မင်းကွန်းဆိပ်ကမ်းမှ နေ့လည် ၁ နာရီတွင် ပြန်လည်ထွက်ခွာသည်။

အဆိုပါခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင်(နိုင်ငံခြားသားအပါအဝင်) လက်မှတ်တစ်စောင်လျှင်အသွား/အပြန် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် သတ်မှတ်ထားပြီး ရေယာဉ်ပေါ်တွင်ခရီးသည်များအတွက် ကော်ဖီ၊ မုန့်တို့ဖြင့် ဧည့်ခံသွားမည်ဖြစ်သည်။ အဆိုပါ မန္တလေး-မင်းကွန်း-မန္တလေး (နေ့ချင်းပြန်)ခရီးစဉ်အားခရီးသည်လိုက်ပါမှုများပြားလာပါက ဥပုတ်နေ့များတွင် ပါထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ယင်းခရီးစဉ်တွင် လက်မှတ်များအားဂေါ်ဝိန်ဆိပ်ကမ်းတွင် ဝယ်ယူနိုင်မည်ဖြစ်ပြီး ရွှေကိန္နရီ-၂ ရေယာဉ်တွင် ခရီးသည် (၁၀၀)ဦးလိုက်ပါနိုင်ပြီး ရေယာဉ်ပေါ်တွင်ဧည့်ခံပွဲများ၊ မွေးနေ့ပွဲများ၊ ပါတီပွဲများကျင်းပနိုင်ကြောင်းသိရသည်။ ထို့ပြင်မန္တလေးမှ ရတနာပုံတံတားထိ၊ မန္တလေးမှမင်းကွန်းထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နေဝင်ချိန်ဆည်းဆာကို ခံစား၍အပျော်စီးအဖြစ်ငှါးရမ်းနိုင်သည့်ခရီးစဉ်များကိုလည်း ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Transcom

"ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှထပ်ဆင့်ပွား" ခရီးစဉ်ဓနုဖြူမြို့သို့ရောက်ရှိ

ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့သည် နိုဝင်ဘာ (၁၆) ရက်တွင် မန္တလေးတိုင်းဒေသကြီး ဂေါ်ဝိန်ဆိပ်ကမ်းရှေ့တွင် ငြိမ်းချမ်းရေးဆိုင်းဘုတ်စိုက်ထူပြီး ခရီးစဉ်များထွက်ခွာလာရာ နိုဝင်ဘာ (၇)ရက်တွင် ငြိမ်းချမ်းရေးခရီးစဉ်ရေယာဉ်ကြီးသည် ဓနုဖြူမြို့သို့ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်တွင် ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့မှ အမျိုးသား(၅၅)ဦး၊ အမျိုးသမီး(၂၃)ဦး၊ စုစုပေါင်း(၇၈) ဦးလိုက်ပါပြီး ပြည်ကြီးတံခွန် (၄)ရေယာဉ်ဖြင့် မန္တလေးမှ နိုဝင်ဘာ (၁၆)ရက်တွင်ထွက်ခွာရာ နိုဝင်ဘာ (၇)ရက်တွင် ဓနုဖြူမြို့အမှတ်(၄)ရပ်ကွက်၊ ဧရာဝတီသင်္ဘောဆိပ်သို့ နံနက် (၉)နာရီ (၄၅)မိနစ်အချိန်တွင် ရောက်ရှိလာရာဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများမှ ကြိုဆိုခဲ့ကြကြောင်းသိရသည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့သည် အဆိုပါခရီးစဉ်ကို "ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှထပ်ဆင့်ပွား"ဟု အမည်ပေးထားပြီး ခရီးစဉ်ကိုပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ပြည်ကြီးတံခွန်- (၄) ရေယာဉ်ဖြင့် (၁၆.၁၁.၂၀၁၈)ရက်နေ့၊ နံနက် (၀၈း၂၀)နာရီအချိန်တွင် မန္တလေးမြို့၊ ဂေါ်ဝိန်ဆိပ်ကမ်းမှ စတင်ထွက်ခွာခြင်းဖြစ်သည်။ အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်လက်တွဲထားသည့် အဖွဲ့အစည်းများမှာ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ(မခမမ/ ခဝဲခြံမျက်မမြင်ကျောင်း)။ မြစ်ကြီးနားမျက်မမြင်ကျောင်း၊ အေးမေတ္တာမသန်စွမ်းရိပ်မြုံ၊ သုံးရောင်ခြယ်ပြည်သူ့အကျိုးပြုလူမှုကွန်ရက်၊ (၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ မရမာကြီးတိုင်းရင်းသား လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန်၊ အမျိုးသားလက်ရွေးစင်ကိုယ်ခန္ဓာမသန်စွမ်း (Wheel Chair) အားကစားသမား(၁၀) ဦး၊ ငြိမ်းချမ်းရေးမြတ်နိုးသော ပုဂ္ဂိုလ်များ၊ စာပေ/ ဂီတအနုပညာရှင်များ စသည်ဖြင့်ပါဝင်သည်။

အဆိုပါခရီးစဉ်မှာ (၂၇)ရက်ကြာမြင့်မည်ဖြစ်ပြီး၊ ရန်ကုန်မြို့အထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့များဖြစ်သည့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ဆီမီးခုံမြို့၊ ပခုက္ကူမြို့၊ ညောင်ဦး-ပုဂံမြို့၊ ချောက်မြို့၊ စလေမြို့၊ ရေနံချောင်းမြို့၊ မကွေးမြို့-နတ်မောက်မြို့၊ မလွန်မြို့၊ ဆင်ပေါင်ဝဲမြို့၊ အောင်လံမြို့၊ ကမ္မမြို့၊ ပြည်မြို့၊ ထုံးဘိုမြို့၊ မြန်အောင်မြို့၊ ရွှေကျင်မြို့၊ ပျဉ်းကတိုးကုန်းမြို့၊ ဟင်္သာတမြို့၊ ဇလွန်မြို့၊ ဓနုဖြူမြို့၊ ညောင်တုန်းမြို့၊ မအူပင်မြို့၊ တွံ့တေးမြို့၊ ရန်ကုန်မြို့ စုစုပေါင်း (၂၇)မြို့သို့ ဝင်ရောက်ဆိုက်ကပ်ရပ်နားလျက် ငြိမ်းချမ်းရေးတွဲလက်များ၏ ငြိမ်းချမ်းရေးစကားဝိုင်းများ ကျင်းပခြင်းနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးတွဲလက်များအနေဖြင့် ယင်းသို့လုပ်ဆောင်ခြင်းမှာ စတုတ္ထအကြိမ်ဖြစ်ပြီး မသန်စွမ်းများ၏ အခန်းကဏ္ဍကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ငြိမ်းချမ်းရေးလိုလားသူများတွင် မိမိတို့မသန်စွမ်းများလည်းပါဝင်ကြောင်း ပြည်သူများသိရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး ၎င်းတို့အဖွဲ့သည် ငြိမ်းချမ်းရေးခရီးစဉ်အဖြစ် ပထမအကြိမ်တွင် မြစ်ကြီးနား-ရန်ကုန်၊ လားရှိုး-မူဆယ်-မန္တလေးခရီးစဉ်ကိုလည်းကောင်း၊ ဒုတိယအကြိမ်တွင်ရန်ကုန်မော်လမြိုင်ခရီးစဉ်ကိုလည်းကောင်း၊ တတိယအကြိမ်တွင် ကော့သောင်း-ရန်ကုန်ခရီးစဉ်ကိုလည်း သွားရောက်ခဲ့ပြီး ယခုအကြိမ်သွားရောက်မည့်ခရီးစဉ်မှာမူ ရေလမ်းကြောင်းအဖြစ် ပထမဆုံးဖြစ်သည်။

ငြိမ်းချမ်းရေးခရီးစဉ် ပြေးဆွဲပေးမည့် ပြည်ကြီးတံခွန် (၄)ရေယာဉ်အတွက် ရေယာဉ်ငှါးရမ်းခကောက်ခံခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက အခမဲ့ပြေးဆွဲပေးမည်ဖြစ်ပြီး၊ ခရီးစဉ်အတွက်ကုန်ကျမည့် စက်သုံးဆီစရိတ်နှင့် အထွေထွေကုန်ကျစရိတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာရတို့မှ ကျခံသွားမည်ဖြစ်ကြောင်းသိရသည်။

Transcom

Samsung QLED TV အား တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၈ ခုနှစ် အ

မြန်မာနိုင်ငံတွင် နိုဝင်ဘာလက မိတ်ဆက်ခဲ့သည့် Samsung ၏ ၂၀၁၈ ခုနှစ်ထုတ် QLED TV သည် တိုင်းမ် မဂ္ဂဇင်း၏"၂၀၁၈ ခုနှစ်အတွက်အကောင်းဆုံးတီထွင်မှုများ" စာရင်းတွင် ဖော်ပြခြင်းခံရကြောင်း ဒီဇင်ဘာ ၆ ရက်နေ့သတင်းထုတ်ပြန်ချက်အရသိရသည်။ တိုင်းမ်မှ နှစ်စဉ်နှစ်တိုင်း အကောင်းဆုံးတီထွင်မှု ၅၀ အား Gear နှင့် Gadgets အပါအဝင် ကဏ္ဍ ၁၀ ခုခွဲ၍ ရွေးချယ်ပေးခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်ထုတ် Samsung QLED TV သည်အရုပ်၊ ဂိမ်းများနှင့် ဖျော်ဖြေရေးကဏ္ဍတွင် ထိပ်တန်းတီထွင်မှုတစ်ခုအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

Samsung 2018 QLED TV အား"နံရံနှင့် တစ်သားတည်းဖြစ်နေသည့် TV" ဟုတိုင်းမ်မဂ္ဂဇင်းမှ မှတ်ချက်ချခဲ့ပြီး လက်ရှိဈေးကွက်အတွင်းရှိထိပ်တန်းတီဗီများသည် ရင်သပ်ရှုမောဖွယ် မြင်ကွင်းအတွေ့အကြုံအားပေးနိုင်သော်လည်း တီဗီပိတ်ထားသောအချိန်တွင် လှုပ်ရှားမှုကင်းမဲ့သောအနက်ရောင် လေးထောင့်အကွက်များကဲ့သို့ ဖြစ်သွားကြသည်။ သို့သော် Samsung ၏မျိုးဆက်သစ် 4K QLED မော်ဒယ်များတွင်မူ ထိုတီဗီများ ကဲ့သို့မဟုတ်ဘဲ တမူးထူးခြားသည့် လုပ်ဆောင်ချက်ပါဝင်လာသည်ဟုမှတ်ချက်ပေးထားကြောင်းသိရသည်။

"ဒီလိုလုပ်ဆောင်ချက်ကို ဖွင့်လိုက်ပြီဆိုတာနဲ့ ပန်းချီကားတွေ၊ ရာသီဥတုအခြေအနေ ဒါမှမဟုတ်ကိုယ်ပိုင်ဓာတ်ပုံတွေကို တီဗီမျက်နှာပြင်ပေါ်မှာပြပေးသွားမှာပါ။ TV ကိုချိတ်ထားတဲ့နံရံနဲ့ ထပ်တူညီတဲ့ဒီဇိုင်းပုံစံအတိုင်းပေါ်အောင်လည်း လုပ်လို့ရ

Financial Times ၏ The Ban 'Bank of the Year Myanmar 20

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကဘဏ်ဖြစ်သည့် ကမ္ဘောဇဘဏ်သည် Financial Times ၏ The Banker မှရွေးချယ်လိုက်သည့် ဂုဏ်ယူဖွယ်ရာ 'Bank of the Year - Myanmar 2018'ဆုလက်ခံရရှိသည်။

အဆိုပါဆုမှာ ဘဏ်လုပ်ငန်းဆိုင်ရာသာလွန်ကောင်းမွန်မှုသတင်းအချက်အလက်များကိုလေ့လာ၍ ကဏ္ဍအလိုက်သတ်မှတ်ထားသောစံနှုန်းများဖြင့်ဂရုတစိုက်ရွေးချယ်ပြီး နိုင်ငံအလိုက်အကောင်းဆုံး အဆင့်ရှိသည့်ဘဏ်များကို ဂုဏ်ပြုချီးမြှင့်သောဆုဖြစ်သည်။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Financial Times မှကျင်းပပြုလုပ်သည့် ၂၀၁၈ခုနှစ်အတွက် နိုင်ငံအလိုက်စွမ်းဆောင်ရည်အကောင်းဆုံးဘဏ်ဆု "Bank of the Year Awards 2018"ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ရက်က အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Sheraton Grand London Park Lane Hotel ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

The Banker မှပေးအပ်ချီးမြှင့်သည့်ဆုသည် အဖွဲ့အစည်း၏ဘဏ္ဍာရေးဆိုင်ရာလုပ်ရည်ကိုင်ရည်၊ ဆန်းသစ်တီထွင်ကြံဆမှု၊ ဘဏ်ဝန်ဆောင်မှုအသုံးပြုသူများအတွက် ရရှိနိုင်သည့်အကျိုးကျေးဇူးနှင့် လူ့အဖွဲ့အစည်းအတွက် ကူညီထောက်ပံ့မှုစသည်တို့အပေါ်အခြေခံ၍ နိုင်ငံတစ်နိုင်ငံတွင်ဘဏ်တစ်ခုကိုသာ ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ကမ္ဘောဇဘဏ်သည် KBZPay ကဲ့

သို့သောနေ့စဉ်ကုန်ပစ္စည်းများဝယ်ယူနိုင်ပြီး ငွေလွှဲ၊ငွေသွင်းစသည့်လုပ်ဆောင်ချက်များကို လွယ်ကူလုံခြုံစွာဆောင်ရွက်နိုင်ကာ စမတ်ဖုန်းအတွင်း

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အပျော်စီးရေယာဉ်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Golden Myanmar Butterfly Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြင်သစ်နိုင်ငံသားဧည့်သည် (၃) ဦးသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့မှ နိုဝင်ဘာလ (၄) ရက်နေ့အထိမြန်မာရွှေလိပ်ပြာ အပျော်စီးရေယာဉ်ဖြင့် မန္တလေး-မိုးတား-တကောင်း ကျောက်မြောင်း-စစ်ကိုင်း-ရန္တပို-ပုဂံ ခရီးစဉ်များသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် အဆိုပါဧည့်သည်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတဆင့် ပြည်ပသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ထို့အတူ အဆိုပါကုမ္ပဏီ၏အစီအစဉ်ဖြင့်ပင် ပြင်သစ်နိုင်ငံသားဧည့်သည်(၂)ဦးသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ(၁၄)ရက်နေ့မှ နိုဝင်ဘာ(၂၃) ရက်နေ့အထိ မြန်မာရွှေလိပ်ပြာအပျော်စီးရေယာဉ်ဖြင့် မန္တလေး-ရှိန်းမကား-သပိတ်ကျင်း-တကောင်း-ကသာ-ဆင်စခန်း-ဗန်းမော်-မန္တလေး-သီပေါ-မန္တလေး-ရန်ကုန်ခရီးစဉ်များသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိကျေးရွာများနှင့် ဒုတိယမြစ်ကျဉ်းသဘာဝအလှအပရှုခင်းများ၊ ရေလုပ်သားတို့၏ လူနေမှုဓလေ့စရိုက်နေထိုင်မှုပုံစံများ၊ ဆင်စခန်း၊ ရိုးရာအိုးလုပ်ငန်းနှင့် ညနေနေဝင်ဆည်းဆာအလှအပများအား ခံစားသိရှိလို၍

ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်းစသည့်ခရီးစဉ်များကို ပိုမိုတိုးတက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု Teo Myanmar Co.,Ltd စီစဉ်ဆောင်ရွက်မှုတို့ဖြင့် အီတလီနိုင်ငံသား

ကောင်းဆုံး တီထွင်မှု ၅၀ စာရင်းတွင် ဖော်ပြ

ပေးပြောကြားသည်။

"အခြား ဒီဇိုင်းအပြောင်းအလဲထဲမှာပါဝင်တာတစ်ခုတော့ လိုအပ်တဲ့ Connecter တွေအကုန်လုံးကို သီးသန့် Box ထဲမှာဘဲချိတ်ဆက်လို့ရမှာဖြစ်လို့ နည်းပညာမြင့် TV တစ်လုံး အနေနဲ့ဝါယာကြိုးတွေနဲ့ ရှုပ်နေမှာလည်းစိတ်ပူစရာမလိုဘူး"ဟုဖြည့်စွက်ပြောကြားသည်။

၂၀၁၈ ခုနှစ်၏ စာရင်းကိုရွေးချယ်ရန်တိုင်းမ်မဂ္ဂဇင်းသည် ကမ္ဘာတစ်ဝှမ်းရှိကဏ္ဍအသီးသီးမှ အယ်ဒီတာများနှင့်သတင်းထောက်များအဖြစ် အွန်လိုင်းလျှောက်လွှာများမှ အဆိုပြုချက်များကိုတောင်းခံခဲ့သည်။ ထို့နောက်အဓိကအချက်အလက်များ၊ မူရင်းပုံစံ၊ တီထွင်ဖန်တီးမှု၊ သုံးစွဲသူများအပေါ် လွှမ်းမိုးနိုင်မှု၊ ထုတ်ကုန်၏ရည်မှန်းချက်နှင့် အကျိုးသက်ရောက်မှုများစသည်တို့အပေါ် မူတည်၍ အကဲဖြတ်အမှတ်ပေးရွေးချယ်ခြင်းဖြစ်ကြောင်းသိရသည်။

တယ်။ TV ကို သုံးတဲ့အချိန်မှာ တောင်အခန်းရော၊ ချိတ်ထားတဲ့နောက်ခံနံရံနဲ့ပါ လိုက်လျောညီထွေဖြစ်ပြီးပိုမိုလှပအောင် ပြုလုပ်ပေးမှာဖြစ်ပါတယ်"ဟုတိုင်းမ်မဂ္ဂဇင်း၏ နည်းပညာဆောင်းပါးရှင် Patrick Lucas Austin မှ Samsung TV ၏ "Ambient Mode" အကြောင်းအသား

UK

ကိုရီးယားနိုင်ငံမှ လှိုင်သာယာနှင့် ထောက်ကြံ့ရှိဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေး

ကိုရီးယားနိုင်ငံမှ အစိုးရအဖွဲ့ အစည်းများနှင့် NGO အဖွဲ့အစည်းများမှမြန်မာနိုင်ငံသို့ လာရောက်ပြီးလိုအပ်ချက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများပေးရန်အတွက် ကိုရီးယားမြေနှင့် အိမ်ယာကော်ပိုရေးရှင်း(LH, CEO ဖြစ်သူ မစ္စတာပတ်စန်ဂူ၊ အမျိုးသားကင်ဆာစင်တာ (ပါမောက္ခချုပ် မစ္စတာ လီအွန်ဆွတ်) နှင့်အားကစားဆိုင်ရာ ဆရာဝန်များ (ဥက္ကဋ္ဌ ဟီအိုဂျွန်ယောင်း)တို့မှ လှိုင်သာယာနှင့် ထောက်ကြံ့ရှိဒေသခံများအတွက်ကျန်းမာရေးနှင့် ဆေးဝါးစောင့်ရှောက်မှုများကို ဒီဇင်ဘာလ ၅ရက်နေ့မှ ဒီဇင်ဘာလ ၉ရက်နေ့အထိပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှု ပထမဦးဆုံးအနေဖြင့် ကိုရီးယား–မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေး အတွက် LH မြန်မာရုံးခွဲမှ စီစဉ်ကျင်းပပေးခြင်းဖြစ်ပြီး အမျိုးသားကင်ဆာစင်တာမှ ဆရာဝန်များနှင့် အားကစားဆိုင်ရာ ဆရာဝန်များနှင့်အတူ အစီအစဉ်ဖြစ်မြောက်အောင်ပံ့ပိုးကူညီ ပေးထားကြောင်း အမျိုးသားကင်ဆာ စင်တာရုံးတွင်းရှိ ဌာနအသီးသီးနှင့် ကိုရီးယားနိုင်ငံ ကင်ဆာရောဂါရှာဖွေ ဖော်ထုတ်သူများမှ ဒေါ်လာသောင်းချီ တန်ဖိုးရှိသောမရှိမဖြစ်လိုအပ်သော ဆေးဝါးများယူဆောင်လာပြီး ပါမောက္ခချုပ်မစ္စတာလီအွန်ဆွတ် အပါအဝင်ထင်ရှားသော ဆရာဝန်များကလာရောက်ပြီး ဆေးဝါးဆိုင်ရာ ပံ့ပိုးကူညီမှုများပြုလုပ်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍အားကစားဆိုင်ရာ ဆရာဝန်များသည် ဆေးဘက်ဆိုင်ရာအဖွဲ့သို့ ကိုရီးယားနိုင်ငံတွင်ပညာသင်ကြားနေသော စေတနာ့ဝန်ထမ်းများနှင့်ရွေးချယ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များပြုလုပ်ပေးသွားမည်ဖြစ်သည်။ အစီအစဉ်တခုလုံး၏ ကုန်ကျစရိတ်ထောက်ပံ့မှုကို LHမှတာဝန်ယူပေးသွားမည်ဖြစ်ပြီး LH မှဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းပြီး KMIC စက်မှုဖုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်သွားမှာဖြစ်ကြောင်း ပထမဆုံးအကြိမ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ CSR activities တစ်ခုဖြစ်ပါကြောင်းသိရသည်။

UK

HIV/AIDS ရောဂါပိုးကူးစက်ခံရမှုသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တို့၌ ပိုမိုမြင့်မားလျက်ရှိ

HIV/ AIDS ရောဂါပိုးအသစ်ကူးစက်ခံရမှုသည် တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်ပွားနေခြင်းမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အခြားဒေသများထက် ရောဂါအသစ်ကူးစက်ခံရမှု ပိုမိုမြင့်မားလျက်ရှိသည်ကို သိရှိရပါကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးကပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားခုခံအားကျဆင်းမှုကူးစက်ရောဂါစီမံကိန်း၏ ၂၀၁၇ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော လုပ်ငန်းများ နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက်နေ့တွင် နေပြည်တော်၌ကျင်းပရာ အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကပြောကြားခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက–ရောဂါပိုးအသစ်ကူးစက်ခံရမှုသည် တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်ပွားနေခြင်းမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အခြားဒေသများထက်ရောဂါအသစ်ကူးစက်ခံရမှုပိုမိုမြင့်မားလျက်ရှိသည်ကို သိရှိရပါကြောင်း၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်လူနာများအတွက် ကာကွယ်ရေးနဲ့ကုသရေးလုပ်ငန်းများကို လွန်ခဲ့တဲ့(၇)နှစ်တာကာလအတွင်း နိုင်ငံတော်အစိုးရ၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund)၊ အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများရဲ့ တိုးမြှင့်ထောက်ပံ့ပေးမှုများကြောင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ထားနိုင်ခဲ့ပါကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

ထိုသို့ဆောင်ရွက်မှုများ၏ ရလဒ်အနေဖြင့် ၂၀၁၁ ခုနှစ်မှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူ (၂)သိန်းကျော်အနက် လူနာလေးသောင်းခန့်ကိုသာ ဘဝတစ်သက်တာ သောက်ရမည့်အေအာရ်တီဆေး (lifelong ART) ဖြင့်ကုသမှုပေးနိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် လူနာပေါင်း ၁၄၆၀၀၀ကျော်အထိ ကုသမှုပေးနိုင်ခဲ့ပြီး အိပ်ချ်အိုင်ဗွီ ရောဂါပိုးကူးစက်ခံရမှု လူနာအသစ်ပေါင်းသည် ၂၀၀၀ ခုနှစ်တွင် (၂၈,၀၀၀)ခန့်နှင့် အမြင့်မားဆုံးဖြစ်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ (၁၁,၀၀၀) ကျော် အထိကျဆင်းလာခဲ့ကြောင်းသိရသည်။ ES

…nker မှ ရွေးချယ်သည့် …018' ဆုကို ကမ္ဘောဇဘဏ်ရရှိ

မိတ်ဆက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံ၏ဘဏ္ဍာရေးနယ်ပယ်တွင် အဓိကဦးဆောင်သူနေရာသို့ ရောက်ရှိလာခြင်းကို အသိအမှတ်ပြုလိုက်သည့်ဆုဖြစ်သည်။

KBZPay ဝန်ဆောင်မှု စတင်စမ်းသပ်မိတ်ဆက်ခဲ့ပြီး သုံးလအတွင်း ကမ္ဘောဇဘဏ်သည် ကိုယ်စားလှယ် (၁၀,၀၀၀)ကျော်၊ ကုန်သည် (၁၀,၀၀၀)ကျော်နှင့် KBZPayတွင် စာရင်းသွင်းဝင်ရောက်ထားသည့် မိုဘိုင်းလ်ပိုက်ဆံအိတ်ပေါင်း (၄၅၀,၀၀၀)ကျော်ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီဖြစ်ပြီး ပြည်သူများအနေဖြင့် အရေးအပါဆုံးသောငွေကြေးဝန်ဆောင်မှုများကို မိမိတို့၏လက်ဝယ်ရှိ မိုဘိုင်းလ်ဖုန်းပေါ်တွင်ရယူအသုံးချနိုင်ပြီဖြစ်သည်။

ထည့်သွင်းအသုံးပြုနိုင်သည့် အက်ပလီကေးရှင်းပုံစံ အစ်ဂျစ်တယ်ပိုက်ဆံအိတ်တစ်ခုအပါအဝင် digital banking နည်းပညာအသစ်များဖြင့်

ES

…ဖြင့် လာရောက်လည်ပတ်လျက်ရှိ

ညောင်ရွှေ–လွိုင်ကော်–နေပြည်တော်–ပေါက်ခေါင်း–ပြည်–ပုသိမ်–ငွေဆောင်ကမ်းခြေ– ရန်ကုန်ကျိုက်ထီးရိုး–သထုံ–ဘားအံ–မြဝတီမြို့များသို့သွားရောက်လည်ပတ်၍ နိုဝင်ဘာ၂၉ ရက်နေ့တွင် မြဝတီနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ပြန်လည်ထွက်ခွာသွားကြကြောင်းသိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီကာလဖြစ်ခြင်းနှင့် ခရီးသွားဧည့်သည်တိုးမြှင့်ဝင်ရောက်လာနိုင်ရေး ဘက်ပေါင်းစုံမှဖြေလျှော့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံသို့လေကြောင်း၊ ရေကြောင်း၊ နယ်စပ်ဝင်/ထွက်ပေါက်များမှတဆင့်ဝင်ရောက်လာ၍ မြန်မာနိုင်ငံ၏ထင်ရှားသောဒေသများသို့ လာရောက်လည်ပတ်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်(၄)ဦးတို့သည် ကိုယ်ပိုင်မော်တော်ယာဉ်(၁)စီးဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၁ရက်နေ့မှ နိုဝင်ဘာ၂၉ရက်နေ့အထိ တမူးနယ်စပ်ဂိတ်မှ ဝင်ရောက်လာပြီး တမူး– ကလေး–ဖလန်း–ဟားခါး–မတူပီ–မင်းတပ်–ကန်ပက်လက်–ပခုက္ကူ–ပုဂံ–ပုပ္ပါး–အင်းလေး–

ES

နိုင်ငံတကာတွင် ဝန်ဆောင်မှုပေးနေသည့် SAP ERP စနစ်ကို ပြည်တွင်း၌ ဝန်ဆောင်မှုပေးသွားမည်

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတကာတွင်အသုံးပြုနေသည့် SAP ERP စနစ်ကို Global Wave Technology မှ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၅ ရက်က Melia ဟိုတယ်၌ ကျင်းပခဲ့သည့် SAP ERP စနစ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲမှ သိရသည်။

"ဖြစ်နိုင်ရင်တော့ ပြည်တွင်းက SME နဲ့ MME လုပ်ငန်းတွေအနေနဲ့ ကုမ္ပဏီတစ်ခုလုံးကို ကောင်းမွန်စွာစီမံခန့်ခွဲဖို့အတွက် လိုအပ်ချက်တွေအားလုံးပါတဲ့ ဒီစနစ်ကို သုံးသင့်ပါတယ်။ ပြည်တွင်းကစီးပွားရေးလုပ်ငန်းအားလုံးမှာ ကုန်ကျစရိတ်သက်သာစွာသုံးနိုင်ဖို့ အဓိကရည်ရွယ်ပါတယ်" ဟု Innovation Global Wave Technology မှ ဒါရိုက်တာ မသဲနေဇာစိုးကပြောသည်။

Global Wave Technology အနေဖြင့် နိုင်ငံပေါင်း ၁၇၀ ကျော်တွင် အောင်မြင်စွာအသုံးပြုနေသည့် ERP စနစ်ကို မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်သက်သာရုံသာမက After Sales Service အပြည့်အဝဖြင့် အသုံးပြုနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၂၀၁၅ ခုနှစ်မှ စတင်ကာ Software Package Soloution များကို ရေးဆွဲပေးနေခြင်းဖြစ်ပြီး SAPERP နှင့် ချိတ်ဆက်၍ Best Ever Complete and Affordable ERP စနစ်ကို SAP နှင့် ပါတနာရှစ်ရယူပြီး ပြည်တွင်း၌ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းသိရသည်။

UK

ဂျာမနီနိုင်ငံမှ BORGWARD မော်တော်ကားထုတ်ကုမ္ပဏီမှ SUV model များ မိတ်ဆက်ပေး

မော်တော်ကားကဏ္ဍတွင် ဂျာမနီနိုင်ငံမှ BORGWARD မော်တော်ကားထုတ်ကုမ္ပဏီနှင့် တရားဝင်ဖြန့်ချီခွင့်ရသည့် Go Excellent Myanmar ကုမ္ပဏီတို့ ပူးပေါင်းပြီး Sport Utility Vehicle (SUV) ကားမော်ဒယ်များကို ရန်ကုန်မြို့၊ သုဝဏ္ဏဘူမိ Event Park တွင် မိတ်ဆက်ပြသပေးခဲ့သည်။

အဆိုပါ မိတ်ဆက်ပွဲတွင် Red Dot Design သတ်မှတ်ထားပြီး Plus X Ward ဆုများရရှိထားသည့် Bx 7 ခေတ်မီနည်းပညာများနှင့်အတူ ကြံ့ခိုင်ပြီး စွမ်းအင်ကိုမြင့်တင်ပေးပြီး အကန့်အသတ်မရှိ အမြန်မောင်းနှင်နိုင်သည့် Bx 7 TS wing-line ဒီဇိုင်း၊ တာဘိုအင်ဂျင်နှင့် စွမ်းအင်ချွေတာခြင်း၊ အသံဆူညံမှု၊ တုန်ခါမှုနှင့် ကမောက်ကမဖြစ်မှုများ (NVH) လျှော့ချပေးသည့် BX 5 စသည့် စွမ်းဆောင်ရည်မြင့်ကားများ ပြသခဲ့သည်။

BORGWARD သည် ဂျာမနီနိုင်ငံ၊ ဘာမန်မြို့မှ ၁၉၁၉ ခုနှစ်တွင် Carl F.W.Borgward က တည်ထောင်ခဲ့ပြီး၊ ဂျာမနီနိုင်ငံအတွင်း တတိယမြောက်အကြီးဆုံး မော်တော်ယာဉ်ထုတ်လုပ်သူဖြစ်ကြောင်း သမိုင်းတစ်ခေတ်ဆန်းသောကားများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ပြိုင်ကားများ၊ ဘတ်စ်ကားများ၊ မီးသတ်ကားများ၊ မော်တော်ဘုတ်များ၊ ထရပ်ကားများနှင့် ဟယ်လီကော်ပတာများအထိ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

UK

MPT နှင့် MCF တို့ ပူးပေါင်းစီစဉ်သည့် Road to Success as a Tech CEO အခမ်းအနားကျင်းပ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) တို့ပူးပေါင်းစီစဉ်သည့် "မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၉" "Becoming A Tech Enterpreneur (Road to Success as a Tech CEO)" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်နေ့က ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park (Conference Hall) တွင်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး၊ MPT KSGM Joint Operations မှ Chief Operating Officer Mr. Yoshiaki Benino မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်တွင်းပြည်ပတွင် အောင်မြင်နေသော နည်းပညာစွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံသား ဦးအောင်ကျော်မိုး (2C2P Founder and Group CEO) မှ မြန်မာနိုင်ငံအတွင်း နည်းပညာစွန့်ဦးတီထွင်လုပ်ငန်းများ လုပ်ကိုင်လိုကြသောလူငယ်နည်းပညာရှင်များအတွက် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ၊ အတွေ့အကြုံများကို အခြေခံကာရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များမှ တက်ရောက်လာသော နည်းပညာစွန့်ဦးတီထွင်လုပ်ငန်းများလုပ်ကိုင်လိုကြသော လူငယ်နည်းပညာရှင်များနှင့် အကြံပြုဆွေးနွေးစကားဝိုင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဘုန်းပိုင်ဦး၊ T.Z

ကင်ဆာရောဂါဖြင့် ဆေးကုသမှုခံယူနေသော အရာရှိစစ်သည်မိသားစုများအတွက် Mytel မှ အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိအမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင် ၅၀၀) ကင်ဆာကုသဆောင်တွင် ဆေးရုံတက်ရောက်ကုသနေသောအရာရှိ စစ်သည်မိသားစုများအတွက် Telecom International Myanmar Co.,Ltd (Mytel) မှအလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်နံနက်ပိုင်းတွင် အဆိုပါဆေးရုံရှိအစည်းအဝေးခန်းမ၌ ကျင်းပရာအမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၅၀၀)တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်း, Telecom International Myanmar Co.,Ltd(Mytel) ၏ BOD Member,Vice President of Viettel Group Mr.Nguyen Thanh Nam နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ Telecom International Myanmar Co.,Ltd(Mytel) ၏ BOD Member,Vice President of Viettel Group Mr.Nguyen Thanh Nam မှ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၅၀၀)ရှိ ကင်ဆာကုသဆောင်တွင်တက်ရောက်ကုသနေသော ကင်ဆာဝေဒနာရှင်လူနာများအတွက် လိုအပ်သည့်ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူနိုင်ရန်ရည်ရွယ်၍အလှူငွေပေးအပ်လှူဒါန်းရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ Telecom International Myanmar Co.,Ltd(Mytel) ၏ BOD Member,Vice President of Viettel Group Mr.Nguyen Thanh Nam က အလှူငွေအမေရိကန်ဒေါ်လာတစ်သိန်းကို ပေးအပ်ရာ အမှတ် (၂)တပ်မတော်ဆေးရုံ(ခုတင် ၅၀၀)တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ဗိုလ်မှူးချုပ်စိန်လင်းက ကင်ဆာရောဂါဝေဒနာရှင်များအတွက် လိုအပ်သောဆေးဝါးနှင့် အသုံးဆောင်ပစ္စည်းဝယ်ယူနိုင်ရန် အလှူငွေလှူဒါန်းခြင်းအတွက် Telecom International Myanmar Co.,Ltd(Mytel) အားကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ Mr.Nam မှလက်ခံရယူသည်။

Mytel မှ Corporate Social Responsibility(CSR) Program အနေဖြင့် အခြေခံပညာရေးကျောင်းများအပြင်ပြည်သူလူထု၏ ကျန်းမာရေးအတွက်လိုအပ်မည့်ဆေးရုံများတွင် ယခုကဲ့သို့လိုက်လံကူညီခြင်းဖြစ်ပြီး နောင်တွင်လည်း ဆက်လက်၍ပညာရေးကျန်းမာရေးနှင့်ပက်သတ်၍လိုအပ်မည့်နေရာများတွင် လိုက်လံလှူဒါန်းပံ့ပိုးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

UK

အပန်းပြေစေမည့် အခန်းဆက် web-TV ဇာတ်လမ်းတွဲအား တယ်လီနော မိတ်ဆက်

တယ်လီနောက စီစဉ်တင်ဆက်သည့်"အိပ်မက်တွေဆီ အရောက်သွားစို့"အမည်ရှိ ဒစ်ဂျစ်တယ်နည်းပညာသင်ကြားရေး ဇာတ်လမ်းတွဲအားတယ်လီနောမြန်မာရုံးချုပ်တွင် ဒီဇင်ဘာ ၅ ရက်က ကျင်းပပြုလုပ်ခဲ့သောသတင်းစာရှင်းလင်းပွဲ၌ စတင် မိတ်ဆက်ခဲ့သည်။ Myan ICT for Development Organization(MIDO) နှင့် ပူးပေါင်းရိုက်ကူးသည့် ဤဇာတ်လမ်းတွဲသည်မြို့ပြနှင့်ကျေးလက်ရှိ ပြည်သူများအား မိုဘိုင်း(လ်)ဖုန်းအသုံးပြု၍ အခြေခံဒစ်ဂျစ်တယ် နည်းပညာကျွမ်းကျင်မှုသင်တန်းများပေးအပ်နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေသည့် တယ်လီနော၏လူမှုအကျိုးပြုစီမံကိန်းတစ်ခုဖြစ်သည့် အလင်းအိမ်စီမံကိန်းများပိုမိုကျယ်ပြန့်လာစေရန်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

အမိကသရုပ်ဆောင်များအဖြစ် ဒေါင်းဝေ၊ William ထွန်း (Project K) နှင့် မိုးပွင့်ဖြူတို့ ပါဝင်ပြီးအခြားသော သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားသည့်"အိပ်မက်တွေဆီ အရောက်သွားစို့"ဒစ်ဂျစ်တယ်နည်းပညာသင်ကြားရေး ဇာတ်လမ်းတွဲသည် ရည်ရွယ်ချက်များဆီသို့လျှောက်လှမ်းနေသည့် ကျေးလက်ဒေသမှလူငယ်သုံးဦးအကြောင်းကို ဇာတ်အိမ်တည်ကာတယ်လီနော၏ အလင်းအိမ်စင်တာများတွင် ပုံမှန်သင်ကြားပြသနေသော ဒစ်ဂျစ်တယ်နည်းပညာသင်ခန်းစာများဖြစ်သည့် မိုဘိုင်းဖုန်းအသုံးပြုနည်းနှင့်အင်တာနက်အား ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်မည့် နည်းလမ်းများကို ပေါင်းစပ်၍ စိတ်ဝင်စားဖွယ်ရိုက်ကူးပြသထားသည်။

ဒါရိုက်တာဒေင်က တာဝန်ယူရိုက်ကူးသည့် အခန်းဆက်ဇာတ်လမ်းတွဲ အပိုင်း ၁၀ အားတယ်လီနောမြန်မာ၏ တရားဝင် Facebook စာမျက်နှာတွင်ပုံမှန်ပြသသွားမည်ဖြစ်ကြောင်း အပိုင်း ၁ ပိုင်းသည် ၅ မိနစ်မျှကြာမြင့်ပြီးအင်တာနက် အသုံးပြုရာတွင်လူအများ ဂရုပြုသင့်သည့်အမျိုးမျိုးသော စိန်ခေါ်မှုများအား လွယ်ကူစွာနားလည်နိုင်ပြီး တစ်ချိန်တည်းတွင်အပန်းဖြေကြည့်ရှုခံစားနိုင်မည့် ပုံစံမျိုးဖြင့်တင်ဆက်သွားမည်ဖြစ်သည်။ ပထမဆုံးအပိုင်းကိုစက်တင်ဘာလ ၂၉ ရက်နေ့တွင်တယ်လီနောမြန်မာ Facebook တွင်စတင်ပြသခဲ့ပြီး ယနေ့အချိန်ထိအပိုင်း ၅ ပိုင်းကိုပြသခဲ့ပြီးဖြစ်သည်။ ဇာတ်လမ်းတွဲများအား တယ်လီနောမြန်မာ၏ YouTube စာမျက်နှာနှင့် WowBox တို့တွင်လည်း တင်ဆက်ထားမည်ဖြစ်၍ ကြည့်ရှုလိုသူများအနေဖြင့် ဤပညာပေးဇာတ်လမ်းတွဲအား အချိန်မရွေးကြည့်ရှုနိုင်မည်ဖြစ်သည်။

UK

အူရီဒူးမြန်မာမှ ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောဝတီတိုင်းတွင် ဒုတိယအကြိမ်လှူဒါန်း

အူရီဒူးမြန်မာမှ ဧရာဝတီတိုင်းဒေသကြီးရှိ ကနီလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် လယ်တီဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့တွင် ကျပ်သိန်း(၄၀၀)အားဒီဇင်ဘာ ၅ ရက်ကလှူဒါန်းခဲ့သည်။ ယခုလှူဒါန်းမှုမှာ ဧရာဝတီတိုင်းဒေသကြီး တွင်ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအကြိမ်လှူဒါန်းခြင်းဖြစ်ပြီး "မိနစ်များများပြောလေ၊ အူရီဒူးမှ များများလှူလေ"ဟူသည့် လူမှုအကျိုးပြုလုပ်ငန်းမှစုဆောင်းရရှိသောငွေပမာဏများမှ လှူဒါန်းခြင်းဖြစ်သည်။

အူရီဒူးအနေနှင့်လည်း ပညာရေးသည်တိုင်းပြည်တိုးတက်ရေးနှင့် နိုင်ငံသားများအတွက်လွန်စွာ အရေးပါကြောင်းအသေအချာနားလည်သဘောပေါက်ပါသည်။ ယခုအခါတွင်လည်း အူရီဒူးသည်"မိနစ်များများပြောလေ၊ အူရီဒူးမှ များများလှူလေ"ဟူသည့် လူမှုအကျိုးပြုလုပ်ငန်းမှတစ်ဆင့်လိုအပ်နေသော အဖွဲ့အစည်းများရှိကလေးငယ်များအား သင့်လျော်သောသင်ကြားရေးပတ်ဝန်းကျင်ဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်များနှင့်မြန်မာတစ်နိုင်ငံလုံးအား ပံ့ပိုးကူညီလျက်ရှိသည်။

"ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကနီလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် လယ်တီဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှာ ကျေးလက်ဒေသပညာရေးအတွက် ဒီလိုငွေကြေးထောက်ပံ့လှူဒါန်းခွင့်ရတဲ့အတွက် ကျွန်တော်တို့ကျေနပ်နွေးထွေးမှုကို ခံစားရပါတယ်။ ကျွန်တော်တို့ရဲ့လူမှုအကျိုးပြုလုပ်ငန်းတွေနဲ့ ခေတ်မီနည်းပညာတွေကနေတစ်ဆင့်ပြည်သူတွေရဲ့လူနေမှုဘဝတွေကို တိုးမြှင့်စေဖို့ကူညီပေးနိုင်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ကျွန်တော်တို့မိသားစုဝင်များကဲ့သို့ လိုအပ်တဲ့ကူညီမှုများပေးဖို့အသင့်ရှိနေပါတယ်"ဟု အူရီဒူးမြန်မာ၏ Head of Corporate Communications ဖြစ်သူ ဦးတင့်နိုင်ထွဋ်မှ ပြောကြားခဲ့သည်။

၁၉၅၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကနီလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသည် ဧရာဝတီတိုင်းဒေသကြီးရှိ ဖျာပုံမြို့နယ်၊ ကနီရွာတွင်တည်ရှိသည်။ ၎င်းလူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာအား ဆရာတော်ဦးပဏ္ဍိတနှင့် ကနီလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ဥက္ကဋ္ဌဖြစ်သူ ဦးဋ္ဌေးလွင်မှဦးဆောင်၍စီမံခန့်ခွဲပါသည်။ ကျောင်းသူကျောင်းသား ၁၃၃ ယောက်သည်မူလတန်းမှအထက်တန်းကျောင်းပညာရေး အပြင်အသက်မွေးဝမ်းကျောင်းပညာများပါလေ့လာသင်ယူလျှက်ရှိသည်။

လယ်တီဘုန်းတော်ကြီးသင်ပညာရေးကျောင်းအား ဆရာတော်ဦးတိက္ခဥာဏမှ စီမံအုပ်ထိန်းပြီး ကျောင်းသားကျောင်းသူပေါင်း ၁၇၀ ဦးအားမူလတန်းအဆင့်မှ အထက်တန်းအဆင့်ထိပညာသင်ကြားလျက်ရှိပါသည်။ ဤဘုန်းတော်ကြီးသင်ပညာရေးကျောင်းအား ၂၀၁၂ ခုနှစ်တွင်စတင်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်တွင်တည်ရှိသည်။

လွန်ခဲ့သော ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် အူရီဒူးသည် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်(၈)ရပ်ကွက်၊ အောင်မင်္ဂလာ (၄)လမ်းရှိအောင်သပြေဘုန်းတော်ကြီးစာသင်ကျောင်းနှင့် ဝါးယားချောင်းကျေးရွာရှိ ပညာပါရမီဘုန်းတော်ကြီးစာသင်ကျောင်းတို့၌ ကျောင်းအဆောက်အအုံတည်ဆောက်ရန် မြန်မာငွေသိန်း (၁၀၀) အားလှူဒါန်းခဲ့သည်။ ထို့ကြောင့်ယခုအခါတွင် အူရီဒူးမြန်မာသည် ဧရာဝတီတိုင်းဒေသ၏ ပညာရေးနှင့်လူမှုပတ်ဝန်းကျင်တိုးတက်ရေးအတွက် "မိနစ်များများပြောလေ အူရီဒူးမှများများလှူလေ"လူမှုအကျိုးပြုလုပ်ငန်းမှ တစ်ဆင့်စုစုပေါင်းကျပ် သိန်း(၇၀၀)အားလှူဒါန်းခဲ့ပြီးဖြစ်သည်။

UK

မြန်မာနိုင်ငံ၏ အခွန်ပေးဆောင်မှုအများဆုံး နိုင်ငံခြားကုမ္ပဏီအဖြစ် တယ်လီနောမြန်မာရပ်တည်

တယ်လီနောမြန်မာသည် ၂၀၁၇/၁၈ အခွန်စည်းကြပ်နှစ်အတွင်း မြန်မာနိုင်ငံတွင် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် နိုင်ငံခြားကုမ္ပဏီများအနက် ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နေကြောင်းနိုဝင်ဘာ ၂၉ ရက်သတင်းထုတ်ပြန်ချက်အရသိရသည်။

မြန်မာနိုင်ငံအစိုးရ၏ ထုတ်ပြန်ခဲ့သည့်ကြေညာချက်အရ တယ်လီနောမြန်မာသည် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သော နိုင်ငံခြားကုမ္ပဏီအဖြစ် နံပါတ် ၁ နေရာ၌ရပ်တည်နိုင်ခဲ့ပြီး ကျပ်ငွေဘီလျံ ၅၀ ကျော်အခွန်ပေးဆောင်ခဲ့သည့် တစ်ခုတည်းသောနိုင်ငံခြားကုမ္ပဏီဖြစ်ကြောင်း ဝင်ငွေခွန်ပေးဆောင်မှုအများဆုံး နိုင်ငံခြားကုမ္ပဏီများစာရင်းတွင်လည်း တယ်လီနောမြန်မာကဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ တယ်လီနောမြန်မာသည် ယခုစည်းကြပ်နှစ်တွင် ဝင်ငွေခွန်အဖြစ်ကျပ်ငွေ ၈၀ဘီလျံကျော်ပေးဆောင်ခဲ့ပြီး ၂၀၁၆/၁၇ အခွန်စည်းကြပ်နှစ်တွင် ဝင်ငွေခွန်ပေးဆောင်မှုအများဆုံး နံပါတ် ၅ နေရာမှ ယခုနှစ်တွင်နံပါတ် ၂ နေရာသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တယ်လီနောအနေဖြင့် မြန်မာနိုင်ငံတွင်လုပ်ငန်းစတင်သည် အချိန်မှစ၍ ယခုအခွန်စည်းကြပ်နှစ်အထိ ဝင်ငွေခွန်အဖြစ်ကျပ်ငွေ ၂၄၁ ဘီလျံကျော်နှင့် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကျပ်ငွေ ၈၁ ဘီလျံကျော်အသီးသီးထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ ကုမ္ပဏီအနေဖြင့် ယင်းကာလအတွင်းအခွန်အမျိုးအစားများစွာအတွက် ကျပ်ငွေ ၄၄၁ ဘီလျံကျော်အား နိုင်ငံတော်အစိုးရထံ အခွန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

"၂၀၁၇/၁၈ အခွန်စည်းကြပ်နှစ်အတွက် တယ်လီနောမြန်မာဟာကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်မှုစာရင်းမှာနံပါတ် ၁ နေရာနဲ့ ဝင်ငွေခွန်ပေးဆောင်မှုစာရင်းမှာ နံပါတ် ၂ နေရာအသီးသီးရပ်တည်နိုင်ခဲ့တယ်ဆိုတာ သိရတဲ့အတွက်အလွန်ဝမ်းသာဂုဏ်ယူမိပါတယ်။ တယ်လီနောအနေနဲ့ မြန်မာနိုင်ငံမှာ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ လုပ်ငန်းဆောင်ရွက်နေတဲ့တာဝန်သိကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်ဖို့အမြဲတမ်းရည်သန်လုပ်ဆောင်နေပြီး ဒီအခွန်ငွေတွေဟာ မြန်မာနိုင်ငံလိုဖွံ့ဖြိုးဆဲဈေးကွက်တစ်ခုအတွက် အလွန်အရေးပါတယ်ဆိုတာ အပြည့်အဝနားလည်ထားပါတယ်။ တယ်လီနောမြန်မာရဲ့အခွန်ပေးဆောင်မှုတွေဟာ ပြည်သူတွေရဲ့လူနေမှုဘဝတွေကို ပိုမိုမြင့်တက်လာစေနိုင်ပြီး အစိုးရအတွက်လည်းသိသိသာသာ အကျိုးရှိစေမယ့်ဘဏ္ဍာရေးအထောက်အကူတစ်ရပ်လည်း ဖြစ်လာစေမှာဖြစ်ပါတယ်"ဟုတယ်လီနောမြန်မာ၏ကော်ပိုရိတ်ရေးရာ အရာရှိချုပ် Mr.Hans Martin Hoegh Henrichsen ကပြောကြားသည်။

UK

Mytel မှ ၁၉ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ အားပါဝင်ထောက်ပံ့

ဆက်သွယ်ရေးအော်ပရေတာ Mytel သည် ၁၉ ကြိမ်မြောက်အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (AUG) ၏"အထူးဆက်သွယ်ရေး မိတ်ဖက်"အနေဖြင့် ပါဝင်ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၄ရက်၊ သတင်းထုတ်ပြန်ချက်အရသိရသည်။ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (AUG) သည်အာဆီယံနိုင်ငံများရှိ တက္ကသိုလ်မှအားကစားသမားများပါဝင်ဆင်နွှဲကြသည့် ၂နှစ် တစ်ကြိမ်ကျင်းပသော အားကစားပြိုင်ပွဲဖြစ်သည်။ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (AUG) အား ၁၉၈၁ ခုနှစ်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်ပြုလုပ်သွားမည်ဖြစ်သော ၁၉ ကြိမ်မြောက် AUG ပွဲအား မြန်မာနိုင်ငံမှပထမဦးဆုံးအနေဖြင့် နေပြည်တော်တွင် ဒီဇင်ဘာလ၊ ၈ရက်မှ ၁၉ရက်အထိလက်ခံကျင်းပသွားမည်ဖြစ်သည်။

"အသစ်လွင်ဆုံးသော ဆက်သွယ်ရေးအော်ပရေတာတစ်ခုအဖြစ်သာမကနိုင်ငံတစ်ခုလုံးမှာ 4G ကွန်ရက်အကြီးမားဆုံးနဲ့ အော်ပရေတာအဖြစ် ရပ်တည်လျက်ရှိတဲ့ Mytel က ၂နှစ်တစ်ကြိမ် ကျင်းပလေ့ရှိတဲ့ AUG ပွဲမှာ တစ်ဖက်တစ်လှမ်းကပါဝင်ထောက်ပံ့ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အာဆီယံအသိုင်းအဝိုင်းများရဲ့ မျှော်လင့်ချက်နဲ့ ရည်မှန်းချက်များနည်းတူအခုကျင်းပပြုလုပ်သွားမယ့် အားကစားပြိုင်ပွဲကတဆင့် အာဆီယံနိုင်ငံများအကြား စည်လုံးညီညွတ်ခြင်းကို အကောင်းဆုံးထောက်ပံ့ပေးနိုင်မယ်လို့ယုံကြည်တဲ့အပြင် အာဆီယံနိုင်ငံအချင်းချင်း ယဉ်ကျေးမှုတွေဖလှယ်သွားနိုင်ဖို့အခွင့်အလမ်းတွေ ပိုမိုကျယ်ပြန့်လာနိုင်မယ်လို့လည်း Mytel ကယုံကြည်ပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ အခြားလက်တွဲလုပ်ကိုင်တဲ့အဖွဲ့အစည်းအများက တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ဒီ AUG ပွဲစဉ်တွေကောင်းမွန်စွာ ဖြစ်မြောက်ပြီးစီးသွားရေးအတွက်လည်းတစ်တပ်တစ်အား ကူညီလုပ်ကိုင်ပေးသွားဖို့ရည်ရွယ်ထားပါတယ်"ဟု Mytel ၏ပြင်ပဆက်ဆံရေးအမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးဇော်မင်းဦးမှပြောသည်။

အဆိုပါအားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိအားကစားသမားပေါင်း ၁၄၀၀ ကျော်ပါဝင်ယှဉ်ပြိုင်မှာဖြစ်ကြောင်း ဘောလုံး၊ ပိုက်ကျော်ခြင်း/ခြင်းလုံး၊ ကြက်တောင်ရိုက်၊ ဘတ်စကတ်ဘော၊ မြားပစ်၊ ပြေးခုံပစ်၊ ဘော်လီဘော၊ ဗိုဗီနမ်၊ ချက်စ်၊ ရေကူး၊ ဂေါက်၊ လေ့လော့ခြင်းနှင့် အခြားသောအားကစားများပါဝင်ကစားသွားမည်ဖြစ်သည်။ အဆိုပါအားကစားပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံအားကစားကွင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် မြားပစ်အားကစားကျင်းပရာနေရာများတွင် ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

UK

အူရီဒူးမြန်မာ၏ 4G နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း(၃၀၀)သို့ ရောက်နေပြီ

အူရီဒူးမြန်မာ၏ 4G ကွန်ရက်အား မြန်မာနိုင်ငံတစ်ဝှမ်းရှိမြို့နယ်ပေါင်း (၃၀၀)မြို့နယ်တွင် ဖြန့်ကြက်လွှမ်းခြုံနိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာ (၃၀)ရက်နေ့ သတင်းထုတ်ပြန်ချက်အရသိရသည်။

အူရီဒူးမြန်မာသည် စဉ်ဆက်မပြတ်ကွက်ရက်ချဲ့ထွင်မှုကြောင့် လူဦးရေ (၂၆)သန်း ဝန်ကျင်သောပြည်သူများအနေနှင့် အူရီဒူး၏မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုများကို အသုံးပြုနေပြီဖြစ်သည်။ ၎င်းတို့၏ ကွန်ရက်ချဲ့ထွင်မှုအပြင် အူရီဒူးသည်မြန်မာနိုင်ငံတွင် Voice over LTE (VoLTE) အား လက်တွေ့သရုပ်ပြသနိုင်ခဲ့သည်။ 4G Pro ကွန်ရက်သရုပ်ပြမှုပြုလုပ်ခဲ့ခြင်းဖြင့် ၎င်းတို့၏ 5G ဝန်ဆောင်မှုကိုပေးအပ်ရန် အဆင်သင့်ဖြစ်နေကြောင်းပြသခဲ့သည်။

အူရီဒူးမြန်မာ၏ Chief Executive Officer ဖြစ်သူ Mr.Vikram S-inha သည် "ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံက မြို့နယ်ပေါင်း (၃၀၀) အထိ အမြန်ဆုံး 4G ကွန်ရက်ကို ဖြန့်ကြက်နိုင်ခဲ့လို့ တကယ်ကိုဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ရဲ့ဆန်းသစ်တဲ့ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေကနေတစ်ဆင့် မြန်မာနိုင်ငံကပြည်သူတွေရဲ့ ဘဝတွေတိုးတက်အောင်လုပ်ဆောင်ပေးသွားမှာလည်းဖြစ်ပါတယ်။ အခုဆိုအူရီဒူးအနေနဲ့ ဒီအောင်မြင်မှုမှတ်တိုင်တွေနဲ့အတူ လူဦးရေစုစုပေါင်း (၉၂%)လောက်အထိ လွှမ်းခြုံနိုင်ခဲ့ပြီးအမြန်ဆုံး 4G ကွန်ရက်ရဲ့အားသာချက်တွေကိုလည်း လက်တွေ့အသုံးပြုလာနိုင်ကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့သားတွေအားလုံးကလည်း ပိုပြီးအားကောင်းတဲ့လွှမ်းခြုံမှုတွေ၊ သုံးစွဲသူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက်မမောနိုင်မပန်းနိုင် အစွမ်းကုန်ဆက်လက်ကြိုးစားနေပါတယ်" ဟုပြောကြားခဲ့သည်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဧရာဝတီတိုင်းဒေသကြီးတွင် (၂၆) မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် (၂၈)မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် (၂၅)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၈)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၃၃)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၁၀)မြို့နယ်၊ နေပြည်တော်ကောင်စီနယ်နမိတ်တွင် (၈)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၄၄)မြို့နယ်၊ ချင်းပြည်နယ်တွင် (၇)မြို့နယ်၊ ကချင်ပြည်နယ်တွင် (၁၃)မြို့နယ်၊ ကယားပြည်နယ်တွင် (၅)မြို့နယ်၊ ကရင်ပြည်နယ်တွင် (၇)မြို့နယ်၊ မွန်ပြည်နယ်တွင် (၁၀)မြို့နယ်၊ ရခိုင်ပြည်နယ်တွင် (၁၅)မြို့နယ်နှင့် ရှမ်းပြည်နယ်တွင် (၄၁) မြို့နယ်တို့တွင် အူရီဒူး 4G လွှမ်းခြုံပြီးဖြစ်ကြောင်းသိရသည်။

UK

MPT ၏ ဘောလုံးပွဲတော်များနှင့် အသက် (၁၄)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲများမှ ကြီးမားသည့်အောင်မြင်မှုရရှိ

MPT က မြန်မာနေရှင်နယ်လိဂ် MNL၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF အပြင် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မျိုးဆက်သစ်ဘောလုံးအားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ လူငယ်ဘောလုံးပွဲတော်များနှင့် အသက် (၁၄)နှစ်အောက် ဘောလုံးပြိုင်ပွဲများကိုနိုင်ငံတစ်ဝှမ်းကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားများတက်ကြွစွာပါဝင်ဆင်နွှဲခဲ့ကြပြီး၊ အသက် (၁၄)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲများကို ဇူလိုင်လမှစ၍ကျင်းပပြုလုပ်ပေးခဲ့သည်။ လူငယ်ဘောလုံးပွဲတော်များကိုမန္တလေး၊ မုံရွာ၊ ပဲခူး၊ မော်လမြိုင်၊ စစ်တွေ၊ ပုသိမ်၊ တောင်ကြီးမြို့များတွင်ကျင်းပပြုလုပ်ပေးခဲ့ပြီး ဘောလုံးအသင်းပေါင်း (၁၀၀)ကျော်ကို အုံ့အားသင့်ဖွယ်ကောင်းလောက်အောင် ဆွဲဆောင်ပါဝင်လာစေရန် ဆွဲဆောင်နိုင်ခဲ့သည့်အပြင် နောင်လမည့်လူငယ်မျိုးဆက်သစ်များပေါ်ထွန်းလာစေရေးအတွက် MPT ၏ နှလုံးသားထဲကမြန်မာအစီအစဉ်၏ လူမှုအကျိုးပြုလုပ်ငန်းအနေဖြင့် လူငယ်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ MPT-KSGM ၏အရာရှိချုပ်ဖြစ်သူ Mr.Benino က၊ ကျွန်တော်တို့ရဲ့မိတ်ဖက်များနှင့်အတူ မြန်မာ့အားကစားတိုးတက်မှုပါဝင် ခွင့်ရရှိ၍ ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ လူငယ်ကစားသမားများအနေဖြင့် နည်းပြတစ်ဦးချင်းစီရဲ့အတွေ့အကြုံကောင်းတွေကို သင်ယူလေ့လာနိုင်ခြင်းဖြင့် အဆင့်အတန်းတစ်ခုမှာရပ်တည်နေနိုင်မှာဖြစ်သည့်အတွက် မှန်ကန်တဲ့ လမ်းညွှန်ပြသမှုအောက်မှာ သင်ယူလေ့လာနိုင်ခြင်းတွေနဲ့အတူ နိုင်ငံရဲ့ဘောလုံးအားကစားကိုမြှင့်တင်ကြရန်တိုက်တွန်းပြောကြားခဲ့ပြီး၊ ယခုကဲ့သို့ ဘောလုံးအားကစားတိုးတက်ရေးအတွက် အမြဲပံ့ပိုးပေးခဲ့ကြသူများအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဘောလုံးပွဲတော်များနှင့် (၁၄) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲများမှ လူငယ်အားကစားသမားများအတွက်ကြီးမားသည့် အောင်မြင်မှုရရှိခဲ့ပါကြောင်းပြောကြားသွားခဲ့သည်။

လှမျိုး-ဆ.သ.ရ

MPT ၏ LTE+ ကွန်ရက်ကို ယခုနှစ်နိုဝင်ဘာလအထိ မြို့နယ်ပေါင်း (၂၅၆)မြို့၌ ကွန်ရက် လွှမ်းခြုံထားနိုင်ပြီးဖြစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT က ၎င်း၏မြန်နှုန်းမြင့် LTE+ ကွန်ရက်ကို မြို့ပေါင်း(၄၀)ထပ်မံတိုးချဲ့ချိတ်ဆက်နိုင်ခဲ့ခြင်းကြောင့် ယခုလက်ရှိအချိန်အထိ မြို့ပေါင်း(၂၅၆)မြို့နယ်တွင် MPT ၏ LTE+ ကို လွှမ်းခြုံထားနိုင်ပြီဖြစ်ကြောင်းသိရသည်။ ၎င်းအပြင် MPT ၏ LTE+ ကို ၂၀၁၈ အကုန်တွင် မြို့ နယ်ပေါင်း (၃၀၀)ကျော်အထိ ဖြန့်ကျက်လွှမ်းခြုံနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဆက်လက်၍ MPT-KSGM မှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် LTE+ ကို အောက်တိုဘာလအတွင်း မြို့ပေါင်း (၂၀၀)ကျော်ဖြန့်ကျက်ထားပြီး နိုဝင်ဘာလအတွင်း မြို့ပေါင်း(၄၀)ကျော် ဖြန့်ကျက်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုအခါမြို့နယ်ပေါင်း (၂၅၆)မြို့တွင် LTE+ ကို ဖြန့်ကျက်ထားပြီးဖြစ်ကြောင်းသိရသည်။ ယခုအခါ အသစ်ထပ်မံတိုးချဲ့လိုက်တဲ့ မြို့နယ်တွေမှာ MPT ၏ လျင်မြန်၊ မြန်ဆန်တဲ့ 4 × 4 MIMO စနစ်သုံး 4G LTE+ ကို ကွန် ရက်ပေါ်ကနေသုံးစွဲသူတွေရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေကို မိတ်ဆွေ၊ မိသားစုများနှင့်အတူ ချိတ်ဆက်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် MPT ဝန်ထမ်းများ၏ ယခုလိုအားတက်သရော ဆောင်ရွက်ချက်တွေကြောင့် ၂၀၁၈ အကုန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြိုးစားဆောင်ရွက်မှုတွေကြောင့် မြို့နယ်ပေါင်း (၃၀၀)ကျော်တွင် 4G LTE+ ကို အများပြည်သူသုံးစွဲသူများအနေဖြင့် ရရှိခံစားနိုင်မည်ဖြစ်ကြောင်းသိရရှိသည်။

လှမျိုး- ဆ. သ. ရ

MPT
Moving Myanmar Forward

e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံကျင်းပ

e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ကျင်းပရာ e- Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက e- Government ကို အကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်မှာ အစိုးရနှင့် ပြည်သူများအကြား၊ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများအကြား၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား၊ အစိုးရဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန် ကောင်းမွန်လာစေရေးဖြစ်ပါကြောင်း၊ e- Government သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုကို ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုအဖြစ် ကူးပြောင်းနိုင်ရေးအတွက် စွမ်းဆောင်ပေးနိုင်သကဲ့သို့ နိုင်ငံ၏ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် e- Government သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာသည့် ဖွံ့ဖြိုးမှုညွှန်းကိန်း(Development Indicator) တစ်ခုလည်းဖြစ်ပါကြောင်း။

နိုင်ငံများ၏ e- Government ဖွံ့ဖြိုးမှုကို တိုင်းတာရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ e- Government ဖွံ့ဖြိုးမှုညွှန်းကိန်း(၃)ခုဖြင့် တိုင်းတာတွက်ချက်သည်ကိုတွေ့ရှိရပါကြောင်း၊ အဆိုပါညွှန်းကိန်း(၃)ခုမှာ **"အွန်လိုင်းဝန်ဆောင်မှုများညွှန်းကိန်း၊ တယ်လီကွန်မြူနီကေးရှင်း ညွှန်းကိန်းနှင့် လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း"** တို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ e- Government ညွှန်းကိန်းကိုကြည့်မည်ဆိုလျှင် ၂၀၁၆ ခုနှစ်က နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် အဆင့် ၁၆၉ ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ်တွင်အဆင့် ၁၅၇ သို့တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် e- Government ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e- Government စနစ်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ICT Infrastructure များတည်ဆောက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကိုပြသသည်။ ယင်းနောက် e- Government ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦး၊ Huawei Co.,Ltd CEO Mr.Liman Zhang နှင့် Ease Net Co.,Ltd CEO ဦးကျော်မိုးနိုင်တို့က e- Government Conference and ICT Exhibition 2018 (နေပြည်တော်)ညီလာခံကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ e- Government Conference and ICT Exhibition 2018 (နေပြည်တော်)ကိုနိုဝင်ဘာ ၂၇ရက်မှ ၂၈ရက်အထိကျင်းပခဲ့သည်။ Transcom

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၏ အမျိုးသားလွှတ်တော် အမေးအဖြေကဏ္ဍ

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးကျော်နီနိုင်၏ ရှမ်းပြည်နယ် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ခရီးသည် ၁၀ဦးနှင့်အထက် စီးနင်းလိုက်ပါနိုင်မည့် အသေးစားလေယာဉ်ကွင်းငယ် ဖြစ်မြောက်ရေး၊ လေယာဉ်ခရီးစဉ် ပုံမှန်ပျံသန်းခွင့်ရရှိရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို နိုင်ငံတော်အစိုးရမှ ကြီးကြပ်လမ်းညွှန်ပေးပြီးအောင်မြင်စွာ အကောင်အထည်ဖော်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးကျော်မျိုးက ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေယာဉ်ကွင်းငယ်တည်ဆောက်ရေးမှာ မြန်မာနိုင်ငံ၏ Transport Master Plan နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လျာထားစီမံချက်များတွင် မပါဝင်သော်လည်း လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသည့် မြေနေရာအဆင်သင့်ဖြစ်ခြင်း၊ ကုန်ကျစရိတ်အတွက် အလှူရှင်နှင့် အဖွဲ့အစည်းများရှိခြင်းတို့အပေါ် အခြေခံ၍ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အစီအစဉ်ဖြင့် ခရီးသည် ၁၀ဦးနှင့် အထက်စီးနင်းလိုက်ပါနိုင်မည့် လေယာဉ်ငယ်များ ဆင်းသက်အသုံးပြုနိုင်ရန် လေယာဉ်ကွင်းငယ်တစ်ခုတည်ဆောက်မည်ဆိုပါက သက်ဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဦးစွာညှိနှိုင်းဆွေးနွေးပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအာဏာပိုင်အဆင့်ဆင့်သို့ တင်ပြ၍ လမ်းညွှန်မှုနှင့် သဘောတူခွင့်ပြုချက်များရယူရန်လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်များရရှိပါက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နည်းပညာနှင့် လေကြောင်းဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အချက်အလက်များပြီးပြည့်စုံသည့်အခါတွင် ဆောင်ရွက်မည့် အစီအမံများနှင့်အတူ ဝန်ကြီးဌာနမှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် ၁၂မှ ဒေါ်သီရိရတနာ၏ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း ရေဘေးကြုံတွေ့ခဲ့ရမှုအပေါ် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး ယင်းဆုံးရှုံးမှုများအား အနာဂတ်တွင် ဖြစ်ပေါ်မှုလျော့နည်းစေရေး၊ ထိခိုက်မှုအနည်းဆုံးလျှော့ချနိုင်ရေး၊ ရေရှည်စီမံကိန်းများရေးဆွဲနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့အား ပူးတွဲ၍ အသေးစိတ်ကွင်းဆင်းလေ့လာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးကျော်မျိုးက ဘီးလင်းမြစ် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ဆည်မြောင်းနှင့် ရေးအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြန်မာ့မီးရထား၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လာမည့် (၃)နှစ်အတွင်း ဆောင်ရွက်မည့် ရေတိုအစီအမံများ၏ ခန့်မှန်းကုန်ကျစရိတ်များကို မွန်ပြည်နယ် အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေသို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေရှည်အစီအမံဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်မည့် ရေလှောင်တမံ (၃)ခုနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းများ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုရန်ပုံငွေသို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရေရှည်တွင် ဘီးလင်းမြို့နယ်အတွင်း ရေဘေးကြုံတွေ့မှုမရှိစေရေး၊ အနာဂတ်တွင် ဖြစ်ပေါ်မှုလျော့နည်းစေရေး၊ ထိခိုက်မှုအနည်းဆုံးလျှော့ချနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့အပြင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဘီးလင်းမြစ် ရေကြီးရေလျှံမှု လျော့ပါးစေရေးကော်မတီ၏ ဆက်စပ်ဌာနများမှ ရေတို၊ ရေရှည်အစီအမံများ ရေးဆွဲဆောင်ရွက်ထားပြီးဖြစ်ပါ၍ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

တင်မောင် (ပို့/ဆက်)

အကြိမ် (၄၀)မြောက် အာဆီယံရထားအလုပ်အမှုဆောင်အရာရှိချုပ်များ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပ

အကြိမ် (၄၀)မြောက် အာဆီယံရထားအလုပ်အမှုဆောင် အရာရှိချုပ်များအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ (၂၇)ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံရထားအသင်းဝင်များ ဖြစ်ကြသည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေး ရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ် များ၊ အမှုဆောင်အရာရှိချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ရထားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် နှစ်တိုနှစ်ရှည်စီမံကိန်းလုပ်ငန်းများကို မိမိကိုယ်ပိုင်ဘဏ္ဍာငွေနှင့်သာမက ပြည်တွင်း၊ ပြည်ပဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများ၏ နည်းပညာအကူအညီရယူခြင်းများ၊ အထောက်အပံ့ရယူခြင်းများ၊ ချေးငွေရယူဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း အချို့သောစီမံကိန်းများမှာ ရှောင်လွှဲ၍မရသည့်အခက်အခဲများ၊ ပြဿနာများကို ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ရထားပို့ဆောင်ရေးစနစ်သည် အိမ်နီးချင်းအာဆီယံနိုင်ငံများနှင့်စာလျှင် အများကြီးနောက်ကျ ကျန်နေခဲ့ပါကြောင်း၊ ထို့ကြောင့် မိတ်ဆွေများ၏ ကောင်းမွန်စံပြုရမည့် အားသာချက်များ၊ အတွေ့အကြုံကောင်းများ၊ အခွင့်အရေးများ၊ စိန်ခေါ်မှုများကို လေ့လာဆည်းပူးအတုယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့်တက်ရောက်လာကြသည့် အာဆီယံမီးရထားအသင်းဝင်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အကြိမ် (၄၀)မြောက် အာဆီယံရထားအလုပ်အမှုဆောင် အရာရှိချုပ်များ၊ အစည်းအဝေးကို နိုဝင်ဘာ(၂၇)ရက်မှ (၂၉)ရက်နေ့အထိ သုံးရက်တိုင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အာဆီယံမီးရထားအဖွဲ့ဝင်နိုင်ငံ (၇)နိုင်ငံမှအဖွဲ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေး၊ Techanical working group နှင့် Marketing and Operating စသည့် အစည်းအဝေးသုံးခုကို တစ်ပြိုင်တည်းကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ် TRANSCOM NEWS JOURNAL
www.transcomjournal.com

မူးမြစ်နှင့် ဧရာဝတီမြစ် ကမ်းထိန်းလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီးကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးသန်းညွန့်ဝင်း၊ ဝက်လက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ (၂၂)ရက်တွင် မူးမြစ်ရေ တိုက်စားမှုမှကာကွယ်ရန် တည်ဆောက်ထားရှိသော သံခြင်းအခြေပြု မြေထိန်းနံရံ (၂၃၀၀)ပေ လုပ်ငန်းနှင့် ဝက်လက်မြို့နယ်၊ မူးကြိုးကျေးရွာ သံခြင်းအခြေပြု ကျောက်စီတမံ အလျား (၁၂၀၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ မူးမြစ်အတွင်း ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ၂နှစ်ခွဲအတွင်း နေရာပေါင်း (၂၀)တို့အား ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့မှ စုစုပေါင်းကျပ်သန်း (၂၇၀၀)ကျော် သုံးစွဲကာ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကြောင့် ကျေးရွာချင်းဆက် လမ်းများ၊ စိုက်ပျိုးမြေများ၊ လူနေအိမ်ခြေများနှင့် သာသနိကအဆောက်အအုံများကို မူးမြစ်ရေတိုက်စားမှုနှင့် ရေကြီးရေလျှံမှုတို့မှ ကာကွယ်ပေးနိုင်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဧရာဝတီမြစ်ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် တည်ဆောက်ထားရှိသော ဖရဲကျွန်းအရှေ့ရွာ ကျောက်စီတမံ အလျား (၁၄၀၀)ပေနှင့် ဖရဲကျွန်းအနောက်ရွာတွင် တည်ဆောက်ထားရှိသော ကျောက်စီတမံအလျား (၉၀၀)ပေတည်ဆောက်ထားမှုအား သွားရောက်စစ်ဆေးခဲ့ပါသည်။ ထိုသို့လုပ်ငန်းများ သွားရောက်စစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးမှ တာဝန်ရှိသူများအား တွေ့ဆုံပြီးမှာကြားရာတွင် ပြီးခဲ့သည့် ၂နှစ်ခွဲကာလအတွင်း ရေလမ်းကြောင်းပြောင်းလဲရေး လုပ်ငန်း (၂၂)ခု၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၄၇၆) ခု စုစုပေါင်း (၄၉၈)ခု ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် တော်ရုံတန်ရုံရေကြီးမှုနှင့် ရေတိုက်စားမှုဒဏ်ကို ခံနိုင်ရည်ရှိပြီဖြစ်ကြောင်း မိမိတို့မှာ မြစ်ကို ရေလမ်းကြောင်းမှန်ကန်စွာ စီးဆင်းရေးဆောင်ရွက်ပေးမှသာ ကမ်းပြိုမှုများ လျော့နည်းသက်သာလာမည်ဖြစ်ကြောင်း၊ ရေလမ်းကြောင်းကောင်းလာပြီး နွေရာသီရေနည်းချိန်တွင် ကွန်တိန်နာသင်္ဘောအဆင့်ထိ သွားလာနိုင်မည့် ရေအနက်ရရှိရေးအတွက် မြစ်၏ အကျယ်ရေစီးဆင်းမှုနှုန်း၊ ရေအနက်၊ မြစ် ကြမ်းပြင်ချောမွေ့မှု သဲနုန်းကျဆင်းမှုတို့ကို လိုသလိုထိန်းသိမ်းနိုင်သော ရေလမ်းကောင်းမွန်ရေးအစီအမံများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လတ်တလောအနေဖြင့် ပြည်သူလူထုမှ တင်ပြလာသည့် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ကမ်းထိန်းလုပ်ငန်းများ၊ အရေးပေါ်အခြေအနေအရ မဖြစ်မနေဆောင်ရွက်သင့်သော လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထိုသို့ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သည့် မြေထိန်းနံရံများဖြစ်စေရေး၊ အရည်အသွေးပြည့်မီရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းရှာဖွေ ကြံဆနိုင်ရေးတို့ကို ဆောင်ရွက်သွားကြရန် မှာကြားခဲ့ ကြောင်းသတင်းရရှိသည်။

တင်မောင်-ပို့/ဆက်

(၁၈)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ ဒုတိယဝန်ကြီးဦးသာဦး တက်ရောက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသာဦးသည် (၁၈)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်၍ အာဆီယံနိုင်ငံများအတွင်း ဒစ်ဂျစ်တယ်အီကိုစနစ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ မျှတသော ဒစ်ဂျစ်တယ်ပလက်ဖောင်း မူဝါဒများချမှတ်နိုင်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များမြင့်မားလာစေရန် ပြုစုပျိုးထောင်နိုင်ရေး ဆိုက်ဘာလုံခြုံရေးဆိုင်ရာအစီအမံများ အားကောင်းလာနိုင်စေရေး ဆက်လက်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များအားအခြား အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းရှိ Ubud မြို့တွင် ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်မှ (၆)နေ့ရက်အထိကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံဆက်သွယ်ရေးကဏ္ဍ ဆွေးနွေးဘက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ဒုတိယဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာကြေးနန်းအဖွဲ့ချုပ် (ITU) မှ အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာကိစ္စရပ်များအပေါ် အမြင်များဆွေးနွေးဖလှယ်ခြင်း၊ ၂၀၁၈ခုနှစ်အတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဆွေးနွေးဘက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) နှင့် အာဆီယံနိုင်ငံများအကြား ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း ASEAN ICT Award 2018 အတွက် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် Ubud ကြေညာစာတမ်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ASEAN ICT Award 2018 ပြိုင်ပွဲအားကဏ္ဍ(၆)ခုဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ခုနစ်ဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ရာ CSR (Cooperate Social Responsibility) ကဏ္ဍတွင် OnDoctor Application ဖြင့်လည်းကောင်း၊ Startup ကဏ္ဍတွင် Shwe Bite Application ဖြင့်လည်းကောင်း၊ ရွှေတံဆိပ်ဆု တစ်ခုစီရရှိခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံ Ministry of Information and Communications မှ ဝန်ကြီး H.E. Nguyen Manh Hung ၊ ဂျပန်နိုင်ငံ Ministry of Internal Affairs and Communications မှ ဒုတိယဝန်ကြီး H.E. Katsuya Watanabe နှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Intustry and Information Technology မှ ဒုတိယဝန်ကြီး H.E. Chen Zhaoxing တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စာပို့တိုက်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်းသတင်းရရှိပါသည်။ ၎င်းအပြင် ဒုတိယဝန်ကြီးသည် Facebook မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဆိုရှယ်မီဒီယာအသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကိစ္စရပ်များ မြှင့်တင်နိုင်ရေး၊ အမုန်းစကားဖြန့်ဝေမှုများ လျှော့ချတားဆီးနိုင်ရေး၊ မြန်မာယူနီကုဒ်စနစ်သုံးစွဲနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ US-ASEAN Business Council (USABC) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ Data Classification သတ်မှတ်ရန်ကိစ္စရပ်များ၊ Data Privacy နှင့် Data များကို အကျိုးရှိစွာရယူသုံးစွဲနိုင်ရေးအတွက် ဥပဒေကြောင်းဆိုင်ရာဆောင်ရွက်နေမှုများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

သတင်းအဖွဲ့

မြန်မာ့မီးရထား၏ ကိုရီးယား EDCF ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လူစီးတွဲသစ် (၁၀၀) တွဲဝယ်ယူရေး စာချုပ်လက်မှတ်ရေးထိုး

ကိုရီးယားနိုင်ငံ EXIM Bank ၏ EDCF ချေးငွေဖြင့် လူစီးတွဲသစ် (၁၀၀)တွဲ ဝယ်ယူရေးစီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ့မီးရထားနှင့် Dawonsys Co.Ltd တို့အကြား ကန်ထရိုက်စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ (၅)ရက်၊ မွန်းလွဲ (၃)နာရီအချိန်တွင် နေပြည်တော်ရှိ Horizon Lake View Hotel ရှိ State Meeting Room ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ Dawonsys Co.Ltd မှ CEO ဖြစ်သူ Mr.Park, Sum Soon ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်မှ အမှာစကားပြောကြားခဲ့ပြီး Dawonsys Co.Ltd မှ CEO ဖြစ်သူ Park, Sum Soon က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် Dawonsys Co.Ltd မှ CEO Park Sum Soon တို့က ကန်ထရိုက်စာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

၄င်းလူစီးတွဲ (၁၀၀)တွဲဝယ်ယူပြီး ရောက်ရှိလာပါက မြန်မာ့မီးရထား၏ လိုအပ်သော လမ်းပိုင်းများတွင် ဖြည့်စွက်၍ ခရီးသည်များသွားလာမှု အဆင်ပြေစေရေး အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

Transcom

Legal Advisory for Elaboration of Cyber Legal and Policy Framework စီမံကိန်း၏ "Round Table Discssion and Survey " အစည်းအဝေးကျင်းပပြုလုပ်

မြန်မာနိုင်ငံတွင် e-Government နှင့် e-Commerce လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် လိုအပ်သော e-Government, e-Commerce Cyber Security နယ်ပယ်များနှင့် သက်ဆိုင်သည့် ဥပဒေနှင့် မူဝါဒများ (Cyber Law and Policies) မူကြမ်း ရေးဆွဲသွားနိုင်ရန် Legal Advisory for Elaboration of Cyber Legal and Policy framework စီမံကိန်း၏ "Round Table Discssion and Survey အစည်းအဝေး" ကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ ၇ရက်၊ နံနက် (၉)နာရီအချိန်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ ရုံးအမှတ် (၂)နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားရာတွင် Digital Tools များကို အသုံးပြုမှု ပိုမိုများပြားလာခြင်းနှင့် သတင်းအချက်အလက်နည်းပညာများ အချိန်နှင့်အမျှဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ယနေ့ကမ္ဘာကြီး၏ အပြောင်းအလဲမှာ Digital ခေတ်ကို ထင်ဟပ်လာပြီး၊ ပြည်သူလူထုသို့ ကောင်းမွန်သော၊ လွယ်ကူလျှင်မြန်သော၊ အကျိုးရှိထိရောက်သော အီလက်ထရောနစ် ဝန်ဆောင်မှုများပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက် ရှိကြပါကြောင်း၊ e-Government, e-Commerce နှင့် Cyber Security လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်ကို မြဲမြံစွာယုံကြည်ပါကြောင်း၊ ပြည်သူလူထုသို့ ယုံကြည်စိတ်ချရသော အီလက်ထရောနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန် e-Government Steering Committee ကို ဖွဲ့စည်းခဲ့ပြီး ASEAN Agreement on e-Commerce တွင်လည်း မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ e-Government and e-Commerce Platform များကို လွယ်ကူအဆင်ပြေလုံခြုံစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန် Cyber လုံခြုံရေးသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ နိုင်ငံ၏ Digital ကူးပြောင်းမှုခရီးစဉ်၏ ရည်မှန်းချက်ကို အောင်မြင်စွာရောက်ရှိရေး ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရန်အတွက် Cyber Law ကို ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါ မူဘောင်အား electronic services နှင့် cashless digital ecosystem ကို အားပေးမြှင့်တင်ရန်၊ နိုင်ငံ၏ critical Information Infrastructure ကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ Personal Data များကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်နိုင်ရန်၊ Cyber ရာဇဝတ်မှုကျူးလွန်ခြင်းများကို အပြစ်ပေးအရေးယူနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ပါဝင်ရေးဆွဲမည့် နယ်ပယ်များနှင့် သက်ဆိုင်သည့် ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအား ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရေးအတွက် ယခုလိုအစည်းအဝေးကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံအတွက် အရေးပါသော Cyber ဥပဒေ (မူကြမ်း) ကို သတ်မှတ်ထားသော စီမံကိန်းကာလအတွင်း အောင်မြင်ပြည့်စုံစွာ အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် Comsultant firm ဖြစ်တဲ့ TRPC မှ သတင်းအချက်အလက်များ မှန်ကန်စွာ ကောက်ယူပြီး ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုပါကြောင်းနှင့် တက်ရောက်လာသော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများမှလည်း တိကျမှန်ကန်သည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ပါရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်မှ စီမံကိန်းဆိုင်ရာ အချက်အလက်များအား မိတ်ဆက်ရှင်းလင်းဆွေးနွေး၍ စင်ကာပူနိုင်ငံ၊ TRPC မှ အကြံပေးပညာရှင်မှ Cyber Law နှင့် ပတ်သက်၍ International Best practice များအား ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် TRPC မှ အကြံပေးပညာရှင်များသည် ဖိတ်ကြားထားသော ဝန်ကြီးဌာနအသီးသီးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်းများ၊ Private Sector များမှ ကျွမ်းကျင်ပညာရှင်များ Telecom Operator များသည် TRPC မှ အကြံပေးပညာရှင်များနှင့် ဆွေးနွေးခြင်း၊ စစ်တမ်းကောက်ယူခြင်းများကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအသီးသီးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များ၊ Telecom Operator များနှင့် စင်ကာပူနိုင်ငံ၊ TRPC မှ တာဝန်ရှိသူများ အသီးသီးတက်ရောက်ခဲ့ကြပြီး အစည်းအဝေးအား ညနေ (၄း၃၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

Transcom

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် မြန်မာနိုင်ငံအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်မှုများအား စနစ်တကျ ရေရှည်အသိပညာပေးနိုင်ရေးအတွက် ပံ့ပိုးကူညီလျက်ရှိသည့် Suu Foundation မှ Road Safety Special Advisor, Prof. Dr. Shaw Voon Wong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၃၀ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမှတ်ပေးထားသော Prior Subject Topics ဆိုင်ရာကိစ္စရပ်များ၊ Adoption of UNECE Regulation no.22 အတွက် လိုအပ်ချက်များနှင့် ဆက်လက်လုပ်ဆောင်ရန်ကိစ္စရပ်များ၊ Road Safety Audit & Road Safety Inspection System ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များ၊ Myanmar Type Approval System ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များအား ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနအတွင်းရှိ သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

ချင်းပြည်နယ်၏ လေကြောင်းဝင်ပေါက် (Gateway of chin State) ဆူရိဘုန် (ဖလမ်း) လေဆိပ်သစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုန်ကြီးဦးသန့်စင်မောင်သည် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အတူ နိုဝင်ဘာလ (၁၇)ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၊ ဖလမ်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိလာရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးကျော်စိုးမှ ဖလမ်းလေယာဉ်ကွင်းတည်ဆောက်ရခြင်း၏ရည်ရွယ်ချက်၊ မြေနေရာရွေးချယ်ခြင်းလုပ်ငန်းများ၊ လေကြောင်းဆိုင်ရာ ကန့်သတ်ချက်များနှင့် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်၏ သတ်မှတ်ချက်များနှင့်အညီ ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများအကြောင်း၊ မြေထိန်းနံရံများ တည်ဆောက်ထားမှုအခြေအနေ၊ လေယာဉ်ရပ်နားနေရာ၊ လေယာဉ်ပြေးလမ်း တည်ဆောက်နေမှုအခြေအနေများ၊ လေယာဉ်ပြေးလမ်း တည်ဆောက်ရန်အတွက်ဖို့မြေလုပ်ငန်းများ၊ တောင်ဖြိုမှုလုပ်ငန်းအခြေအနေ၊ လေဆိပ်အဆောက်အဦနှင့် လေကြောင်းထိန်းမျှော်စင်တည်ဆောက်မှုအခြေအနေများ၊ လေယာဉ်ကွင်းလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများ၊ ပင်မရေ ထုတ်မြောင်းများအား စနစ်တကျဆောင်ရွက်မည့် အခြေအနေများနှင့် စီမံကိန်းကုန်ကျစရိတ်များ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရန်၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လေဆိပ်ပတ်ဝန်းကျင် သာယာလှပရေးအတွက် လေယာဉ်ပြေးလမ်းတစ်လျှောက် တောင်ဇလပ်ပင်နှင့် ချယ်ရီပင်များစိုက်ပျိုးရန် ရေနုတ်မြောင်းကိုခေတ်မီနည်းစနစ်ဖြင့်ဆောင်ရွက်ရန်၊ မြေထိန်းနံရံများစနစ်တကျတည်ဆောက်ရန်၊ လေဆိပ်အဆောက်အဦအား ခေတ်မီဒီဇိုင်းပုံစံနှင့် ပြန်လည်ရေးဆွဲတင်ပြရန်နှင့် သတ်မှတ်ကာလထက် စောလျင်စွာပြီးစီးနိုင်ရေးအတွက် လိုအပ်ဘဏ္ဍာငွေများ ပြန်လည်တွက်ချက်တင်ပြသွားရန်တို့ကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဖလမ်းလေဆိပ်သည် ချင်းပြည်နယ်၏အလယ်ပိုင်းတွင်တည်ရှိပြီး ဖလမ်းလေဆိပ်မှ ဖလမ်းမြို့၊ လုံပိတောင်၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ ရိဒ်ရေကန် စသည့်ချင်းပြည်နယ်ရှိမြို့များမှ ဖလမ်းလေဆိပ်နှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံတစ်ဝှမ်းရှိ တိုင်းနှင့်ပြည်နယ်လေဆိပ်များသို့ အချိန်တိုအတွင်းလွယ်ကူလျင်မြန်စွာသွားလာနိုင်ရန်၊ လေယာဉ်ကွင်းမရှိသည့်ချင်းပြည်နယ်တွင် ယခုတည်ဆောက်လျက်ရှိသည့် ဆူရိဘုန် (ဖလမ်း) လေဆိပ်သစ်တည်ဆောက်ပြီးစီးပါက ချင်းပြည်နယ်၏လေကြောင်းဝင်ပေါက် (Gateway of Chin State) အဖြစ် ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ ချင်းပြည်နယ်သို့အချိန်တိုတိုအတွင်း လာရောက်လည်ပတ်နိုင်ပြီး ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၊ ချင်းပြည်နယ်မှမြန်မာနိုင်ငံအတွင်းရှိ ဒေသအနှံ့အပြားသို့လွယ်ကူလျင်မြန်စွာသွားလာနိုင်ရန်ရည်ရွယ်၍ ၂၀၁၃ခုနှစ်မှ စီမံကိန်းချမှတ်ကာ ၂၀၁၅ခုနှစ်တွင် လုပ်ငန်းစတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဆူရိဘုန်(ဖလမ်း)လေဆိပ်သစ်တည်ဆောက်ခြင်းမှ ရရှိမည့်အကျိုးကျေးဇူးမှာ ချင်းပြည်နယ်တွင် လေဆိပ်သစ်တည်ဆောက်ပေးခြင်းဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းကို အထောက်အကူဖြစ်စေခြင်း၊ ချင်းပြည်နယ်အတွင်း ကုသမှုမပြုနိုင်သည့် လူနာများအတွက် အရေးကြီးသည့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်အကြီးအကဲများ၊ မူဝါဒချမှတ်သူများအတွက် ချင်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုရာတွင် ပိုမိုလွယ်ကူစေခြင်း၊ ဘေးအန္တရာယ်ကျရောက်သည့်အချိန်များတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူ့ဗဟိုပြုအဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့်အကူအညီများကို လျင်မြန်ထိရောက်စွာ သယ်ယူပို့ဆောင် ဖြန့်ချိနိုင်မည်ဖြစ်သောကြောင့် ပြည်သူများရင်ဆိုင်ရသော အခက်အခဲများကိုလျှော့ချကာ အသက်များကိုကယ်ဆယ်နိုင်ခြင်း၊ နိုင်ငံတဝှမ်းသာတူညီမျှဖွံ့ဖြိုးတိုးတက်မှုရှိရေးနှင့် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်းကို လျှော့ချနိုင်ရန် စသည့်နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်တို့ကိုလည်း အထောက်အကူဖြစ်စေခြင်း၊ တောင်တန်းထူထပ်ပေါ်များသော ချင်းပြည်နယ်အတွင်းရှိဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေပြီး၊ လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတော်၏လူမှုစီးပွားတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ချင်းပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပြီး မြန်မာနိုင်ငံတဝှမ်းရှိ တောင်ပေါ်မြေပြန့်တပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဖလမ်းလေဆိပ်တည်နေရာမှ ချင်းပြည်နယ်၊ ဖလမ်းမြို့ဆူရိဘုန်တောင်ကြော၊ ဖလမ်းမြို့၏အနောက်မြောက် (၈.၅)မိုင်အကွာရှိ ပင်လယ်ရေပြင်အထက် အမြင့်ပေ (၆၀၀၀)ပေတွင်တည်ရှိသည်။ လေယာဉ်ပြေးလမ်းမှ အလျား (၆၀၀၀)ပေ၊ အကျယ် (၁၀၀)ပေဖြစ်ပြီး၊ လေယာဉ်ပြေးလမ်းအမျိုးအစားမှာ Flexible Pavement ဖြစ်သည်။ ပြေးလမ်းခံနိုင်ရည်အားမှာ (၅၀၀၀၀)ပေါင်ဖြစ်သည့် အဆိုပါလေဆိပ်အား (၂၈ ဘီလျံ)ကျပ်အသုံးပြုကာလုပ်ဆောင်နေခြင်းဖြစ်ပြီး လက်ရှိတွင်လုပ်ငန်းပြီးစီးမှုသည် (၄၀)ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလေဆိပ်စီမံကိန်းအား ၂၀၂၁ခုနှစ်တွင် ပထမအဆင့်အနေဖြင့်ပြီးစီးရန်လုပ်ဆောင်နေခြင်းဖြစ်ပြီး၊ ယင်းခုနှစ်တွင်ပင်လေယာဉ်များ စတင်ဆင်းသက်အသုံးပြုနိုင်ရန် လျာထားကြောင်း သိရှိရပါသည်။

တင်မောင် (ပို့/ဆက်)အိမ်စည်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Ichiro MARUYAMA နှင့်အဖွဲ့အား နိုဝင်ဘာ၂၃ရက်၊ နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံ၏ချေးငွေဖြင့်အကောင်အထည်ဖော်လျက်ရှိသော ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဘူတာများအဆင့်မြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

Transcom

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် နိုဝင်ဘာလ ၂၆ရက်၊ နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr.Vikram Misri အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ကြောင်းသိရှိရသည်။

ထိုသို့တွေ့ဆုံရာတွင် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ပို့ဆောင်ရေးစီမံကိန်းနှင့် စစ်တွေဆိပ်ကမ်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ E-government ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

တင်မောင်-ပို့/ဆက်

ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် ရန်ကုန်မြို့ပတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မီးရထားမှ တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၁ရက်၊ နံနက် စနာရီက RBE ရထားဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလိုက်လံကြည့်ရှုရာတွင် ဒုတိယအဆင့်ဆောင်ရွက်မည့် အင်းစိန်-ကြည့်မြင်တိုင်လမ်းနှင့် ယခင်ဆောင်ရွက်ခဲ့သည့် လမ်းပိုင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရောက်ရှိလာမည့် DEMU ရထားများထားရှိရေး၊ ထိန်းသိမ်းရေး စက်ရုံတိုးချဲ့ဆောင်များကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး မြို့ပတ်ရထားလမ်း (အနောက်ခြမ်း) ဆောက်ရွက်နေသည့် A1 ကုမ္ပဏီ၏ ရှင်းလင်းဆောင်၌ တာဝန်ရှိသူမှ ပြည်ထောင်စုဝန်ကြီးအား ဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြို့ပတ် (အရှေ့လမ်း) ရထားလမ်း ဆောင်ရွက်မည့် ရွှေတောင်ကုမ္ပဏီ၏ ရှင်းလင်းဆောင်၌ တာဝန်ရှိသူမှ ပြည်ထောင်စုဝန်ကြီးအား ဆောင်ရွက်မည့်အခြေအနေအား ရှင်းလင်းတင်ပြခဲ့သည်။

အဆင့်မြှင့်ဆောင်ရွက်ရာတွင် အင်းစိန်-ကြည့်မြင်တိုင် ရန်ကုန်မြို့ပတ်အနောက်ခြမ်း (အပိုင်း-၂)နှင့် ရန်ကုန်မြို့ပတ်အရှေ့ခြမ်း (အပိုင်း-၁) တည်းကုန်း-မင်္ဂလာဒုံ လမ်းပိုင်းတွင် တည်းကုန်း-ကျိုက္ကလဲ့လမ်းပိုင်းအား ဇေကလမ်းစနစ်ဖြင့် ဒီဇင်ဘာ ၁ရက်နေ့တွင် စတင်ဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ ကျိုက္ကလဲ့-မင်္ဂလာဒုံလမ်းပိုင်းအား ခေတ္တထိန်းသိမ်းပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ရထားစီးခရီးသည်များ အဆင်ပြေစေရန် မြန်မာ့မီးရထားမှ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်

Cyber Bay Kin (ဆိုက်ဘာဘေးကင်း) Secure a Digital Myanmar Conference ကျင်းပ

Cyber Bay Kin (ဆိုက်ဘာဘေးကင်း) Secure a Digital Myanmar Conference ကို နိုဝင်ဘာ ၂၆ ရက်၊ နံနက်ပိုင်းက M-Gallery Hotel ၌ ကျင်းပခဲ့ရာ အဆိုပါ ကွန်ဖရန့်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

Conference သို့ ဩစတြေးလျနိုင်ငံ၊ သံရုံးယာယီတာဝန်ခံ Mr.Jeremy Kruse ရန်ကုန်တိုင်းဒေသကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ ဩစတြေးလျနိုင်ငံ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြည်ပမှ ပညာရှင်များ၊ ပြည်တွင်းပညာရှင်များ၊ ဌာနဆိုင်ရာများမှ Chief Information officer (CIO) များ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

ယခုကျင်းပသည့် Conference အား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိအမြင်တိုးတက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၆ရက်နှင့် ၂၇ရက်နေ့က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။ Cyber Crime and its Future, Current Cybersecurity Landscape. Protecting your self Before. During and After and Attack. State of Cybersecurity in Myanmar. Digital Economy and Cybersecurity. Future of Cybersecurity in Myanmar စသည့် ခေါင်းစဉ်များဖြင့် ဩစတြေးလျနိုင်ငံ၊ ထိုင်းနိုင်ငံ စသည်တို့မှ ပါမောက္ခများ၊ ပညာရှင်များနှင့် ပြည်တွင်းမှ ပါမောက္ခများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝန်ထမ်းမိသားစုများ၏ မဟာဘုံကထိန်လှူဒါန်းသည့် အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့်ဇနီး၊ အထွေထွေမန်နေဂျာဦးဇော်ထွန်းလွင်နှင့်ဇနီး၊ ဌာနမှူးများ၊ မန်နေဂျာ၊ ဝန်ထမ်းများမှ တက်ရောက်လှူဒါန်းကြစဉ် (ကျော်ဇင် - MPA)

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)သို့ ထာဝရသောက်ရေသန့် စက်လွှဲပြောင်းပေးအပ်ခြင်းနှင့် အာစရိယပူဇော်ပွဲကျင်းပ

အင်းစိန်G.T.I (လျှပ်စစ်စွမ်းအားဌာန) အငြိမ်းစားဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများကလှူဒါန်းသော ထာဝရသောက်ရေသန့် စက်လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာလအတွင်းကအစိုးရစက်မှုလက်မှုသိပ္ပံအင်းစိန် (အင်းစိန် G.T.I) မှန်ဆောင် ၌ ကျင်းပခဲ့သည်။

အင်းစိန်G.T.I (လျှပ်စစ်စွမ်းအားဌာန)ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ကြိုဆိုဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ်သောက်ရေသန့်စက်ကိုလှူဒါန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါရေသန့်စက်သည် တစ်နာရီလျှင် လီတာ (၁၀၀၀)ထွက်ရှိသော ရေသန့်စင်စက်ဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း (၄၀)ခန့်ရှိသည်။

ရေသန့်စက်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ရေသန့်စင်စက်နှင့် ပတ်သက်သောစာရွက်စာတမ်းများကို ကျောင်းသားဟောင်းများက လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ကြီးဦးမြတ်ကိုက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ညပိုင်းတွင် (၂၂)ကြိမ်မြောက် အင်းစိန်စက်မှုသိပ္ပံ (EP) ကျောင်းသား/သူဟောင်းများ၏ အာစရိ ယပူဇော်ပွဲကို M3 ခန်းမဆောင်တွင် ကျင်းပပြုလုပ်ရာ အင်းစိန် GTI လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌအတွင်းရေးမှူးနှင့် တာဝန်ရှိသူများကအမှာစကားပြောကြားကြသည်။ ထို့နောက် ကျောင်းသား/သူဟောင်းများမှ ဆရာကြီး၊ ဆရာမကြီးတို့အားကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ၎င်းနောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စားဆရာကြီးတစ်ဦးမှ ဩဝါဒစကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် ကျောင်းသား/သူဟောင်းများနှင့်အတူ ဆရာကြီး၊ ဆရာမကြီးတို့မှ မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

တင်မောင် - ပို့/ဆက်

» စာ- ၉ မှ

တစ်စီးလုံးရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာ (၂)သန်းကျော် ဖြစ်ပါတယ်။ သင်္ဘောရဲ့ Hull No ကတော့ H-028 ဆိုတဲ့ Code နဲ့ တည်ဆောက်နေပါတယ်။ သင်္ဘောအစီးရေ (၂၈)စီးမြောက်ပေ့ါ။

မေး။ ။ဆရာတို့သင်္ဘောကျင်းမှာ သင်္ဘောတည်ဆောက်ပေးနိုင်တဲ့ သင်္ဘောအခြေအနေကိုလည်း သိချင်ပါတယ်ဆရာ။

ဖြေ။ ။ အထက်ကပြောခဲ့တဲ့ သင်္ဘောက (၂၈)စီးမြောက် တည်ဆောက်ဆဲ သင်္ဘောဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ နံပါတ်တွေကို စီးရီးလိုက်ပဲယူသွားတယ်။ JV သုံးနှစ်တာကာလအတွင်းမှာ ကျွန်တော်တို့က သင်္ဘော (၂၄)စီး တည်ဆောက်ပြီးသွားပြီ။ အခု ဒီသင်္ဘောအပါအဝင်ဆို Ongoing အနေနဲ့က (၁၄)စီးရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ JV ကို စတင်ပြောင်းလဲခဲ့တာက ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့ပေ့ါ။ လောလောဆယ်တော့ အဆင့်မြင့်တင်ရေးကာလပဲရှိသေးတယ်။ လောလောဆယ်မှာ ကျွန်တော်တို့က ကုန်တန်ချိန် ၃၀၀၀ အထိ တင်ဆောင်နိုင်တဲ့ ပင်လယ်ကူးကမ်းရိုးတန်းသွား သင်္ဘောကြီးတွေလည်း တည်ဆောက်ပေးနိုင်ပါတယ်။ တန်ချိန် ၃၀၀၀ ဆိုရင်တော့ ရေယာဉ်အလျား မီတာ ၈၀ မှ မီတာ ၁၀၀ အရှည်အထိရှည်လျားပါတယ်။

ဟုတ်ကဲ့ပါဆရာ။ အခုလိုမျိုး ဆရာတို့ သင်္ဘောကျင်းလုပ်ငန်းအကြောင်း ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာ။

မန္တလေးမြို့တော် မီးလင်းရေး အလှူငွေ ကျပ်သိန်း ၂၄၀၀ ကျော်ရ

မန္တလေးမြို့တော် မီးလင်းရေးအတွက် မီးတိုင်များ၏ ကုန်ကျစရိတ်ကို မန္တလေးမြို့တော်ဝန်အပါအဝင် အများပြည်သူပါဝင်လှူဒါန်းလျက်ရှိရာ တစ်လအတွင်းကျပ်သိန်းပေါင်း ၂၄၈၀ ရရှိထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မှ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။

မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် မိသားစုက လမ်းမီးတိုင် ၂၄တိုင် အတွက် ကုန်ကျစရိတ်ငွေ ကျပ်သိန်း ၂၄၀ လှူဒါန်းခဲ့ရာမှ မန္တလေးနှင့် ရန်ကုန်အပါအဝင် ပြည်ပရောက် မြန်မာနိုင်ငံသားများကပါ ပါဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ယခုရရှိထားသည့် လှူဒါန်းငွေများဖြင့် ၃၅ လမ်းပေါ်ရှိ ၆၂ လမ်းမှ ၇၈ လမ်း၊ ၆၂ လမ်းပေါ်ရှိ ၁၀လမ်း မှ ၂၆ လမ်းကြား၊ ၇၃ လမ်းပေါ်ရှိ ၂၆ လမ်းမှ ၂၈ လမ်း၊ ၈၃ လမ်း ပေါ်ရှိ ၂၆လမ်း မှ ၂၇လမ်း၊ ၃၂လမ်းပေါ်ရှိ ၇၁လမ်း၊ ၇၂ လမ်းတို့တွင် လမ်းမီးတိုင်များ စိုက်ထူသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ကြေညာပေးထားသည်။

မီးတိုင်အသစ်တပ်ဆင်သည့် နေရာများမှ မီးလုံးအဟောင်းများကိုလမ်းမီးမရှိသည့်နေရာများတွင် လတ်တလောတပ်ဆင်ပေးမည်ဖြစ်ကာ ဘတ်ဂျက်ရရှိပါက မီးတိုင်အသစ်များဖြင့် အစားထိုးတပ်ဆင်ပေးရန် မြို့တော်စည်ပင်ကစီစဉ်ထားသည်။

ထို့ပြင် လမ်းအနေအထားနှင့် လျှပ်စစ်မီးကြိုး၏အနေအထားကို ကြည့်၍ ဓာတ်တိုင်များကို Single Arm (မီးထွန်းသည့် လက်တံတစ်ခု) နှင့် Double Arm (မီးထွန်းသည့် လက်တံနှစ်ခု) ခွဲခြားစိုက်ထူလျက်ရှိရာ Single Arm အတွက် ကျပ်ခုနစ် သိန်းခွဲသတ်မှတ်ထားပြီး Double Arm အတွက် ကျပ် ၁၀ သိန်းသတ်မှတ်ထားကြောင်း၊ မီးတိုင်များတွင် အလှူရှင်၏အမည်ကို စတီးပြားများဖြင့် မှတ်တမ်းတင်ပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန်က သူ၏လူမှုကွန်ရက်စာမျက်နှာမှနေ၍ အသိပေးထားသည်။

စိတ်ထက်

» စာ- ၇ မှ

ကိုင်ခွင့်ကက်ပြားပုံစံပေးလိုက်မယ်။ ဦးဖြူကို ပြည်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (သို့မဟုတ်) နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ပေးလိုက်မယ်။ အခုလက်ရှိမှာ အပိုင်း ၁ အပိုင်း ၂ တြိဂံပေးတယ်။ ၂၀၁၉ကနေစပြီးလုပ်မှာကလိုင်စင်စာရွက်ထုတ်ပေးမယ်။ အပိုင်း ၁ စာအုပ်တစ်အုပ်ပိုင်ရှင်ကိုပေးမယ်။ ပိုင်ရှင်လက်ထဲမှာ အပိုင်း ၁ တစ်အုပ်ရှိမယ်။ ခွင့်ပြုလိုင်စင်တစ်ရွက်ရှိမယ်။ အပိုင်း ၁ ထဲမှာ ကသူ့မှာရှိတဲ့ကား(၁၀)စီးဆိုရင်(၁၀)စီးလုံးရှိမယ်။ သယ်ယူပို့ဆောင်ရေးလိုင်စင်ကို လူကိုပေးလိုက်တာပါ။ ကားပိုင်တဲ့တစ်ယောက်ချင်းဆီကျရော ဘာရှိမလဲဆိုရင်အပိုင်း ၂နဲ့တြိဂံကားနဲ့အတူထားမယ်။ အပိုင်း၂နဲ့ တြိဂံတစ်ခုချင်းဆီရမယ်။ သူက (၁) လုပ်ငန်းလိုင်စင်ဆိုရင် (၁)တြိဂံရမယ်။ ကားက၁၂လပိုင်း ၂၀၁၉ သက်တမ်းကုန်မယ်ဆိုရင် ဒါကိုရေးထားပေးမယ်။ အပိုင်း၂မှာဆိုရင် ယာဉ်လိုင်းပိုင်ရှင်ကဦးဖြူဖြစ်သော်လည်း ကားတစ်စင်းပိုင်ရှင်ကဦးနီဆိုရင်ဦးနီပဲလို့ရေးထားမယ်။ ယာဉ်တစ်စီးချင်းထဲလုပ်တဲ့လူကတော့ အကုန်လုံးရမယ်။ အပိုင်း၁ အပိုင်း ၂ကြိဂံ လုပ်ငန်းလိုင်စင်လုပ်ပိုင်ခွင့်ကတ်ပြားရမယ်။ ဒါကတော့ Domestic Operator License ပါ။

မေး။ ။ ၂၀၁၉ ခုနှစ်ဆန်းကစပြီး ပြောင်းလဲလုပ်ဆောင်သွားမယ့်စနစ်နဲ့ပတ်သက်ပြီး ကြိုတင်အသိပေးထားမှုတွေကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ Domestic Operator License ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ ကောက်ခံမည့် လုပ်ငန်းလိုင်စင်နှုန်းထားများနှင့် ပတ်သက်ပြီး (၂၂-၆-၂၀၁၈) နေ့နဲ့ (၁၁-၉- ၂၀၁၈) ရက်နေ့တွေမှာ YRTA အစည်းအဝေးခန်းမ၌ YRTA (မြို့တွင်း)၊ (အဝေးပြေး)၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လိုင်းအသင်းအဖွဲ့များ၊ ကုန်စည်ပို့ဆောင်ရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများအား တိုင်းဦးစီးမှူးမှ (၂)ကြိမ်တိုင်ကြိုတင်ရှင်းလင်းဆွေးနွေးပြီး ဖြစ်ပါတယ်။ တိုင်းနှင့် ပြည်နယ်အားလုံးမှာလည်း ရှင်းလင်းအသိပေးကြတာရှိပါတယ်။

မေး။ ။ လုပ်ငန်းလိုင်စင်အတွက် လိုအပ်တာတွေကရော ဘာတွေဖြစ်မလဲရှင်။

ဖြေ။ ။ လုပ်ငန်းလိုင်စင်လုပ်ဖို့ လိုအပ်တဲ့စာရွက်စာတမ်းတွေကယာဉ်တစ်စင်းထက်ပိုသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်မယ်ဆိုရင်သက်တမ်းရှိတဲ့ ကညန (ကမ-၃) စာအုပ်မူရင်း၊ မိတ္တူမော်တော်ယာဉ်ရဲ့ဓာတ်ပုံ(၃)ပုံ အရှေ့အနောက်စတီယာရှိတဲ့ဖက်။ ပြစ်မှုပြစ်ဒဏ်ကင်းရှင်းတဲ့ ထောက်ခံစာရွက်လိုတယ်။ အားလုံးအတွက်ပေ့ါ။ ပဋိညာဉ်အတွက်လျှောက်ထားမယ်ဆိုရင် ငှားရမ်းတဲ့စာချုပ်။ ဥပမာ-ကျောင်းနဲ့ချုပ်ထားတဲ့စာချုပ်၊ ကုမ္ပဏီနဲ့ချုပ်ထားတဲ့စာချုပ်၊ ကိုယ်ပိုင်စီးပွားရေးနဲ့ လျှောက်ထားမယ်ဆိုရင် လျှောက်ထားသူရဲ့မှတ်ပုံတင် ပုံစံ ၆၆ အိမ်ထောင်စုစာရင်းပေ့ါ။ မူရင်းနဲ့မိတ္တူနဲ့ ကုမ္ပဏီသက်တမ်းရှိတဲ့ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်းမိတ္တူအသင်းဖွဲ့ လျှောက်ထားမယ်ဆိုရင် အသင်းအဖွဲ့မှန်ကန်ကြောင်းထောက်ခံချက် မူရင်း၊ မိတ္တူ(သို့)အသင်းအဖွဲ့ဝင်လက်မှတ်ထိုးထားတဲ့အထောက်အထားနဲ့ သဘောတူညီချက်။ လျှောက်ထားတဲ့လူရဲ့ လိုင်စင်ဓာတ်ပုံနှစ်ပုံလိုတယ်။ Domestic Operator License မှာဆိုရင် လိုအပ်ပါတယ်။ အခုအချိန်မှာတော့ မလိုအပ်သေးပါဘူး။ ၁.၁.၂၀၁၉ ဆိုရင်တော့ အဲဒီဓာတ်ပုံကို လိုင်စင်ခွင့်ပြုကဒ်ပြားမှာတစ်ပုံကပ်မယ်။ OC မှာ တစ်ပုံကပ်မယ်။ ကုမ္ပဏီအသင်းအဖွဲ့နာမည်နဲ့လျှောက်မယ်ဆိုရင် ဥက္ကဋ္ဌ MD ဒါရိုက်တာဖြစ်ရင်ဖြစ်မယ်။ သူတို့သဘောတူညီအဆိုပြုထားတဲ့ သူရဲ့ဓာတ်ပုံနှစ်ပုံပါမယ်။ ခရီးစဉ်ခရီးသည် (ခ)လုပ်ငန်းလိုင်စင်ကျတော့ စီမံချက်တော့လိုအပ်တယ်။ အသင်းအဖွဲ့အမည် အသင်း အုပ်ချုပ်ဖွဲ့စည်းပုံပြေးဆွဲမည့်ခရီးစဉ်၊ ပြေးဆွဲမည့် မော်တော်ယာဉ်အမျိုးအစားနဲ့အရေအတွက်၊ နေ့စဉ်ပြေးဆွဲမည့်မော်တော်ယာဉ်စီးရေ သက်ဆိုင်ရာအဝေးပြေးဂိတ်စခန်းများဂိတ်ဖွင့်လှစ်မည့်အခြေအနေ၊ ထောက်ခံချက်ကောက်ခံမယ့်နှုန်းထားတန်ဆာခ၊ အခမဲ့တင်ဆောင်ခွင့်ပြုမည့်ကုန်ပစ္စည်းအရေအတွက်၊ ခရီးစဉ်အကွာအဝေးနဲ့လမ်းကြောင်းပြမြေပုံ၊ သယ်ယူပို့ဆောင်ရေးအတွက်ကြီးကြပ်မည့် သူရဲ့အစီအမံ၊ ဒေသဖွံ့ဖြိုးရေးအတွက်တာဝန်များကိုလည်းဆောင်ရွက်ရန်တို့ ဖြစ်တယ်။

မေး။ ။ လုပ်ငန်းလိုင်စင်လာလုပ်တဲ့အခါ ဘယ်လောက်အချိန်ပေးရတယ်ဆိုတာရယ်။ လက်ရှိရန်ကုန်တိုင်းအတွင်းမှာ လုပ်ငန်းလိုင်စင်ဘယ်လောက်အထိ ထုတ်ပေးထားပြီးပြီဆိုတာကိုလည်းသိချင်ပါတယ်ရှင်။

ဖြေ။ ။ ပိုင်ရှင်ကိုယ်တိုင် ပိုင်ရှင်အမည်ပေါက်လာလျှောက်ဆောင်ရွက်ရင် ၁၅မိနစ်၊ မိနစ်၂၀လောက်ပဲစောင့်ရပါတယ်။ ရိုးရိုးသက်တမ်းတိုးဆောင်ရွက်ရင် နေ့ချင်းပြီးဆောင်ရွက်ပေးတယ်။ တစ်ချို့လူတွေက ပိုင်ရှင်လို့ပြောတယ်။ နာမည်ပြောင်းမထားဘူး။ ပြောင်းတဲ့လူကျတော့ ကိုယ်စားလှယ်ထဲမှာ စာရင်းဝင်သွားတယ်။ ကိုယ်စားလှယ်ဆိုရင်တော့ အနည်းငယ်ကြာနိုင်ပါတယ်။ ရန်ကုန်တိုင်းမှာယာဉ်အစီးရေက နိုဝင်ဘာ၂၈ရက်အထိ(၂၁၁၂၄၀)စီး အငှားယာဉ်အစီးရေပါ။ လုပ်ငန်းလိုင်စင်လုပ်ပေးထားတဲ့ ထော်လာဂျီဆိုရင် (၂၉၄၁)စီး၊ သုံးဘီးဆိုရင်(၁၅၆၅)စီး စုစုပေါင်းအစီးရေ (၂၁၅၇၄၆)စီး ရှိတယ်။ မနေ့ကတစ်ရက်တည်းဆိုရင် အသစ်လာလျှောက်တာ(၄၇)စီး သက်တမ်းတိုး(၁၀၄၃)စီး ပြောင်းလဲခြင်း(၂၁)စီး လုပ်ငန်းမလုပ်ချင်တော့လို့ ဖျက်တာက(၅)စီး မှတ်တမ်းတင်တာက(၄)စီး စုစုပေါင်း (၁၁၂၀)ရှိတယ်။

ဟုတ်ကဲ့။ အခုလိုမျိုးလုပ်ငန်းလိုင်စင်နဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံရှင်းလင်းပြောကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

Transcom

» စာ-၈

ရှိပြီး၊ မစ္စတာ ရှီကျင့်ဖျင်၏ CIIE (1st China International Import Expo) အဖွင့်မိန့်ခွန်းတွင်လည်း ကျယ်ပြန့်သော တရုတ်ပြည်၏ဈေးကွက်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ပါသည်။ Xian ၏ ဇီအန်းသည် တရုတ်ဘာသာဖြင့်အနောက်ဘက်ငြိမ်းချမ်းရေးဟုအဓိပ္ပာယ်ရသည့် ရှေးဟောင်းမြို့တော်လည်းဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်တွေနှင့် ပြည့်နေသည်။ တာရာကိုတာ စစ်သည်တော်ရုပ်တုတွေကြောင့် နာမည်ကြီးသည်၊ စိုက်ပျိုးရေး ထွက်ကုန်တွေကြောင့်လည်းနာမည်ကြီးသည်။ ယခင်ပိုးလမ်းမကြီး စတင်ရာနေရာဖြစ်ခဲ့သည်၊ တရုတ်ပြည်၏ နလုံးသားနယ်မြေလည်းဖြစ်သည်။ တရုတ်နိုင်ငံ၏ ရင်နှီးမြှုပ်နှံမှု၊ ဘာသာရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုအစရှိသည့် ကဏ္ဍအသီးသီးတွင်လည်းထင်ရှားသည့် မြို့ဖြစ်သည်၊ ဗုဒ္ဓ၏ လက်ခလယ်တော်ဓာတ်တော်ရှိရာ Famen ဘုရားကျောင်းလည်းရှိသည်၊ တရုတ်ပြည်၏ ပထမဆုံး ဧကရာဇ်ချင်ရှီဟွမ်၏ အစီအမံအရဆောင်ရွက်ထားရှိသည့် ရွှံ့စေး၊ မြေစေးတို့ဖြင့်ပြုလုပ်ထားသည့် လက်ရာမြောက်လှသည့်စစ်သည်တော်ရုပ်များ၊ မြင်းရထားရုပ်များနှင့် ချပ်ဝပ်တန်ဆာများအားအနုစိတ်လက်ရာများဖြင့် ပြုလုပ်ထားပြီး အရောင်များချယ်မှုန်းထားရှိပါသည်။ ၎င်းပတ်ဝန်းကျင်ရှိ တူးဖော်တွေ့ရှိသည့်အရိုးစုများက သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်၏ပုံရိပ်များနှင့် ဘာသာရေးဆိုင်ရာ အယူအဆများကို ထင်ဟပ်စေပါသည်။ Xian တွင် နိုင်ငံတော်အဆင့်စိုက်ပျိုးရေးဇုန်ရှိသည်။ သုတေသနခြံတွေရှိသည်။ Xian ၏ ရှေးဟောင်းမြို့ရိုးတံတိုင်းကိုလည်း သွားရောက်လေ့လာဖြစ်သည်။ ည ၉ နာရီကျော်ခန့်တွင် မိမိတို့တည်းခိုသည့် ရိနေးဆန်တရုတ်လို ဝမ်လီဟိုတယ်ပတ်ဝန်းကျင်သို့လမ်းလျှောက်ဖြစ်သည်။ ၁၅ မိနစ်ခန့်လမ်းလျှောက်နိုင်သည့် အကွာအဝေးတွင် မက်ထရိုဘူတာရှိသည်၊ အုပ်စုလိုက်သော်လည်းကောင်း၊ တစ်ယောက်ချင်း လွတ်လွတ်လပ်လပ်သော်လည်းကောင်း၊ ပေ့ါပေ့ါပါးပါးလမ်းလျှောက်နေသူတွေကို တွေ့သည်၊ မိမိရောက်ဖူးသည့်အချို့နိုင်ငံများတွင်ဒီအချိန်လမ်းပေါ် လူသိပ်မတွေ့ရတော့ ဂျာမဏီဘာလင်မြို့တွင်ပင် လမ်းပေါ်လူသိပ်မတွေ့ရ။

တရုတ်ပြည်ကား ဘာသာအယူဝါ၏ အစွန်းမရောက်သောနိုင်ငံဖြစ်သည်။ ပြည်သူ ၇၀ ရာခိုင်နှုန်းသည် မည်သည့်ဘာသာမျှ မကိုးကွယ်ကြ၊ Famen Temple တွင် အာသောကမင်းကြီးလက်ထက် တရုတ်ပြည်သို့ရောက်လာသောဓာတ်တော်ကြုပ်များ၊ ဓာတ်တော်များကို စနစ်တကျထားရှိသည်။ ဓာတ်တော်ပွားများနှင့် ရဟန္တာဓာတ်တော်တို့ကဘုရားကျောင်းအဟောင်းတွင်ရှိသည်၊ ပြတိုက်လည်းရှိသည်၊ ကျယ်ဝန်းသောကျောင်းကို စနစ်တကျသပ်သပ်ရပ်ရပ်တည်ဆောက်ထားသည်၊ ဓာတ်တော်ကို တစ်နှစ်တစ်ကြိမ်ပြည်သူလူထုအား ဖူးမျှော်ခွင့်ပေးသည်။ ကျန်သည့်အချိန်တွင် မြေအောက်ခန်းရှိဓာတ်တော်တိုက်တွင် ထိန်းသိမ်းထားရှိသည်၊

ရှီအန်းမှ ယိချန်းသို့ China Airline ဖြင့်သွားရောက်သည်။ ကွေ့ဝိုက်စီးဆင်းနေသော ယန်စီမြစ်ကိုမြင်နေရသည်၊ ယိချန်းသည် မြစ်ချောင်း၊ အင်းအိုင်ပေါများသော နေရာတစ်ခုဖြစ်သည်။ လှပသောတောင်တန်းများ၊ Three George Dam ရေဝပ်ဧရိယာမှ ပြည်သူများ၏အခြေချအိမ်ယာများ၊ ကြည်လင်နေသော တောင်ကျချောင်းများကိုဖြတ်၍ Three George Dam ပြခန်းသို့ရောက်သည်၊ Three George Dam သည်ကမ္ဘာ၏ အာရုံစိုက်ခြင်းခံရသည့် ဆည်တည်ဆောက်ရေးလုပ်ငန်းတစ်ခုဖြစ်ခဲ့သည်၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်ပတ်သက်ခဲ့ကြသည်။ နှစ်ပေါင်း (၅၀)ခန့် သုတေသနပြုလုပ်မှုများ၊ လေ့လာမှုများ ပိုမိုလုပ်ဆောင်ခဲ့ပြီးတည်ဆောက်ရေးကာလ ၁၃ နှစ်ကြာမြင့်ခဲ့ပြီးသုတေသနအစီရင်ခံစာပေါင်း တစ်သောင်းကျော်ကို သက်ဆိုင်ရာပညာရပ်အလိုက်ပညာရှင်ပေါင်းများစွာက ပြုစုခဲ့သည်၊ ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုများ မြှင့်တင်သည့်အနေဖြင့်လေ၊ နေနှင့် ဒီရေ၊ ဇီဝရုပ်စွမ်းအင်တို့မှ လျှပ်စစ်ကိုထုတ်ယူသုံးစွဲနိုင်သော်လည်း ရေအားလျှပ်စစ်သည်အဆင်ပြေဆုံးနှင့် အအောင်မြင်ဆုံးထုတ်ယူသုံးစွဲနိုင်သည့် စနစ်တစ်ခုဖြစ်လာခဲ့ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမိုတိုးတက်အောင်နှင့် ထုတ်လုပ်နိုင်အောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်းဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးနေမှုများကိုလည်း ချိန်ဆလုပ်ကိုင်နေရပါသည်။ Three George Dam ဆည်တည်ဆောက်မှုသည် ယန်စီမြစ်တလျှောက် ရေလွှမ်းမိုးမှုကာကွယ်ရေးအတွက် အဓိကထားတည်ဆောက်ခဲ့သလို ရေမြှုပ်ဧရိယာများအတွင်း ရှေးဟောင်းသာသနိကအဆောက်အဦများ၊ ရှေးအဆောက်အဦများ၊ မူလနေထိုင်သူများအတွက် ပြန်လည်နေရာချထားရေးစသည်တို့သည် တည်ဆောက်ရေးကာလအတွင်း ရင်ဆိုင်ခဲ့ရသည့် ပြဿနာများဖြစ်သလိုဒေါက်တာဆွန်ယက်ဆင်တို့ လက်ထက်ကတွေးခေါ်ကြံဆခဲ့ပြီး နှစ်ပေါင်း (၅၀)အတွင်း နည်းပညာတိုးတက်လာခြင်းသည် ဆည်တည်ဆောက်ရေးကို အထောက်အကူဖြစ်စေခဲ့ပါသည်။

ဆက်လက်ဖော်ပြပါမည်…

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ် TRANSCOM NEWS JOURNAL
www.transcomjournal.com

အောင်သမာဓိ စိန်ရွှေရတနာ ပညာအခမဲ့သင်တန်းအမှတ်စဉ် (၂၉) ဖွင့်လှစ်သင်ကြား

အောင်သမာဓိရွှေဆိုင်၏ စိန်ရွှေရတနာ ပညာအခမဲ့သင်တန်းအမှတ်စဉ်(၂၉)ကို ဒီဇင်ဘာ (၃)ရက်မှ (၁၂) ရက်အထိ တော်ဝင်နှင်းဆီခန်းမတွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းတွင် သင်တန်းသား (၄၀၀)ကျော် တက်ရောက်ခဲ့ပြီး အသက် (၁၆)နှစ်မှ (၇၅)နှစ်အထိစိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း၊ ရွှေစတင်ဖြစ်ပေါ်လာပုံ၊ ရွှေဂုဏ်သတ္တိများ၊ ရွှေအသုံးဝင်မှုများ၊ ရွှေအရည်အသွေးများ၊ မြန်မာနိုင်ငံရှိ ရွှေထွက်ရှိရာဒေသများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ၊ ရွှေလော်ချွတ်သန့်စင်ခြင်း၊ ရွှေဆိုင်တစ်ဆိုင် ဖွင့်လှစ်တည်ထောင်ခြင်း၊ ရွှေကုန်သည်တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်ခြင်း၊ လျှော့ဈေးနှင့် အထူးလျှော့ဈေး ရွှေအတွက်အချက်သင်ခန်းစာများနှင့် စိန်အကြောင်းများ၊ စိန်များ၏အလေးချိန် အသုံးအနှုန်းများ၊ ကာရက်မှုရတီနှင့် ဘီစိတ်ခွဲနည်းများ စသည့်သင်ကောင်းစရာများကို ဆရာဦးမော်မော်(အောင်သမာဓိ-အထွေထွေမန်နေဂျာ)နှင့် ဦးခင်မောင်မြင့် (လက်ထောက်အထွေထွေမန်နေဂျာ၊ စီမံဌာန)တို့မှ သင်ကြားပေးခဲ့သည်။

ဆက်လက်ပြီး အောင်သမာဓိရွှေဆိုင်မှ အခမဲ့ပညာဒါနသင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အလှည့်ကျဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

UK

bella
BE A STAR

Bella မှပညာရေးအတွက် လိုအပ်သည့်နေရာများတွင် လှူဒါန်းသည့်ပွဲအခမ်းအနားကျင်းပ

Bella မှပညာရေးအတွက်လိုအပ်သည့်နေရာများတွင် လှူဒါန်းသည့်ပွဲအားရန်ကုန်မြို့၊ အင်းယားလမ်းရှိစိမ်းလန်းစိုပြေ၌ ဒီဇင်ဘာ ၄ ရက်ညနေ ၃ နာရီကကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် အနာဂတ်တွင်နိုင်ငံတကာနှင့်ရင်ဘောင်တန်းပြီးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်စေရန်တိုင်းပြည်ကို ခေါင်းဆောင်မည့်လူငယ်တွေပညာရေးနှင့် ဉာဏစွမ်းအားများအဘက်ဘက်မှ ထူးချွန်နေအောင် လူငယ်ပညာရေးကို အမှုအပင်ကင်းကင်းနှင့် လေ့လာဆည်းပူးနိုင်ရန် ပရဟိတလုပ်ငန်းများ အများကြီးထဲမှ Bella National Star Scholarship ဆိုသည့်ပညာသင်ထူးချွန်ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်း၊ ယခုနှစ်မှစပြီးကလေးများပညာရေးကို တန်ဖိုးထားသည့် အနေဖြင့်ထူးချွန်ကျောင်းသူ၊ ကျောင်းသား (172) အားရွေးချယ်ပြီးပညာသင်ထူးချွန်ဆု ချီးမြှင့်ခြင်းဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးပထမရရှိသည့် မသင်းမြန္မေနှင့် စာမေးပွဲဖြေဆိုချိန် အတွင်း မိခင်ဆုံးပါးသွားခဲ့သည့်မန္တလေးမှ မအိရတနာဂိုးတို့ကိုပညာရေးအတွက် ထောက်ပံ့ပေးခဲ့ကြောင်း၊ သက်ဆိုင်ရာတက္ကသိုလ်ရွေးချယ်ရေးအဖွဲ့များ Bella မှတာဝန်ရှိသူများမှ မိမိတို့ဝါသနာပါရာဘာသာရပ်များကို အမှန်တကယ်ထူးချွန်စွာတတ်မြောက်ချင်သော၊ မိမိသင်ယူ တတ်မြောက်ထားသည့်ပညာရပ်ဖြင့်တိုင်းပြည်နှင့် လူမျိုးကိုအကျိုးပြုလိုသောလူငယ်များကို ရွေးချယ်ပြီးပေးအပ်သွားမှာဖြစ်ကြောင်း သိရသည်။

UK

ပထမအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲ (၂၀၁၉)

မြန်မာနိုင်ငံ၏ ပထမဆုံးသောနိုင်ငံအဆင့် မော်တော်ယာဉ်ပြပွဲကြီးကို ထိုင်းနိုင်ငံအခြေစိုက် Grand Prix International Public Company Limited (GPI Myanmar Company Limited) နှင့် မြန်မာနိုင်ငံအော်တိုမိုးတစ်(ဗ်)အသင်း (Automotive Association of Myanmar -AAM) တို့ အကျိုးတူပူးပေါင်းစီစဉ်ပြီး ဖေဖော်ဝါရီ (၂၃)မှ (၂၅)ရက်အထိ "Navigating the Automotive Industry of Tomorrow" ဟူသည့်ခေါင်းစဉ်ဖြင့် Yangon Convention Center (YCC) ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

နိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍတွင် အဓိကကျသည့် မော်တော်ယာဉ်ဈေးကွက်သည် နေ့စဉ်နှင့်အမျှတိုးတက်ပြောင်းလဲလျက်ရှိနေပြီး ပြည်သူများ၏စိတ်ပါဝင်စားမှုနှင့် ဝယ်လိုနိုင်စွမ်းအားတို့သည်လည်း အိမ်နီးချင်းနိုင်ငံများကဲ့သို့ မြင့်မားလာနေခြင်းကြောင့် GPI နှင့် AAM တို့မှ ပူးပေါင်းပြီး၍ ကဲ့သို့ နိုင်ငံတကာအဆင့်ပြပွဲတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြင့် အကျိုးများစွာရရှိနိုင်မည်ဖြစ်သည်။

မော်တော်ယာဉ်ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသည့်ပြည်သူများအနေဖြင့် BMW, Mercedes-Benz, Volvo, Toyota, Suzuki, Nissan, Honda, Ford, Chevrolet , Hyundai, KIA, Jaguar, Land Rover, DFM စသည်တို့အပါအဝင် နိုင်ငံတကာ မော်တော်ယာဉ်ကုမ္ပဏီပေါင်း (၂၀)ကျော်မှ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်းနှင့် စမ်းသပ်မောင်းနှင်ခြင်း၊ အနာဂတ်မော်တော်ယာဉ် နည်းပညာများကိုဆွေးနွေးလေ့လာခြင်း၊ ပညာပေးဆွေးနွေးပွဲများ၊ အစီအစဉ်များကိုတက်ရောက်ခြင်းတို့ပြုလုပ်နိုင်မည်ဖြစ်ပြီး မိမိစိတ်ကြိုက်မော်တော်ယာဉ်များကို ပြပွဲကာလအတွင်း ထူးခြားသက်သာသည့်ဈေးနှုန်းများဖြင့် တိုက်ရိုက်ဝယ်ယူနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမော်တော်ယာဉ် ဈေးကွက်အတွက်အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်းသိရသည်။

UK

ယမန်နှစ်အောက်လျော့သော ယခုနှစ်ဆန်အသစ်ဈေး

ယခုနှစ်တွင် ပြည်တွင်းဆန်ဈေးကွက်သို့ အသစ်ဝင်လာသောဆန် ဈေးမှာ ယမန်နှစ်ကရသည့်ဈေးနှုန်းအောက်ကျဆင်းနေကြောင်း မန္တလေးမြို့ခံဆန်ကုန်သည်များ အသိုင်းအဝိုင်းထံမှသိရသည်။

လတ်တလောတွင် ပဲခူးတိုင်းအရှေ့ပိုင်းကထွက်ရှိသော ဇစိန်၊ သုခ၊ ပဲခူးအနောက်ခြမ်းမှထွက်သော ကရင်မဆန် အမျိုးအစားများ အများဆုံးဝင်ရောက်လာပြီး (၅၀)ကီလိုပါ ဆန်တစ်အိတ်လျှင် ကျပ် (၂၁,၀၀၀)ဝန်းကျင်သာရှိကြောင်းသိရသည်။

တရုတ်နယ်စပ် ကုန်သွယ်ရေးမှာ ပို၍အရေးကြီးပြီး ထိုတရုတ်နယ်စပ်မှ အထွက်မရှိသောကြောင့် ပြည်တွင်း၌ ဆန်တွေပုံနေကြောင်း၊ ထို့ကြောင့်နေ့တိုင်းလိုလိုဈေးကျနေကြောင်း၊ ၎င်းကဆိုလိုသည်။

ယခုအချိန်၌ ပြည်တွင်းအချို့တွင်သာ ဆန်အသစ်များထွက်ရှိနေသေးရာ နယ်စုံမှထွက်သော ဆန်သစ်များဈေးကွက်သို့ဝင်ရောက်လာပါက ဆန်ဈေးကွက် ထပ်ကျသွားနိုင်ကြောင်း မန္တလေးမြို့ခံ ဆန်ကုန်သည်များကခန့်မှန်းပြောဆိုနေကြသည်။

ယခုနှစ် ဆန်ဈေးကွက်သို့ဝင်ရောက်လာသော ဇစိန်၊ သုခ၊ ကရင်မဆန်အမျိုးအစားများသည် ယခင်နှစ်ဆန်သစ်ပေါ်ချိန်က တစ်အိတ်လျှင် ကျပ် (၂၄,၀၀၀)ဝန်းကျင်ဈေး ရရှိခဲ့ကြောင်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

စိတ်ထက်

Transcom News journal Cartoons

စင်ကာပူနိုင်ငံ DBS Bank နှင့် AYA ဘဏ်တို့ပူးပေါင်း ပိုမိုလွယ်ကူသည့် ငွေလွှဲ ငွေပို့စနစ်၊ ပြည်တွင်း၌ ဝန်ဆောင်မှုပေး

ပြည်တွင်းရှိ AYA ဘဏ်နှင့် စင်ကာပူနိုင်ငံရှိ DBS ဘဏ်တို့ပူးပေါင်းပြီး ပိုမိုလွယ်ကူသည့် ငွေလွှဲ၊ ငွေပို့စနစ်ကို ပြည်တွင်း၌ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဝန်ဆောင်မှုပေးရခြင်းမှာ စင်ကာပူနိုင်ငံတွင် နေထိုင်သူများ၊ အလုပ်သွားရောက်လုပ်ကိုင်နေသူများ၊ မြန်မာနိုင်ငံအတွင်းသို့ ငွေလွှဲရာတွင်အဆင်ပြေလွယ်ကူစေရန်နှင့် ဘဏ်များအကျိုးရှိစေမည့်ကဏ္ဍအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

DBS နှင့် ပူပေါင်းဆောင်ရွက်တာက ပြည်တွင်းမှာနေထိုင်သူများနဲ့ စင်ကာပူနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာရှင်များ၊ ကျောင်းသားများအနေနဲ့ ပိုမိုကောင်းမွန်စိတ်ချစွာ ငွေလွှဲနိုင်မှာဖြစ်သလို၊ ကျွန်တော်တို့အနေနဲ့လည်း ဝန်ဆောင်မှုကောင်းတွေကို ပေးအပ်သွားမှာပါ၊ ဒီဝန်ဆောင်မှုတွေက နစ်နိုင်ငံကြားငွေလွှဲမှုအတွက် အဆင်ပြေချောမွေ့စေမှာပါ ဟု ဧရာဝတီဘဏ်မှ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်ဇော်ကပြောသည်။

ယင်းဝန်ဆောင်မှုဖြင့် ငွေပေးပို့သူများသည် DBS အင်တာနက်ဘဏ်စာရင်းရှိရမည်ဖြစ်ပြီး ငွေလက်ခံမည့်သူတွင် ငွေလက်ခံနိုင်ရန်မြန်မာငွေဘဏ်စာရင်း ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ငွေလွှဲမည့်သူအနေဖြင့် ငွေလွှဲချိန်နေ့လည် (၁၂)နာရီမတိုင်မီ ငွေလွှဲပါက လက်ခံမည့်သူ၏ဘဏ်စာရင်းသို့ တစ်နေ့တည်းအပြီးလွှဲပေးမည်ဖြစ်ကြောင်း သိရသည်။

ငွေလွှဲ၊ ငွေပို့စနစ်ကို DBS ဘဏ်၏ အင်တာနက်နှင့် မိုဘိုင်းဘဏ်လုပ်ငန်းများမှ တစ်ဆင့်အလွယ်တကူဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဧရာဝတီဘဏ်၏ မိုဘိုင်းလ်မှစစ်ဆေးနိုင်သလို AYA SMS အသိပေးစနစ်ဖြင့်လည်း သိရှိနိုင်ကြောင်း၊ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများသာမက၊ စီးပွားရေးချိတ်ဆက်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ငွေပို့၊ ငွေလွှဲကို တစ်ကြိမ်လျှင်အမေရိကန်ဒေါ်လာ တစ်သောင်းအထိလွှဲ နိုင်မည်ဖြစ်ကြောင်းသိရသည်။

UK

ဧရာဝတီဘဏ်
AYA Bank
စိတ်ချယုံကြည် ဧရာဝတီ

Video Platform တစ်ခုဖြစ်သော ZANN Application အားမိတ်ဆက်

မြန်မာနိုင်ငံ၏ ပထမဆုံးသော Video Platfrom တစ်ခုဖြစ်သည့် ZANN Application အားပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်ရည်ရွယ်ချက်ဖြင့် ZANN မှ IT ပညာရှင်များက ဒီဇင်ဘာ ၇ ရက်နေ့ညနေ ၃ နာရီမှ ၇ နာရီအချိန်ထိ ရန်ကုန်မြို့ကျောက်တံတားမြို့နယ်ရှိမဟာဗန္ဓုလပန်းခြံရှေ့တွင် မိတ်ဆက်ပွဲအခမ်းအနားအားပြုလုပ်ခဲ့သည်။

"ZANN ဆိုတာကတော့ လူမှုဘဝဗီဒီယိုတွေကို မျှဝေတဲ့ Social Video Platform တစ်ခုပါ။ ဗီဒီယိုဖန်တီးတဲ့ မည်သူမဆို ZANN ကိုအသုံးပြုပြီးကိုယ်တိုင်ရိုက်ကူးထားတဲ့ Video တွေကို အများပြည်သူကိုမျှဝေနိုင်မှာပါ။ ZANN App ကို Video ဖိုင်တင်ခြင်း၊ မျှဝေခြင်းလုပ်ငန်းတွေကိုလည်း လွယ်ကူရှင်းလင်းတဲ့နည်းပညာတွေလုပ်ပုံလုပ်နည်းတွေနဲ့ ဖန်တီးထားတဲ့အပြင် ကြိုက်နစ်သက်ရာ video တွေကို Search Box မှာ အလွယ်တကူရှာနိုင်မှာဖြစ်ပါတယ်။ Reaction မျိုးစုံပေးနိုင်သလို Com-ment ပေးခြင်း၊ တစ်ခြားအင်တာနက်လူမှုကွန်ရက်ကို မျှဝေခြင်းတွေကိုလည်း အလွယ်တကူပြုလုပ်နိုင်မှာပါ။ အသုံးပြုရလွယ်ကူအောင်လည်း မြန်မာ- အင်္ဂလိပ်နှစ်ဘာသာ အသုံးပြုနိုင်အောင် ကျွန်တော်တို့ဖန်တီးပေးထားပါတယ်။ လူကြိုက်များတဲ့ Video Channel (၂၃)ခုကိုလည်း ဖန်တီးတည်ဆောက်ပေးထားပြီး zann Channel တွေကိုလည်း အလွယ်တကူရှာဖွေကြည့်ရှုနိုင်မှာပါ။ နောက်ပိုင်းမှာလည်း Live လွှင့်နိုင်တဲ့ ဝန်ဆောင်မှုကိုလည်း ကျွန်တော်တို့ထပ်မံဖြည့်သွင်းသွားမှာပါ"ဟု ZANN Online ကုမ္ပဏီမှ IT ပညာရှင် ကိုညီညီထွန်းမှပြောကြားသည်။

ZANN Application ကို Goo-gle Play တွင် Download ပြုလုပ်နိုင်ပြီး http, // WWW. Zann.o-nline တွင်လည်း Download ပြုလုပ်နိုင်မှာဖြစ်သည်။ Zann app အသုံးပြုသူများအတွက် အခမဲ့အသုံးပြုနိုင်သော App တစ်ခုဖြစ်သည်။

အဆိုပါ ZANN Application မိတ်ဆက်ခြင်း အခမ်းအနားလာရောက်ကြသောပြည်သူများအား App အသုံးပြုနည်းများရှင်းပြပေးခြင်း၊ ပျော်ရွှင်ဖွယ်ရာဂိမ်းကစားနည်းများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းများပြုလုပ်ခဲ့သည်။

ဘုန်းပိုင်ဦး၊ စိတ်ထက်

သမိုင်းမော်ကွန်းတင် ကျန်နိုင်ခဲ့မည့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဖြစ်အောင် ကြိုးပမ်းသွားမည်

အချိန်ကာလသတ်မှတ်ချက် မထားဘဲ ပြည်သူအများလက်ခံနိုင်သည့် သမိုင်းမော်ကွန်းတင်ကျန်နိုင်ခဲ့မည့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဖြစ်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုကပြောသည်။

ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရန် လက်ရှိတွင် ကျပ်သိန်းတစ်သောင်းတစ်ထောင်ရှိနေပြီးဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်၌ တာဝန်ယူဆောင်ရွက်နေသည့် ဒါရိုက်တာလူမင်းနှင့် သရုပ်ဆောင်များသည် ငွေကြေးစကားမပြောဘဲ အမျိုးသားခေါင်းဆောင်ကြီး၏ အတ္ထုပ္ပတ္တိကို သမိုင်းမှတ်တမ်းအနေနှင့်ကျန်ရှိရန် လုပ်ဆောင်နေသည့် သဘောဖြစ်သော်လည်း တန်ရာတန်ကြေးအနေနှင့် ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောသည်။

လက်ရှိတွင် ရိုက်ကူးရေးအဖွဲ့ ပထမအဆင့်အနေနှင့် ဖွဲ့စည်းထားပြီးဖြစ်ပြီး ထုတ်လုပ်မှုဒီဖိုင်းနာဒါရိုက်တာ ဦးထွန်းအောင်ဇော်၊ တည်းဖြတ်မှုဒါရိုက်တာ အလင်္ကာကျော်စွာဒါရိုက်တာပန်ချီစိုးမိုး၊ အနုပညာပိုင်းအတွက် ဒါရိုက်တာစိုးကျော်ဆန်း၊ ဒါရိုက်တာဝင်းလွင်ထက်တို့ပါဝင်မည်ဖြစ်သည်။ ထို့ပြင်ဇာတ်ညွှန်းရေးသားမှုကို ဦးဘုဏ်းသိုက်နှင့် ဦးအောင်ကြီးတို့မှ တာဝန်ယူထားပြီး ဇာတ်ညွှန်းကြီးကြပ်မှုဒါရိုက်တာညီညီထွန်းလွင်၊ ဒါရိုက်တာဦးမြင့်ဇော်ဦးတို့မှ ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ES

နာမည်ကြီးကားများကို AYA Auto Loan အရစ်ကျပေးချေမှု ဖြင့်ဝယ်ယူနိုင်

နာမည်ကြီးကားများကို AYA Auto Loan အရစ်ကျပေးချေမှုဖြင့်ဝယ်ယူနိုင်ကြောင်း CarsDB Auto Show Yangon 2018 ပြပွဲမှသိရသည်။

ဧရာဝတီဘဏ်၏ AYA Auto Loan နှင့်ချိတ်ဆက်ထားသော ကမ္ဘာကျော်ကားများအားအထူး Promo-tion အနေဖြင့် Minimun Down Payment 20% ဖြင့် ၅ နှစ်အထိအရစ်ကျဝယ်ယူနိုင်ပြီး အထူးအခွင့်အရေးများနှင့် အမှတ်တရလက်ဆောင်များခံစားနိုင်မည်ဖြစ်သည့်အပြင် ဧရာဝတီဘဏ်မှ ဥပဒေဆိုင်ရာ၊ ချေးငွေဌာနဆိုင်ရာ ကျွမ်းကျင်သူ Con-sultant များနှင့် တိုင်ပင်ဆွေးနွေးလျှောက်ထားနိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းအပြည့်အစုံနှင့် လာရောက်လျှောက်ထားနိုင်ကြောင်းသိရသည်။

ဘဏ်နှင့် ချိတ်ဆက်ထားသော Dealer များဖြစ်သည့် Toyota၊ Ford၊ Mazda၊ Chevrolet၊ Nis-san၊ Suzuki၊ KIA၊ Jaguar၊ Peu-geot၊ Mercedes-Benz၊ Land Rover၊ Isuzu၊ BMW၊ Mitsubi-shi၊ GAC၊ Borgward၊ Volvo၊ Yutong၊ Hyundai၊ MMM Car Sale Center၊ JPM Car Sale၊ Rixs Group၊ Peugeot တို့ပါဝင်ပြီး၊ တပတ်ရစ်ကားများကိုလည်း AYA Auto Loan အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ကြောင်းသိရသည်။

UK

ချင်းပြည်နယ်ရှိ ဒေသန္တရစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက် အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် ဆွေးနွေးပွဲကျင်းပ

ချင်းပြည်နယ်ရှိဒေသန္တရစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက်အခွင့်အလမ်းနှင့် စိန်ခေါ်မှုများလေ့လာမှု အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်ကရန်ကုန်မြို့ရှိတော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သည်။

ချင်းပြည်နယ်သည် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းမရှိသေးသော ပြည်နယ်တစ်ခု (Zero Investment) အဖြစ်တည်ရှိဆဲဖြစ်သဖြင့် ၂၀၁၉ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံသူများရရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်းအဆိုပါပွဲမှ သိရသည်။

"ချင်းပြည်နယ်အနေနဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုအခြေအနေဟာ ဒီနေ့သည အခြေအနေပဲရှိနေဆဲဖြစ်တဲ့အတွက် Zero Investment အခြေအနေဖြစ်တဲ့အတွက် ချင်းပြည်နယ်ကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဆက်လက်ဝင်ရောက်နိုင်ဖို့အတွက်ဝိုင်းဝန်း ကူညီရန်မေတ္တာရပ်ခံထားပါတယ်"ဟုချင်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကိုယ်စား အေးချမ်းမြန်မာ အင်စတီကျူ့မှမူဝါဒရေးရာအကြံပေး ဆလိုင်းအိုက်ဇက်ခင်က ပြောကြားသည်။

သို့သော်လည်း ကျပ်သန်း ၈၀၀ ကျော်ဖြင့် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် ပြည်တွင်းကုမ္ပဏီတစ်ခုအား ခွင့်ပြုပေးထားကြောင်း ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

၂၀၁၇ ခုနှစ်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ခွင့်ခုနစ်နှစ်ရရှိသည့် ဇုန်(က)စာရင်းတွင် ချင်းပြည်နယ်ပါဝင်ကြောင်းနှင့် ဥပဒေအရ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား အကာအကွယ်ပေးထားကြောင်း၊ ၂၀၁၇ ခုနှစ်စက်တင်ဘာလတွင်ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးကိုစတင်ဖွင့်လှစ်ခဲ့ပြီး ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီကိုလည်း ဖွဲ့စည်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ချင်းပြည်နယ်ရှိ ဒေသန္တရစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းနှင့်စိန်ခေါ်မှုများလေ့လာမှု အစီရင်ခံစာကို အေးချမ်းမြန်မာအင်စတီကျူ့မှ သုတေသနလုပ်ငန်းများပြုလုပ်ကာ AFSC မှရန်ပုံငွေပံ့ပိုးပေးထားကြောင်းသိရသည်။

ဘုန်းပိုင်ဦး

ကျောင်းဆရာမလုပ်ပဲ ပညာရေးအကြောင်း ပြောလိုက်မိပါသည်



ဝေလင်း (ပညာရေး)

၁၉၇၁ခုနှစ် ပညာရေးတက္ကသိုလ်တက်ခွင့်ရတော့ အားလုံး(၄၀၀)ကျော်မှာ အမျိုးသား (၈၀)ယောက်ပါတယ်။ ကျန်တာကအမျိုးသမီးတွေချည်းပါပဲ။ နောက်ပိုင်းနှစ်တွေမှာပါ အမျိုးသားတွေကနည်းပါတယ်။

လွန်ခဲ့တဲ့နှစ် (၅၀)ကတည်းက ဆရာလုပ်မဲ့အမျိုးသားက (၂၀)% ပဲရှိလာတာဆိုတော့ ဒီကနေ့အခြေအနေမှာလည်း ကျောင်ဆရာကနည်းပြီး၊ ကျောင်းဆရာမကပဲများနေတာပါ။ ဆရာရာခိုင်နှုန်းက ပိုတောင်လျော့သွားမှာသေချာပါတယ်။

ပြီးခဲ့တဲ့ဒီဇင်ဘာလ (၂)ရက် အမျိုးသားနေ့ တာမွေတန်းမြင့်ကျောင်း (အထက-၂-တာမွေ) ဆရာကန်တော့ပွဲကိုသွားတော့ ပင်စင်ယူပြီးကန်တော့ခံဆရာ ဆရာမ (၁၃၅) ယောက်မှာ အမျိုးသားဆရာကြီးတွေက (၂၀) ပဲပါတယ်။ ဒါနဲ့ကျွန်တော်က “နောင်ဆိုရင် ဆရာကန်တော့ပွဲဆိုတာထက် ဆရာမကန်တော့ပွဲ ဖြစ်လာတော့မယ်ထင်ပါတယ်”လို့ ပြောခဲ့လိုက်ပါတယ်။

အခြေခံပညာကျောင်းသားကျောင်းသူပေါင်း (၈) သန်း (၃)သိန်းလောက်ကို ဆရာ၊ ဆရာမ (၂၇၈၀၀၀) လောက်ကတာဝန်ယူပြီး ပညာသင်ကြားပို့ချနေပါတယ် (စာရင်းအပေါင်းအရ)။ အမျိုးသားဆရာက ငါးသောင်းကျော်သာရှိပြီး (၂)သိန်း (၂)သောင်းကျော်က ဆရာမတွေပါ။

ကျောင်းသား (၃၀)ကျော်ကို ဆရာ/ဆရာမတစ်ယောက်နှုန်းဆိုပေမယ့် တချို့ဝေးလံခေါင်းပါးဒေသတွေမှာ မူလတန်းကျောင်းတစ်ကျောင်းလုံးမှ ဆရာ/ဆရာမ (၂) ယောက် (၃)ယောက်ပဲ ရှိတာကိုလည်း သတင်းတွေမှာတွေ့ရပါတယ်။

ဝါသနာပါမယ်၊ စေတနာပါမယ်၊ အနစ်နာခံနိုင်မယ်ဆိုမှ ကျောင်းဆရာ-ဆရာမဖြစ်နိုင်မှာပါ။ “တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစားအားရှိ”ဆိုတာ ပြောကောင်းရုံလူကြားကောင်းရုံစာစုလေးပါ။ ငါ့တပည့်က ဘယ်ဌာနမှာ ညွှန်ချုပ်ကြီး၊ လစာက(၅)သိန်းရတယ်။ ငါ့တပည့်က ဘယ်ကုမ္ပဏီမှာ GM ကြီး လစာက (၁၅)သိန်း၊ သိန်း (၂၀)ရတယ်။ ဒါပေမဲ့ ဆရာ့လစာကတော့ (၂)သိန်းကျော်ပါပဲ။ ဒီခေတ်မှာ ဆိုရင်တော့ငါ့တပည့်က ဘယ်ဌာနမှ ဝန်ကြီး၊ လစာက သိန်း(၁၀)တောင်ရတယ်။ ဒါပေမယ့် ဆရာ့လစာကတော့ (၂)သိန်းကျော်ပါပဲ။

ပညာရေးမြင့်မားမှ နိုင်ငံ့အနာဂတ်မြင့်မားမယ်ဆိုတာ စာဖတ်တဲ့လူတိုင်းသိနားလည်ပါတယ်။ ပညာရေးမြင့်မြင့်မားမားဖြစ်ဖို့ ဆရာ-ဆရာမတွေ အရည်အသွေး၊ အရည်အချင်းမြင့်မားရပါမယ်။ နိုင်ငံတိုးတက်ဖို့ ပထမအရေးအကြီးဆုံးက ကျောင်း၊ ဒုတိယအရေးအကြီးဆုံးက ကျောင်း၊ တတိယအရေးအကြီးဆုံးကလည်း ကျောင်းပဲဖြစ်ပါတယ်။ ဒါဆိုရင်ပညာရေးမြင့်မားဖို့ ပထမအရေးအကြီးဆုံးက ဆရာ-ဆရာမတွေ၊ ဒုတိယအရေးအကြီးဆုံးက ဆရာ-ဆရာမတွေ၊ တတိယအရေးအကြီးဆုံးကလည်း ဆရာ-ဆရာ မတွေပဲဖြစ်ပါတယ်။

ဆရာ ဆရာမတွေက ကျောင်းတွေကို အသက်သွင်းပေးတာဖြစ်ပါတယ်။ ဆရာ-ဆရာမတွေ အရည်အချင်းမြင့်မားဖို့ လေ့ကျင့်ပေးရပါမယ်။ ဆရာ-ဆရာမတွေရဲ့ စိတ်ဓါတ်ကိုလည်း မြှင့်တင်ပေးရပါမယ်။

၁၉၈၈ခုနှစ်မတိုင်မီ ဆိုရှယ်လစ်ခေတ်မှာကတည်းက (၅)နှစ်တက်ပြီး B' Ed ဘွဲ့ရ ကျောင်းဆရာ-ဆရာမဟာ အရာရှိလစာမရပဲ ကျွမ်းကျင်အဆင့် (၄)၃၂၀- ၁၅-၄၄၀ိ စကေးသာရခဲ့ပါတယ်။ (၆)နှစ်တက်ပြီး B.E ဘွဲ့ရတဲ့ လက်ထောက်အင်ဂျင်နီယာနဲ့ (၇)နှစ်တက်ရတဲ့ လက်ထောက်ဆရာဝန်ဟာ အရာရှိအဆင့်လစာ ၄၅၀ိ- ၂၅-၇၀၀ိ စကေးရခဲ့ကြပါတယ်။ အထက်တန်းကျောင်းအုပ်တောင် အရာရှိလစာမရကြပါဘူး။ မြို့နယ်ပညာရေးမှူးဖြစ်မှ အရာရှိလစာစားကြရပါတယ်။

ပညာရေးကို ခေတ်အဆက်ဆက်အားပေးတယ်ပြောပေမဲ့ ဆရာ-ဆရာမတွေရဲ့လစာ၊ အဆင့်အတန်းက နှစ်ပေါင်း (၅၀-၆၀)အတွင်းမှာ ဒုံရင်းကဒုံရင်းပါပဲ။

ပညာရေးကိုပြုပြင်ပြောင်းလဲလာခဲ့တာလည်း ခေတ်အဆက်ဆက်ပါပဲ။ တကယ်အရေးကြီးတာကို ပြောင်းဖို့မစဉ်းစားခဲ့ကြပါဘူး။ ဆရာ ဆရာမတွေကိုမြှင့်တင်ပေးဖို့ မလုပ်ခဲ့ကြပါဘူး။ နိုင်ငံတကာကပညာရေးစနစ်နဲ့ ဆရာဆရာမတွေရဲ့ အခန်းကဏ္ဍနမူနာတွေကိုအားကျလို့ အောက်မှာဖော်ပြလိုက်ပါတယ်။

“ကမ္ဘာ့ပညာရေးစနစ်အကောင်းဆုံးနိုင်ငံစာရင်းမှာ ဖင်လန်နိုင်ငံက ပထမ၊ ဂျပန်က ဒုတိယ၊ တောင်ကိုရီးယားက တတိယ၊ ဒိန်းမတ်က စတုတ္ထ၊ အမေရိကန်နိုင်ငံကတော့ အဆင့် (၂၀)မှာပဲ ရှိပါတယ်။”

(Reference: Top 20 Countries with the Best Educational System 2018 in the World: Filed in Education by Editorial Staff on March 30, 2018)

ဖင်လန်နိုင်ငံက ပညာရေးကိုအားပေးလို့ ကမ္ဘာ့ထိပ်တန်းပညာရေးစနစ်ရှိတဲ့ နိုင်ငံဖြစ်နေတယ်။ ကျောင်းဆရာ ဆရာမတွေဟာ လူမှုအဖွဲ့အစည်း (Civil Society) မှာ အမြင့်ဆုံးပါပဲ။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေတွေထက်ပိုပြီးအရေးပေးခံရတယ်။ လစာလည်း ပိုများကြပါတယ်။

ဂျပန်နိုင်ငံမှာလည်း ဆရာ၊ ဆရာမတွေဟာ ကျန်တဲ့အသက်မွေးဝမ်းကြောင်းတွေထက် လစာပိုပြီးရကြပါတယ်။ အလုပ်အကိုင်တွေရဲ့ ပျမ်းမျှလစာဟာ တစ်နှစ်ကိုဒေါ်လာ (၃၆၀၀၀)နဲ့ (၄၀၀၀၀)ဝန်းကျင်မှာရှိပေမယ့် ဆရာဆရာမတွေရဲ့လစာဟာ တစ်နှစ်ကို (၄၅၀၀၀)လောက်ရှိပါတယ်။ ဂျပန်လူ့အဖွဲ့အစည်းမှာ ဆရာ၊ ဆရာမတွေရဲ့ အခန်းကဏ္ဍကို မြင့်မြင့်မားမားအလေးထားကြပါတယ်။ အမေရိကန်နိုင်ငံမှာတောင် ကျောင်းဆရာဆရာမတွေကို ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေတွေလောက် ဦးစားပေးမထားတဲ့အတွက် ပညာရေးစနစ်ဟာလည်း ထိပ်ဆုံးအဆင့်ကိုရောက်မလာပါဘူး။

ဥရောပနိုင်ငံတွေမှာ မူလတန်းဆရာတွေရဲ့လစာဟာ အထက်တန်းပြဆရာတွေနဲ့ လစာသိပ်မကွာပါဘူး။ ကမ္ဘာမှာဆရာဆရာမတွေကို လစာအမြင့်ဆုံးပေးတဲ့နိုင်ငံတွေကတော့ လူဇင်ဘတ်၊ ဆွစ်ဇာလန်၊ တောင်ကိုရီးယားနဲ့ ဂျာမနီတို့ပဲဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေက မူလတန်းပြဆရာ ဆရာမတစ်ယောက် တစ်နှစ်ရတဲ့ပျမ်းမျှလစာကိုအောက်မှာဖော်ပြလိုက်ပါတယ်။

လူဇင်ဘတ်-	အမေရိကန်ဒေါ်လာ -	၁၂၂၀၀၀
ဆွစ်ဇာလန်-	အမေရိကန်ဒေါ်လာ -	၈၄၀၀၀
တောင်ကိုရီးယား-	အမေရိကန်ဒေါ်လာ -	၇၉၀၀၀
ဂျာမနီ-	အမေရိကန်ဒေါ်လာ -	၇၂၀၀၀
အမေရိကန်-	အမေရိကန်ဒေါ်လာ -	၆၈၀၀၀

(Reference: The best and worst countries to be a teacher, based on salary, May 7, 2018, Business Insider.com) ပညာရေးမြင့်မားချင်ရင်၊ နိုင်ငံကိုတိုးတက်စေချင်ရင် ကျောင်းဆရာ၊ ဆရာမတွေကို အဆင့်မြှင့်တင်ပေးရပါမယ်။ စိတ်ဓါတ်မြှင့်တင်ပေးရပါမယ်။ လစာနှုန်းထားတိုးပေးရပါမယ်။ ပီတိစားခိုင်းနေရုံနဲ့ ပညာရေးအဆင့်မြင့်မားလာစရာမရှိပါဘူး။

မတန်မရာဈေးနှုန်းတွေနဲ့ သတ်မှတ်ချက်တွေကိုလည်း လူကြားကောင်းအောင် အမြန်ဆုံးပြင်သင့်ပါတယ်။ (ဥပမာ- မဟာတန်းတက်နေတဲ့ အချိန်ပိုင်းဆရာ-ဆရာမတွေကို တစ်နေ့ကျပ်-၁၀၀၀ (တစ်ထောင်)နှုန်းနဲ့ တစ်လကျပ် ၂၀၀၀၀-(နှစ်သောင်းကျပ်)ခံစားခွင့်ပြုထားတဲ့ဟာမျိုး ကျောင်းဆရာ၊ ဆရာမတွေကို ထိုက်ထိုက်တန်တန်လူမှုအဆင့်၊ ရာထူးအဆင့်၊ လစာမြှင့်တင်ပေးရပါမယ်။ ဒါမှလည်း အချိုးညီညီပညာရေးအဆင့်မြင့်တက်လာနိုင်မယ်လို့ ယုံကြည်မိကြောင်း ရေးလိုက်မိပါတယ်။

(စာရေးသူ- B' Ed ဘွဲ့ရသော်လည်း ကျောင်းဆရာတာဝန်မထမ်းခဲ့ပါ။ ဆရာကန်တော့ပွဲမှာပြောခဲ့တဲ့ ပညာရေးအကြောင်းကိုအခြေခံပြီး ပထမဆုံးရေးမိတာပါ။)

သင်္ဘောရေယာဉ်မှူးနှင့် သက်ဆိုင်ရာဒေသန္တရ ရေကြောင်းပြမှူးအကြား သတင်းအချက်အလက်ဖလှယ်ခြင်း

ရေကြောင်းပြမှူးသည် မိမိကိုင်တွယ်မောင်းနှင်ရမည့် သင်္ဘောပေါ်သို့ရောက်သည်နှင့် သင်္ဘောဘေးအန္တရာယ်ကင်းစွာ ကျောက်ချ/ ဆိုက်ကပ်/ ကမ်းခွာခြင်းနှင့်ပတ်သက်၍ သင်္ဘောရေယာဉ်မှူးနှင့် သက်ဆိုင်ရာဒေသန္တရ ရေကြောင်းပြမှူးအကြား သတင်းအချက်အလက်ဖလှယ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရပါမည်။

ထိုလုပ်ငန်းစဉ်များအနက်အချို့မှာ ရေကြောင်းမောင်းနှင်မှုနှင့်ပတ်သက်သည့် (ရေဒါ၊ ရေအနက်တိုင်းတာသည့်စက်၊ သင်္ဘောစက်နှင့် အခြားဆက်စပ်စက်ကိရိယာ)များ သင်္ဘောဦးရှိ ကျောက်နစ်လက်ကောင်းမွန်စွာ အသုံးပြုနိုင်ကြောင်း ရေယာဉ်မှူး၏ ဝန်ခံအတည်ပြုစစ်ဆေးချက်၊ သင်္ဘောကိုင်တွယ်မောင်းနှင်ရာတွင် ထူးခြားချက်၊ ကန့်သတ်ချက်များကို လက်ခံရပါမည်။

ထို့နောက် ရေကြောင်းပြမှူးကြီးမှ ဆိပ်ကမ်း၏သဘာဝ၊ ရာသီဥတုအခြေအနေနှင့် ဂရုပြုရမည့်အချက်များ၊ လက် ရှိသင်္ဘော၏ရေစူး၊ ကုန်အလေးချိန်၊ လေတိုက်နှုန်း၊ ရေစီး နှုန်းပေါ်မူတည်ပြီး အသုံးပြုရမည့်တွန်း/ဆွဲ သင်္ဘော (Tug Boat)၊ ရေစီး၊ လေတိုက်နှုန်းပေါ်မူတည်ပြီး သင်္ဘောညာဘက်/ ဘယ်ဘက်နှင့် ကပ်မည်။ မည်သည့်ကြိုးကို အရင်စပေးမည် စသဖြင့်ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ဆွေးနွေးမှုများ လိုက်နာဆောင်ရွက်သင့်ပါသည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်းများသို့ ဆိုက်ရောက်လာသော သင်္ဘောများသည် သက်ဆိုင်ရာဒေသန္တရ ဆိပ်ကမ်းများ၏ သတ်မှတ်လမ်းညွှန်ချက်များကို ကျင့်သုံးလိုက်နာကြရပါသည်။

ကမ္ဘာ့နိုင်ငံများ၏ဆိပ်ကမ်းများတွင် သက်ဆိုင်ရာနိုင်ငံ၏ သတ်မှတ်ဆိပ်ကမ်းရေပြင်ဧရိယာအတွင်း ဝင်ရောက်သည်နှင့် (E Mail) ဖြင့်သော်လည်းကောင်း၊ ဆိပ်ကမ်းထိန်းသိမ်းရေးမျှော်စင်မှ မိုင်နှစ်ဆယ် (About 20 Miles from Port Control Towel) အတွင်းရောက်ရှိသည်နှင့် သင်္ဘောရေဒီယိုစကားပြောစက် (Ship's VHF Radio) ဖြင့် သတင်းပို့ပြီး လမ်းညွှန်ချက်များကို လိုက်နာကြရပါသည်။ အချို့သောကမ္ဘာ့နိုင်ငံများတွင် ရေယာဉ်မှူး၏ကျွမ်းကျင်မှုအတွေ့အကြုံပေါ်မူတည်ပြီး ရေကြောင်းပြငှားရမ်းအသုံးပြုမှုကင်းလွတ်ခွင့် (Pilot Exemption) ရကြပါသည်။

ထိုအခါ ရေယာဉ်မှူးသည် သက်ဆိုင်ရာဒေသန္တရကိုယ်စားလှယ်၏ ဆိပ်ကမ်းအာဏာပိုင်မှခွင့်ပြုချက် အစီအစဉ်အတိုင်း ဆိပ်ကမ်းရေကြောင်းအသွားအလာ စောင့်ကြပ်ထိန်းသိမ်းရေးစင်တာ (Vessel Traffic Information and Control Centre) သို့ အစဉ်မပြတ်သတင်းပို့ကာ ကျောက်ချခြင်း၊ ဆိပ်ကမ်းအကပ်/အခွာ ပြုလုပ်ခြင်းများဆောင်ရွက်နိုင်ပါသည်။

အခြားသောဆိပ်ကမ်းများတွင် လောင်စာဆီယူခြင်း၊ စတိုပစ္စည်းများယူခြင်း၊ ကန်ထရိုက်စာချုပ်ပြည့်နှင့် အကြောင်းကြောင်းကြောင့် အိမ်ပြန်မည့်သင်္ဘောသားများ အတက်အဆင်းပြုလုပ်ရန်အတွက် ကျောက်ချရာတွင်သော်လည်းကောင်း၊ ဆိပ်ကမ်းအကပ်/ အခွာပြုလုပ်ခြင်းများကို သက်ဆိုင်ရာဒေသန္တရ ရေကြောင်းပြမှူးဖြင့်သာဆောင်ရွက်နိုင်ပါသည်။ ဤသို့ဖြင့် သင်္ဘောဘေးအန္တရာယ်ကင်းစွာ ကျောက်ချခြင်း ဆိုက်ကပ်ခြင်း၊ ကမ်းခွာခြင်း၊ စသည်တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

မောင်မှူး

သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို ရင်ခုန်တဲ့ပရိသတ်ကြီးအတွက် "ရန်သူ"

ရန်သူဇာတ်ကားကို ရွှေစင်ဦးရုပ်ရှင်ထုတ်လုပ်ရေးကစီစဉ်ပြီး စာရေးဆရာမလွန်းထားထားရဲ့ ဝတ္ထုကိုမိုးနီလွင်က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပါတယ်။ ဒါရိုက်တာကတော့ အကယ်ဒမီမီးပွားဖြစ်ပြီး နေမင်း၊ ဝတ်မှုံရွှေရည်၊ နေခြည်ဦးတို့နဲ့ ရိုက်ကူးထားတာပါ။

ဇာတ်လမ်းကတော့ သက်ထင်ညို(နေမင်း)နှင့် ဆန်းကြယ် (ဝတ်မှုံရွှေရည်)တို့က ငယ်စဉ်ကလေးဘဝကတည်းက အိမ်နီးချင်းသူငယ်ချင်းတွေပါ။ ဆန်းကြယ်ကသားယောကျ်ားလေးလိုချင်တဲ့ မိခင်ဖြစ်သူကြောင့် မိန်းကလေးသိပ်မဆန်ဘဲ ယောကျ်ားလေးတစ်ယောက်လိုဖြစ်နေပါတယ်။ သက်ထင်ညိုလုပ်တဲ့ အရာမှန်သမျှ ဆန်းကြယ်ကလိုက်လုပ်ပြီး အနိုင်မခံယှဉ်ပြိုင်လေ့ရှိသူဖြစ်ပါတယ်။ ဆယ်တန်းအောင်ပြီးတဲ့ အချိန်မှာတော့ သက်ထင်ညိုကိုမိဘတွေက ပြိုင်ကားတစ်စီးဆုချတဲ့အတွက် ဆန်းကြယ်ကလည်း အားကျမခံပြိုင်ကားလိုက်ဝယ်ခိုင်းပါတယ်။ အရွယ်ရောက်လာတဲ့အချိန်အထိလည်း သူတို့နှစ်ယောက်ကြားကပြိုင်ဆိုင်မှုများက လျော့မသွားခဲ့ပါဘူး။

တစ်ရက်မှာတော့ သက်ထင်ညိုက သူငယ်ချင်းတွေရှိသည့် တက္ကသိုလ်ကိုအလည်သွားရင်း လေပြေနသွေး (နေခြည်ဦး) ဆိုတဲ့မိန်းကလေးကိုတွေ့ပြီး စိတ်ဝင်စားသွားပါတယ်။ လေပြေနသွေးကို တစ်ကျောင်းလုံးမှာရှိတဲ့ ယောကျ်ားလေးတွေက စိတ်ဝင်စားကြပေမယ့် သူမကတော့ ဘယ်သူ့ကို မှစိတ်မဝင်စား။ သက်ထင်ညိုကတော့ လေပြေနသွေး၏အချစ်ကို ရအောင်ကြိုးစားပေမယ့်လည်း မအောင်မြင်ပါ။ သက်ထင်ညိုက မိန်းကလေးတစ်ယောက်ကိုလိုက်နေမှန်း ဆန်းကြယ်သိသွားတဲ့အခါမှာတော့ ဆန်းကြယ်ကလေပြေနသွေးကို အတင်းရင်းနှီးအောင်လုပ်ပြီး သက်ထင်ညိုရဲ့အကြံအစည်များ မအောင်မြင်အောင်နှောင့်ယှက်ပါတော့တယ်။ လေပြေနသွေးကဆန်းကြယ်ကိုတော့ မိန်းကလေးချင်းမို့ ခင်ခင်မင်မင်ဆက်ဆံတာကြောင့် သူငယ်ချင်းတွေဖြစ်သွားပါတယ်။ သူချစ်နေတဲ့မိန်းကလေးအနားမှာ ဆန်းကြယ်ကအမြဲရှိနေတာမို့ သက်ထင်ညိုတစ်ယောက် အကြံအိုက်နေပါတယ်။

သက်ထင်ညိုနဲ့ ဆန်းကြယ်တို့ရဲ့ ပြိုင်ဆိုင်မှုတွေကြားမှာ လေပြေနသွေးက စိတ်အိုက်လာခဲ့ပါတယ်။ သူ့ကိုဖွဲ့ကောင်းကောင်းနဲ့ ပိုးပန်းနေတဲ့ သက်ထင်ညိုအပေါ်ကိုလည်း သနားစိတ်ဝင်လာပါတယ်။ ဆန်းကြယ်ကတော့လေပြေနသွေးကို သက်ထင်ညိုမပိုင်ဆိုင်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့တားဆီးပါတယ်။ ဒီလိုအခြေအနေများနဲ့ နောက်ပိုင်းမှာတော့ သူတို့သုံးယောက်ရဲ့အချစ်ဇာတ်လမ်းက ဘယ်လိုတွေဖြစ်သွားမလဲဆိုတာ...

ES

ဟာသကားကြည့်လိုသူတွေအတွက် "သမီးသမက်ခမည်းခမက်"

ရွာတွင် မိဘများထံမှ အမွေအဖြစ်လယ်ကွက်များရရှိလာသည့် အောင်စည်တစ်ယောက် မြို့ပေါ်တွင် သိန်းသန်းနှင့် အိမ်ထောင်ကျကာနှစ်ယောက်သား ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြသည်။ သိန်းသန်းကနာမည်ကျော် မော်ဒယ်မင်းသမီးဖြစ်လိုသည့် သူမ၏ ဝါသနာကို အကောင်အထည်ဖော်ရန် သင်တန်းများတက်ရင်းသရုပ်ဆောင်အဖြစ်ဝင်လျှောက်နေသည်။ သူတို့လင်မယား၏ သာယာဖွယ်ဘဝထဲသို့ အောင်စည်၏မိဘနှစ်ပါးနှင့် အတူ သိန်းသန်း၏မိခင်နှင့် အတူနေသည့် သိန်းသန်း၏အဘွားနှင့် ဦးလေးတို့က ပါ လာရောက်နေထိုင်ကြသည်။ စရိုက်အသွင်မတူသည့် နှစ်ဖက်မိဘများအကြား အစစအရာရာအဆင်ပြေစေရန် လင်မယားနှစ်ယောက်ကြံစည်နေထိုင်ကြရင်း ဖြစ်ပေါ်လာသည့်အဖြစ်အပျက်များကိုဟာသနောက်ကာ ရိုက်ကူးထားခြင်းဖြစ်သည်။

ထိုဇာတ်ကားသည် ညာလက်တော်၏ဇာတ်လမ်းရာဇဝင်ကိုဇာတ်ညွှန်းရေးပြီး ဒါရိုက်တာကိုဇော် (အရုဏ်ဦး)က ရိုက်ကူးထားခြင်းဖြစ်သည်။ ယင်းဇာတ်ကားတွင် ပြေတီဦး၊ မိုးအောင်ရင်၊ ရဲအောင်၊ ဗေလုဝ၊ ခိုင်သင်းကြည်၊ တက္ကသိုလ်ဝွမ်းပုံ၊ အရိုင်း၊ အောင်ခိုင်၊ ကျော်ဇင်ထွဋ်၊ ရဲမွန်နှင့်အခြားသရုပ်ဆောင်များစွာ ပါဝင်ထားခြင်းဖြစ်သည်။

ES

သည်းထိတ်ရင်ဖိုဇာတ်ကား Overlord ရုပ်ရှင်ပြမည်

သည်းထိပ်ရင်ဖိုဇာတ်ကား Overlord ရုပ်ရှင်သည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၀ ဝန်းကျင်တွင် နာဇီအကျဉ်းစခန်းရှိ အကျဉ်းသားများကို အသက်အရွယ်မရွေး ဆေးပညာစမ်းသပ်မှုများတွင် အသုံးပြုခဲ့ကြသည်။ အကျဉ်းသားများကို နာဇီဆရာဝန်များက ဆေးပညာစမ်းသပ်မှုများတွင် အတင်းအကျပ်အသုံးချခဲ့ပြီးနောက် ထိုလူများသည် ရုပ်ပျက်ဆင်းပျက်သေဆုံးရခြင်း၊ ကိုယ်လက်အင်္ဂါများချို့တဲ့ခြင်းနှင့် အသွင်သဏ္ဍာန်ပြောင်းလဲမှုများဖြစ်ခဲ့ရသည်။ ထိုကာလများအတွင်း မဟာမိတ်တပ်များက နာဇီတို့သိမ်းပိုက်ထားသည့် ပြင်သစ်မြောက်ပိုင်းကို ဝင်ရောက်သိမ်းပိုက်စဉ် အမေရိကန်လေထီးတပ်ဖွဲ့တစ်ခုသည် တာဝါတိုင်ကိုဖြိုချရန် လုပ်ဆောင်သည့်စစ်ဆင်ရေးတွင် နာဇီဆရာဝန်များ၏ ဆေးစမ်းသပ်ချက်ကြောင့် ပေါ်ပေါက်လာသည့် ကြောက်စရာသတ္တဝါများကို ရင်ဆိုင်ခဲ့ရသည်ကို စိတ်လှုပ်ရှားဖွယ် ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါ Overlord ရုပ်ရှင်ကို ဒါရိုက်တာJulius Avery က ရိုက်ကူးထားပြီး Jovan Adeop, Wyatt Russell, Mathilde Olivier, John Magaro, Gianny Tuffer, Pilou Asbaek Bokeem တို့က အဓိကပါဝင် သရုပ်ဆောင်ထားခြင်းဖြစ်သည်။

Overlord ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဒီဇင်ဘာ (၇)ရက်တွင် တစ်ပြိုင်နက်ပြသနေခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအနှံ့အပြားတွင် နိုဝင်ဘာလအတွင်းကတင်ပြသရာ စတင်ပြသသည့်ရက်မှ ဒီဇင်ဘာ (၄)ရက်အတွင်း မြောက်အမေရိကတိုက်တွင် လက်မှတ်ရောင်းချမှုမှ ဒေါ်လာ(၂၁)သန်းကျော်ရရှိထားသည့်ဇာတ်ကားဖြစ်သည်။

ES

ရန်ကုန်လေဆိပ် Terminal အဆင့်မြှင့်တင်ခြင်းများအပြင် လေယာဉ်ရပ်နားရာ Apron C ကို ဆက်လက်တည်ဆောက်နေ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ခြင်းလုပ်ငန်းများတွင် Terminal အတွင်းအဆင့်မြှင့်တင်ခြင်းများအပါအဝင်လေယာဉ်ရပ်နားရာ Apron A နှင့် B တွင်စုစုပေါင်းလေယာဉ်၃၂စင်းအထိ ရပ်နားနိုင်ရန်ပြင်ဆင်ခဲ့ပြီးApron C အားဆက်လက်တည်ဆောက်နေကြောင်း Yangon Aerodrome Company Limited (YACL)မှသိရသည်။

ယခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ရန်ကုန်လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အချိန်ပြည့်ဝန်ဆောင်မှုပေးနိုင်သောAirport Operation Control Center (AOCC) ဖွင့်လှစ်ခြင်း Parking Stand များအပါအဝင် လေဆိပ်တစ်ခုလုံး စနစ်တကျပြန်လည်နေရာချထားခြင်း၊ လေယာဉ်ရပ်နားရာ Apron A တွင်A 320နှင့် B 737 အမျိုးအစား လေယာဉ်ရှစ်စင်းအထိ (သို့)ATR လေယာဉ်(၁၀)စင်းအထိ ရပ်နားနိုင်ရန်ပြင်ဆင်ခြင်း၊ လေယာဉ်ပြေးလမ်းအလွယ်တကူရှင်းလင်းနိုင်ရေးအတွက်အထောက်အကူပြုသော Taxiway လမ်းကြောင်းအသစ်နှစ်လမ်းကိုထပ်မံတည်ဆောက်ခြင်းများ ပါဝင်ခဲ့ပြီး လက်ရှိတွင် Taxiway လမ်းကြောင်းရှစ်လမ်းဖြင့် ဝန်ဆောင်မှုပေးနေကြောင်းသိရသည်။

YACL ၏ Chief Operating Officer ဖြစ်သူ Mr.Jose Angeja က "အခြေခံအဆောက်အအုံနဲ့လုပ်ငန်းလည်ပတ်မှုတိုးတက်စေဖို့ သိသိသာသာအဆင့်မြှင့်တင်မှုတွေလုပ်ခဲ့ပါတယ်။ ရန်ကုန်လေဆိပ်မှာ လက်ရှိအနေနဲ့ Boeing777- 300ERနဲ့ A350 လို Wide-body Aircraft လေယာဉ်ကြီးတွေကို လက်ခံဝန်ဆောင်မှုပေးနိုင်ပါတယ်။ လေယာဉ်ပြေးလမ်းတစ်ခုသာရှိပေမဲ့ အခုအဆင့်မြှင့်တင်မှုတွေက ရန်ကုန်လေဆိပ်မှာ လာမည့်နှစ်တွေအတွင်း တိုးတက်လာမယ့် ခရီးသည်ပမာဏကို လက်ခံဝန်ဆောင်မှုပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟုဆိုသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား တစ်နာရီလျှင် လေယာဉ်ဝင်ထွက်မှု ၁၉စင်းအထိလက်ခံထိန်းချုပ်နိုင်ရန် အဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီးနိုင်ငံတကာစံချိန်စံညွှန်းအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည်လေယာဉ်ဝင်ထွက်မှု တစ်နှစ်လျှင် ၁၇၀,၀၀၀အထိ လက်ခံနိုင်သည့် အလားအလာများရှိကြောင်း သိရသည်။

Transcom

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော M.V Silver Discoverer ခရီးစဉ် ရန်ကုန်၊ မော်လမြိုင်နှင့် ပေလီကမ်းခြေတို့၌ ဆိုက်ကပ်မည်

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရယူထားသော Abercrombic & Kent Int'l Ltd ၏အစီအစဉ်ဖြင့် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော M.V Silver Discoverer ခရီးစဉ်တွင် ရန်ကုန်၊ မော်လမြိုင်နှင့် ပေလီကမ်းခြေတို့၌ ဆိုက်ကပ်ဝင်ထွက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှသိရသည်။

အဆိုပါခရီးစဉ်သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ တစ်လကြာ လာရောက်ကြမည်ဖြစ်ပြီး ယင်းခရီးစဉ်တွင် ရန်ကုန်၊ မော်လမြိုင်နှင့်ပေလီကမ်းခြေတို့၌ ဆိုက်ကပ်ဝင်ထွက်ပြီး ယင်းခရီးစဉ်တွင် သင်္ဘောပေါ်ပါရှိလာသည့် နိုင်ငံခြားသင်္ဘောခရီးသည်များကမ်းခြေကို တက်ရောက်လည်ပတ်ခွင့်ရရှိနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက်က နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နီလာအစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ကြီးမှူး၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် အဆိုပါ ခရီးစဉ်အားတာဝန်ယူ စီစဉ်ဆောင်ရွက်မည့် ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

၂၀၁၇ ခုနှစ် အတွင်းတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် တင်အပျော်စီးသင်္ဘော ခရီးစဉ်ခေါက်ရေ (၂၀)တွင် နိုင်ငံခြားသားခရီးသည် (၂၀၇၁၄)ဦးနှင့် ၂၀၁၈ ခုနှစ်ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ခရီးစဉ်ခေါက်ရေ (၂၃) တွင် နိုင်ငံခြားသားခရီးသည်(၂၁၇၅၇)ဦးဝင်ရောက်ခွင့်ရရှိခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှသိရသည်။

ES



နိုင်ငံတကာအဆင့်မီ Blended Scotch Whisky ပထမဆုံး ထုတ်ကုန်အဖြစ် ဝင်ရောက်

မြန်မာနိုင်ငံဈေးကွက်အတွင်း မြန်မာအဖျော် ယမကာကုမ္ပဏီလီမိတက် (MDC) မှ နိုင်ငံတကာအဆင့်မီ Blanded Scotch Whisky အား ပထမဆုံးထုတ်ကုန်အဖြစ် စတင်ဝင်ရောက်ခဲ့သည်။

ယင်း Whisky ကို စကော့တလန်နိုင်ငံမှ Master Blender (ရောစပ်ကျွမ်းကျင် ပညာရှင်) Mr. Stuart Harveyမှ ကမ္ဘာ့ဈေးကွက်တင်ရောင်းချနိုင်ရန်ထူးရောစပ်ချက်လုပ်ထားခြင်းဖြစ်ကြောင်း နိုင်ငံတကာ စံချိန်စံညွှန်းများမှ လက်သင့်ခံထားမှုအပေါ် အခြေခံ၍ ရောစပ်ချက်လုပ်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ဖြန့်ချီခြင်းဖြစ်ကြောင်း Mac Arthur's Blended Scotch Whisky အမှတ်တံဆိပ်ကို Inver House Distillers အဖျော်ယမကာကုမ္ပဏီမှ ပိုင်ဆိုင်ထားကြောင်း စကော့တလန်၌ အခြေစိုက်က Hankey Bannister, Old Pulteney & Speyburm တို့ကဲ့သို့ နိုင်ငံတကာ အဆင့်အတန်းမီ Scotch Whisky အမှတ်တံဆိပ်များကိုထုတ်လုပ်နေသည့်ကုမ္ပဏီလည်း ဖြစ်သည်။

အဆိုပါကုမ္ပဏီသည် Mac Arthur's Blended Scotch Whisky ကို တစ်ကမ္ဘာလုံးအနှံ့ နိုင်ငံအများအပြားတွင် ဖြန့်ချီရောင်းချလျှက်ရှိပြီး ၁၈၇၇ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ရာ ၁၄၁ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ UK

ဆိုးလ်မှ နာမည်ကျော် ရေခဲမုန့်အရောင်းဆိုင် Remicone ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်

ကိုရီးယားနိုင်ငံမှ လူကြိုက်အများဆုံး ရေခဲမုန့်အရောင်းဆိုင်အမှတ် တံဆိပ်တစ်ခုဖြစ်သည့် Remicone သည် အရှေ့တောင်အာရှဒေသအတွက် ပထမဦးဆုံး အရောင်းဆိုင်အား ဒီဇင်ဘာ ၃ ရက်က ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်အင်းယား ကန်ဘေးတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉ရာစုနှောင်းပိုင်းကာလများမှ ထင်ပေါ်ကျော်ကြားခဲ့သော ပုံစံဒီဖိုင်း အပြင်အဆင်များနှင့် စုံလင်လှသော ရွေးချယ်စရာ အရသာအမျိုးမျိုးတို့ကြောင့် နာမည်ကျော်ကြားသည့် ဤအဆင့်မြင့် ရေခဲမုန့်အရောင်းဆိုင်သည် စားသုံးသူများအတွက် သူမတူသော၊ ကွဲပြားခြားနားသောနေရာ အပြင်အဆင်တစ်ခုကို ဖန်တီးပေးသွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအမှတ်တံဆိပ်သည် ကိုရီးယားနိုင်ငံမှ အင်ဒီရီးရာဖက်ရှင်နှင့် ဒီဖိုင်းမဂ္ဂဇင်းတစ်ခုဖြစ်သည့် "No Name" မှ ၂၀၁၄ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး ၎င်း၏ထူးခြားသော ဆိုင်ဒီဖိုင်း အပြင်အဆင်များအပြင် အမျိုးအစားစုံလင်လှသော ပါဝင်ပစ္စည်းများအား စိတ်ကြိုက်ရွေးချယ်က ရောစပ်စားသုံးနိုင်သည့် ရေခဲမုန့်များ၊ အချိုပွဲများနှင့်အတူကိုရီးယား နိုင်ငံတွင် နာမည်ကျော်ကြားလာခဲ့ခြင်းဖြစ်သည်။ ရေခဲမုန့်အရောင်းဆိုင် တွင်လာရောက်စားသုံးသူများသည် စိတ်ကြိုက်ရေခဲမုန့်အမျိုးအစားများအား ရွေးချယ်စရာ စုံလင်လှသောထပ်ဆောင်းအရသာများ ပေါင်းထည့်ကာ သုံးဆောင်နိုင်မည်ဖြစ်သည့်အပြင် Remicone ၏နာမည်ကျော် Cotton Candy (အာတာပူစီ)နှင့် ရေခဲမုန့် အတွဲအဖက်ကိုလည်း မြည်းစမ်း ကြည့်နိုင်မည်ဖြစ်သည်။ Remicone သို့လာရောက်သည့် စားသုံးသူများအနေနှင့် တစ်ကြိမ်နှင့်တစ်ကြိမ်မတူညီသော အရသာ ရောစပ်ဖန်တီးမှု အသစ်များကို ပြုလုပ်သုံးဆောင်နိုင် မည်ဖြစ်ကြောင်းသိရသည်။ UK

ပဉ္စမအကြိမ်မြောက် Brand's Brain Study Camp V အခမ်းအနားကျင်းပ

ပဉ္စမအကြိမ်မြောက် Brand's Brain Study Camp V ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ Gandamar Grand Ballroom တွင် ဒီဇင်ဘာ၅ ရက် နံနက် စနာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါပွဲကျင်းပရခြင်းမှာ လာမည့်နှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်ပညာသင်နှစ်တွင် တက်ရောက်မည်ဟုစာရင်းပေးသွင်းထားသည့်ကျောင်းသားဦးရေမှာ စုစုပေါင်း ၃၀၀၀ ဝန်းကျင်ရှိပြီး ယခင်နှစ်ထက် ၃၇ရာ ခိုင်နှုန်းခန့် များပြားကြောင်း၊ ၂၀၁၄- ၂၀၁၅ ခုနှစ်မှစတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဝါရင့်ဆရာကြီးဖြစ်သည့်ဂုဏ်ထူးဦးသိန်းနိုင်မှ ဦးစီးသင်ကြားပေးခြင်းဖြစ်ကြောင်း၊ Brand's ကြက်ပေါင်းရည်အနေဖြင့်ယခုကဲ့သို့ပညာရေးကဏ္ဍတွင် ပါဝင်ခြင်းသည် မြန်မာနိုင်ငံ၏ပညာရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေကြောင်း၊ ယင်းအတွက်ကြောင့်လာမည့်နှစ်များတွင်လည်း ပါဝင်ကူညီရန်ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စာသင်ပွဲသို့ မတက်ရောက်နိုင်သည့် ကျောင်းသူ၊ ကျောင်းသားများအတွက် ဘရင်းကြက်ပေါင်းရည် (၁၄)ဘူးပါ Special Pack For The Exam ဘူးအတွင်း၌ ငါးကြိမ်မြောက်သင်ကြားပေးခဲ့သည့် စာမေးပွဲလမ်းညွှန်စာအုပ်ကို အခမဲ့ထည့်သွင်းပေးထားကြောင်း သိရသည်။ UK

ဒုတိယအကြိမ် IOSA လက်မှတ် သက်တမ်းတိုးနိုင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း MAI

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းသည် International Air Transport Association (IATA) ၏ IATA Operational Safety Audit သက်တမ်း(၂) နှစ်တိုးခြင်းကို အောင်မြင်စွာ လုပ်ဆောင်သွားနိုင်ခဲ့ပြီဖြစ်သည်၊ မြန်မာနိုင်ငံတွင် IOSA လက်မှတ်ရသည့် လေကြောင်းလိုင်းမှာ (၂)လိုင်းသာရှိပြီး အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းသည်၁၉၉၃ ခုနှစ်တွင် စတင်ကာ ပြည်ပခရီးစဉ်များ ပျံသန်းပေးလျက်ရှိပြီး ၁၀၀ရာခိုင်နှုန်း အန္တရာယ်ကင်းစွာဖြင့်ရပ်တည်နေသော လေကြောင်းလိုင်းလည်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းသည် Bird strike ဖြစ်ခြင်း၊ မြေပြင်တွင် ရွှေမြန်မာလေကြောင်းလိုင်းနှင့် မတော်တဆထိခိုက်မိခြင်းများ ဖြစ်ခဲ့သော်လည်း Fatal Accident ဟု မသတ်မှတ်နိုင်ပါ။ Safety Record ကောင်းမွန်မှုနှင့် IOSA ရရှိထားမှုများကြောင့် Estonia နိုင်ငံမှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းကို Wet Lease ငှားရမ်းခဲ့သည်၊ မြန်မာ Registered XY နှင့် လေကြောင်းလိုင်းတစ်လိုင်း၏ Safety Regulations များ တင်းကျပ်သည်ဆိုသည့် ဥရောပကောင်းကင်တွင် ပျံသန်းခဲ့ခြင်းကြောင့် ဂုဏ်ယူစရာတစ်ခုဖြစ်ခဲ့သည်။

အခြားသော ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများမှလည်း အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းကို ငှားရမ်းအသုံးပြုခဲ့သည်။ သို့သော် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ လေယာဉ်များသည် အတန်ငယ်သက်တမ်းရင့်နေပြီဟု ခန့်မှန်းရသည်။ တာဝန်ရှိသူများမှလည်း ထိုအချက်ကို ကောင်းစွာသတိပြုမိမှာသေချာသည်။

မြန်မာနိုင်ငံတွင် လေကြောင်းလိုင်းအချို့ ရပ်နားသွားကြသော်လည်း အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းကဲ့သို့ ကောင်းမွန်သော လေကြောင်းလိုင်းများ ရပ်နားသွားမည်ကို စိုးရိမ်ဖွယ်ရှိနေသည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအပါအဝင် မြန်မာလေကြောင်းလိုင်းအားလုံးခက်ခဲစွာ ရပ်တည်နေကြရကြောင်း သိရသည်။

ဝါဖလေ

အင်ဒိုနီးရှားနိုင်ငံ ပါပူအာပြည်နယ်တွင် လူအများ သေနတ်ဖြင့် ပစ်သတ်ခံရမှု သံသယရှိသူများကို ရှာဖွေနေ

မငြိမ်မသက်ဖြစ်နေသော ပါပူအာပြည်နယ်တွင် ဆောက်လုပ်ရေးအလုပ်သမား ၂၄ ဦးအထိ ပစ်သတ်ခဲ့သည်ဟု သံသယရှိသော သူပုန်များကို အင်ဒိုနီးရှားစစ်သားများက ဒီဇင်ဘာ ၅ရက်က ရှာဖွေခဲ့သည်။ လူ ၁၉ဦး ထက်မနည်းသတ်ဖြတ်ခံရမှုတွင် အသက်ရှင် လွတ်မြောက်သူများက အသေးစိတ်ပြောပြထားကာ အကယ်၍ အတည်ဖြစ်ပါကလွတ်လပ်ရေးဆိုင်ရာ အဆင့်နိမ့်ဆူပူအုံကြွမှုကြောင့် ထိခိုက်နေသော ဒေသတစ်ခုတွင် နှစ်များစွာအတွင်း လူသေဆုံးမှုအများဆုံး အကြမ်းဖက်သတ်ဖြတ်မှု ဖြစ်လာမည်ဖြစ်သည်။

အနောက်ပါပူအာအမျိုးသားလွတ်မြောက်ရေးတပ် (TPNPB)က ဖွင့်ထားသည်ဟုယူဆရသော ဖေ့စ်ဘွတ်ခ်အကောင့်တစ်ခုက ၎င်းတို့လက်နက်ကိုင်အဖွဲ့သည် ဒေသဆိုင်ရာတပ်မှူးအီကီယာနစ်ကိုဗိုယာ၏ ညွှန်ကြားချက်အရအလုပ်သမား ၂၄ဦးကို သတ်ပစ်ခဲ့သည်ဟု ဖော်ပြသည်။

ယင်းသီတင်းပတ်ကုန်ရက် တိုက်ခိုက်မှုအတွင်း လူမည်မျှသေဆုံးခဲ့ကြောင်း အရာရှိများက အတည်မပြုသေးပေ။

နိုင်ငံပိုင်လုပ်ငန်းတစ်ခုက တံတားများ၊ လမ်းများ ဆောက်လုပ်နေသော အလှမ်းကွာဝေးပြီး တောင်ထူထပ်ရာ အန်ဒူဂါဒေသ၌စစ်မှုထမ်း ၁၅၀ခန့်က ဒီဇင်ဘာ ၅ရက်တွင်ရှာဖွေခဲ့သည်။

ပါပူအာဒေသခံများစွာက အင်ဒိုနီးရှားကို ၎င်းတို့ဒေသသိမ်း ပိုက်အုပ်ချုပ်နေသူအဖြစ်ရှုမြင်ကြပြီး အစိုးရ၏ ဆောက်လုပ်မှုများကို လွတ်လပ်သောနိုင်ငံဖြစ်သည့် ပါပူးဝါးနယူးဂီနီနှင့် နယ်စပ်ချင်းဆက်နေသည့် ဆင်းရဲသောဒေသကို ပိုမိုထိန်းချုပ်ခွင့်ရအောင် လုပ်ဆောင်နေသည်ဟု ဒေသခံများက ရှုမြင်ကြသည်။

ယင်းရက်စက်ပြီး လူမဆန်သော လုပ်ရပ်များ ကျူးလွန်သူအားလုံးကို ရှာဖွေဖမ်းဆီးရေး စစ်ဘက်နှင့် ရဲဘက်အကြီးအကဲများအားညွှန်ကြားထားကြောင်း အင်ဒိုနီးရှား သမ္မတဂျိုကိုဝီဒိုဒိုက ဒီဇင်ဘာ ၅ရက်တွင် ပြောသည်။

တနင်္လာနေ့က ယင်းဒေသသို့ရဲနှင့်စစ်တပ်အဖွဲ့များ စေလွှတ်ခဲ့ပြီး ပစ်ခတ်ခံရကာ စစ်သားတစ်ဦးသေဆုံးပြီးနောက် တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများက ပြောကြားသည်။ သေနတ်ဒဏ်ရာရထားသူ သုံးဦးအပါအဝင် အလုပ်သမားလေးဦးနှင့် အရပ်သား စုစုပေါင်း တစ်ဒါဇင်ကို ယင်းဒေသမှ ဘေးကင်းရာသို့ ပြောင်းရွှေ့ထားသည်။

လရောင်

Ref: AFP

ရုပ်ချင်းဆင်သူနှင့် မိမိနေရာ အစားထိုးထားသည့် သတင်းကို နိုင်ဂျီးရီးယားသမ္မတ ငြင်းဆို

သေဆုံးခဲ့ပြီဖြစ်ပြီး ရုပ်ချင်းဆင်တူသည့် ဆူဒန်လူမျိုးတစ်ဦးကို ၎င်း၏နေရာတွင် အစားထိုးထားသည်ဆိုသော အခိုင်အမာပြောဆိုမှုများကို နိုင်ဂျီးရီးယားသမ္မတ မူဟမ်မာဒူဘူဟာရီက ငြင်းဆိုခဲ့ပြီး ယင်းမှာ လူမှုမီဒီယာတွင် လပေါင်းအတန်ကြာပျံ့နှံ့နေသော ကောလာဟလများနှင့် ပတ်သက်၍ သမ္မတကပထမဆုံး ဖြေရှင်းခြင်းဖြစ်သည်။ ဖေဖော်ဝါရီတွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဘူဟာရီသည် ထုတ်ဖော်ပြောဆိုခြင်းမရှိသော ရောဂါဝေဒနာတစ်ခုကြောင့်ပြီးခဲ့သည့်နှစ်က ဗြိတိန်နိုင်ငံ၌ ငါးလကြာနေထိုင်ခဲ့သည်။

ဘူဟာရီသည် ၎င်းနှင့် ရုပ်ချင်းတူသည့် ဂျူဘရီလ်ဟုခေါ်သော ဆူဒန်အမျိုးသားကိုအစားထိုးခဲ့သည်ဟု လူမှုမီဒီယာတွင်သတင်းပျံ့နှံ့ခဲ့သည်။

"ကျွန်တော်မှ ကျွန်တော်ဆိုတာကိုအာမခံပါတယ်။ မကြာခင် ကျွန်တော့်ရဲ့ (၇၆)နှစ်မြောက်မွေးနေ့ကျင်းပပါတော့မယ်"ဟုညီလာခံတစ်ခုသို့ တက်ရောက်လာစဉ် ဂျူဘရီလ်နှင့်ပတ်သက်၍ မေးမြန်းခံရချိန်တွင်ဘူဟာရီက ဖြေကြားသည်။

"နာမကျန်းဖြစ်ရင်း ကျွန်တော်သေဆုံးခဲ့ပြီလို့ လူအများက မျှော်လင့်ခဲ့ပါတယ်။ ကောလာဟလဖြန့်သူတွေဟာ ဗဟုသုတမရှိဘဲ နံချာတဲ့သူတွေပါ"ဟု ဘူဟာရီက ပြောကြားသည်။

"ကောလာဟလဖြန့်သူများသို့ တကယ့်သမ္မတအစစ် ဘူဟာရီ၏ တုံ့ပြန်ချက်များ" ဟုခေါင်းစီးရေးထိုးထားသောစာတွင် ဘူဟာရီ၏မှတ်ချက်များကို နိုင်ဂျီးရီးယားသမ္မတရုံးက ထုတ်ပြန်ခဲ့သည်။

လရောင်

Ref: Reuters

အိုပက်အဖွဲ့မှ ကာတာနိုင်ငံ နုတ်ထွက်ပြီး သဘာဝဓာတ်ငွေ့တင်ပို့မှုများကို အာရုံစိုက်မည်ဟုဆို

၂၀၁၉ဇန်နဝါရီတွင် အိုပက်အဖွဲ့မှနုတ်ထွက်မည်ဖြစ်သော်လည်း ယင်းရေနံထုတ်လုပ်သည့်နိုင်ငံများအဖွဲ့၏ ယခုသီတင်းပတ်အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း ကာတာနိုင်ငံက ဒီဇင်ဘာ ၃ရက်တွင် ပြောသည်။ ယင်းဆုံးဖြတ်ချက်က ကမ္ဘာ့ထိပ်တန်းဓာတ်ငွေ့ရည် LNGတင်ပို့သည့် နိုင်ငံအဖြစ်မိမိတို့၏ အနေအထားခိုင်မာစေရေး အာရုံစိုက်နိုင်ရန်ဖြစ်သည်ဟု စွမ်းအင်ဝန်ကြီးဆာအစ်အယ်လ်ခါဘီက ပြောသည်။

အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုအနည်းဆုံးနိုင်ငံများအနက်တစ်နိုင်ငံဖြစ်သော ကာတာသည် ယင်းအဖွဲ့၏ခေါင်းဆောင် ဆော်ဒီအာရေးဗီးယားနှင့် သံတမန်ရေးအငြင်းပွားမှုကြုံနေသော်လည်း ယခုဆုံးဖြတ်ချက်သည်နိုင်ငံရေးကြောင့်မဟုတ်ဟု ဆိုသည်။

ကာတာသည် အိုပက်အဖွဲ့ဝင်ဖြစ်ခဲ့သည်မှာ ၅၇နှစ်ကြာပြီဖြစ်ပြီး ကြာသပတေးနှင့်သောကြာနေ့တွင် ပြုလုပ်မည့်အိုပက်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကာ ၎င်းတို့၏ကတိများကို လိုက်နာမည်ဖြစ်ကြောင်းအယ်လ်ခါဘီကသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အိုပက်အဖွဲ့မှ ထွက်ခွာမည့်အကြောင်းကို ယင်းအဖွဲ့ထံ ဒီဇင်ဘာ ၃ရက်က ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း ဝန်ကြီးကပြောသည်။

ကာတာသည် ရေနံအများအပြားထုတ်လုပ်သော နိုင်ငံမဟုတ်သော်လည်း အိုပက်အဖွဲ့၏ ရာဇဝင်တွင် ၎င်းတို့သည်ကြီးမားသောအပိုင်းမှ ပါဝင်ခဲ့သည်ဟု သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

ကာတာသည် တစ်နေ့လျှင်ရေနံစည်ခြောက်သိန်းထုတ်လုပ်ပြီး အိုပက်၏ရေနံအများဆုံးထုတ်လုပ်သော၊ ကမ္ဘာတွင်ရေနံအများဆုံးထုတ်လုပ်သော ဆော်ဒီအာရေးဗီးယားက တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၁ သန်းထုတ်လုပ်နေသည်။

သို့သော် ကာတာသည် ကမ္ဘာ့ LNGဈေးကွက်တွင် ဩဇာကြီးသောနိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ဓာတ်ငွေ့တန်ချိန် ၇၇သန်း ထုတ်လုပ်သည်။

လရောင်

Ref: Reuters

အင်တာနက်ဆက်သွယ်မှု ပိုမိုကောင်းမွန်လာရေး အလေးလံဆုံး ဂြိုဟ်တုကို အိန္ဒိယလွှတ်တင်

အင်တာနက်ဆက်သွယ်ရေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ပြင်သစ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော အိန္ဒိယနိုင်ငံ၏ အလေးလံဆုံးဂြိုဟ်တုသည် ကမ္ဘာ့ဂြိုဟ်ပတ်လမ်းအတွင်း ရောက်ရှိခဲ့သည်၊ ၅,၈၅၄ ကီလိုဂရမ်လေးသော GSAT-11 ဂြိုဟ်တုသည် အိန္ဒိယနိုင်ငံ၏ အဆင့်အမြင့်ဆုံးကြိမ်နှုန်းပေါင်းစုံပါဆက်သွယ်ရေး ဂြိုဟ်တုဖြစ်သည်၊

ယင်းဂြိုဟ်တုကို အိန္ဒိယအာကာသသုတေသနအဖွဲ့ (Isro) က ပြင်သစ်ဂူယာနာဒေသရှိ ကူရူးအာကာသယာဉ်လွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့သည်။

ယင်းဂြိုဟ်တုသည် ဒီဇင်ဘာလကုန်တွင်စတင်အလုပ်လုပ်မည်ဟု မျှော်လင့်ထားသည်။ ယင်းဂြိုဟ်တုသည် နိုင်ငံအတွက် Broadband အင်တာနက်ဝန်ဆောင်မှုများ ထောက်ပံ့ရာ

© BCCL 2018. ALL RIGHTS RESERVED.

တွင် အလွန်အရေးပါမည်ဟု Isroအကြီးအကဲကေ၊ ဆီဗန်က ပြောသည်။

အဆိုပါ ဂြိုဟ်တုသည် အိန္ဒိယနိုင်ငံတွင် မြေပြင်လိုင်းများ သွယ်တန်းထားခြင်းမရှိသော ဝေးလံသည့်ဒေသများသို့ အင်တာနက်ဝန်ဆောင်မှု ရောက်စေမည်ဖြစ်ကာ အရေးပေါ်နှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်မည်ဟုသိပ္ပံပညာရှင်များက ပြောသည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင် လေကြောင်းဖြင့် ခရီးသွားသူများ အင်တာနက်ဝန်ဆောင်မှု ချိတ်ဆက်နိုင်မည်ဖြစ်သည်။

(၁၅)နှစ်ကြာ ဝန်ဆောင်မှုများပေးနိုင်မည်ဟု မျှော်လင့်သော ယင်းလေးလံသည့် ဂြိုဟ်တုလွှတ်တင်ရန် အိန္ဒိယနိုင်ငံ၌ ဒုံးပျံမရှိသောကြောင့် ပြင်သစ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် အင်တာနက်သုံးစွဲသူသန်း ၄၄၀ ရှိပြီး ယင်းမှာ ၂၀၂၂ တွင် နှစ်ဆရှိလာမည်ဟု မျှော်လင့်သည်။

သို့သော် အင်တာနက်အမြန်နှုန်းနှေးကွေးခြင်းနှင့် မြေပြင်ကြိုးလိုင်း သွယ်တန်းခြင်းမရှိသော နေရာများတွင် အင်တာနက်မသုံးနိုင်သေးကြောင်း သိရသည်။

လရောင်

Ref: BBC

ကမ္ဘာ့အကောင်းဆုံးစရိတ်နည်း လေကြောင်းလိုင်းအဖြစ် Air Asia ခြောက်နှစ်ဆက်တိုက် ရွေးချယ်ခံရ

မလေးရှားလေကြောင်းလိုင်း Air Asia သည် ကမ္ဘာ့ခရီးသွားဆုများ (WTA) ဆုပေးပွဲအခမ်းအနား၌ ကမ္ဘာ့အကောင်းဆုံးစရိတ်နည်းလေကြောင်းလိုင်းအဖြစ် ခြောက်နှစ်ဆက်တိုက်ရွေးချယ်ခံရသည်။ ပေါ်တူဂီနိုင်ငံ၌ကျင်းပသော ဆုပေးပွဲအခမ်းအနားတွင် အဆိုပါဆုကို Air Asia လုပ်ငန်းစု အကြီးအကဲများဖြစ်သည့် ဆူဟိုင်လာဟက်ဆန်နှင့် အူဒရေးပရိုဂက်စ်တမာပတ်ထရီနီက လေကြောင်းလိုင်းကိုယ်စားလက်ခံရယူခဲ့သည်။

စရိတ်သက်သာချောင်ချိရေး လေကြောင်းလိုင်း Air Asia သည် ခရီးသွားများနှင့် လုပ်ငန်းအမှုဆောင်အရာရှိများထံမှ မဲအများဆုံးရရှိခဲ့ပြီး Southwest Airlines, JetBlue, Ryanair နှင့် အခြားလေကြောင်းလိုင်းများစွာကို ကျော်ဖြတ်နိုင်ခဲ့သည်။

ထို့အပြင် Air Asia သည် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သော စရိတ်နည်းလေကြောင်းလိုင်းလေယာဉ်ဝန်ထမ်းအဖွဲ့ဆုကိုလည်း ၂နှစ်ဆက်တိုက်သိမ်းပိုက်ခဲ့သည်။

“Fast Airport Clearance Experience System (FACES)၊ စက်မှာ မျက်နှာပြပြီးမှ လေယာဉ်ပေါ်တက်တဲ့စနစ်၊ Freedom Flyer Programme လိုမျိုးဒစ်ဂျစ်တယ်စွမ်းပကားတစ်ပုံတစ်ခေါင်းအပြင် ကျွန်တော်တို့ရဲ့ ဧည့်သည်တော်တွေအတွက် ဝန်ဆောင်မှုပေးနိုင်စွမ်းနဲ့ အံဝင်အောင်လုပ်ပေးနိုင်စွမ်းဆက်ပြီးတော့ တိုးတက်စေဖို့ “လေယာဉ်စီးသူများပျော်ရွှင်ရေးအဖွဲ့”ကို ကျွန်တော်တို့တည်ဆောက်ခဲ့ပါတယ်။ ခလုတ်နှိပ်လိုက်တာနဲ့ လိုလေသေးမရှိအောင် ဝန်ဆောင်မှုပေးနိုင်ဖို့ ကျွန်တော်တို့ အလုပ်ကြိုးစားနေပါတယ်”ဟု Air Asia လုပ်ငန်းစု လေကြောင်းလိုင်းဆိုင်ရာ အမှုဆောင်အရာရှိချုပ် ဘိုလင်ဂမ်ကပြောကြားသည်။

လရောင် – Ref: Bernama/mn

အိုင်အက်စ်အဖွဲ့ကို ထောက်ခံသော အမေရိကန်စစ်သားတစ်ဦး ထောင်ဒဏ် ၂၅ နှစ်ကျ

အိုင်အက်စ်အဖွဲ့ကို ကူညီထောက်ပံ့ပေးရန်ကြိုးစားမှုဖြင့် ဟာဝိုင်အီအခြေစိုက်အမေရိကန်စစ်သားတစ်ဦး ထောင်ဒဏ် (၂၅)နှစ်ချမှတ်ခံရသည်။ အီကာအီကာအဲရစ်ကန် (၃၅) နှစ်သည် အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီးနောက် ယင်းသို့ ပြစ်ဒဏ်ချမှတ်ခံရကာ ထောင်မှလွတ်လာလျှင်လည်း နှစ်ပေါင်း ၂၀စောင့်ကြည့်ခံရမည်ဖြစ်သည်။

စစ်သားတစ်ဦးအဖြစ် အမေရိကန်နိုင်ငံကို ကာကွယ်ရန် ကျမ်းကျိန်ထားသော်လည်း ၎င်းသည် အိုင်အက်စ်အဖွဲ့ထံသစ္စာခံပြီး ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးရန် ကြိုးစားသဖြင့် နိုင်ငံအပေါ်သစ္စာဖောက်ခဲ့သည်ဟု အမျိုးသားလုံခြုံရေး လက်ထောက်ရှေ့နေချုပ်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဟိုနိုလူလူမြို့ ခရစ္စမတ်ပွဲတော်တွင်တိုက်ခိုက်ရေးနှင့် ၎င်း၏ စစ်တပ်အတွင်းအသေခံမှုခွဲရေးကဲ့သို့ တိကျသည့် အစီအစဉ်များကိုကန်က ပြောကြားခဲ့သည်ဟု အစိုးရရှေ့နေများက ပြောသည်။

၎င်းသည် ပြီးခဲ့သည့်နှစ်ဖွန်လနှင့် ဇူလိုင်အတွင်း အိုင်အက်စ်အဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု ဟန်ဆောင်ခဲ့သော အက်ဖ်ဘီအိုင်၏ လျှို့ဝှက်ထောက်လှမ်းရေးကို တွေ့ဆုံပြီးလျှို့ဝှက်သတင်းများ ပေးအပ်ခဲ့သည်။

ထို့အပြင် ၎င်းကအေးဂျင့်များကိုသေးငယ်သော ဒရုန်းတစ်စီးနှင့် စစ်ဘက်အသုံးအဆောင်များ ပေးအပ်ခဲ့သည်။

အိုင်အက်စ်ခေါင်းဆောင်အဖြစ် ဟန်ဆောင်ထားသူတစ်ဦးထံသို့ သစ္စာခံကြောင်းပြောပြီးနောက် ယင်းစစ်သားကို ဖမ်းဆီးတရားစွဲဆိုခဲ့သည်။

လရောင်
Ref: AFP

အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ကူညီရန် ပါကစ္စတန်ဝန်ကြီးချုပ်ကို အမေရိကန်သမ္မတ တောင်းဆို

ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်ထံပေးပို့ခဲ့သောစာထဲ၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါကစ္စတန်၏ အကူအညီတောင်းခံခဲ့ကြောင်း ပါကစ္စတန်သတင်းအချက်အလက်ဝန်ကြီး ဖာဝက်ဒ်ချော်ဒရီက ပြောကြားသည်။ ဒေါ်နယ်ထရန့်သည် အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့များနှင့် တာလီဘန်စစ်သွေးကြွများကြား (၁၇)နှစ်ကြာ စစ်ပွဲကို အဆုံးသတ်လိုနေသည်။

တာလီဘန်အဖွဲ့သည် အာဖဂန်နစ္စတန်မှ နိုင်ငံတကာတပ်ဖွဲ့များကို နှင်ထုတ်ရန်နှင့် တင်းကျပ်သော အစ္စလာမ်မစ်ဥပဒေပြဋ္ဌာန်းရေးတိုက်ပွဲဆင်နွှဲနေသည်။

တာလီဘန်များကို ဆွေးနွေးပွဲစကားဝိုင်းသို့ ခေါ်ဆောင်ရေးအမေရိကန် တာဝန်ရှိသူများက ပါကစ္စတန်အစိုးရအပေါ် ကာလရှည်ကြာဖိအားပေးခဲ့ပြီး ပါကစ္စတန်တွင်တာလီဘန်အခြေစိုက်စခန်းများရှိသည်ဟု ပြောကြားခဲ့သည်။

“ဒေါ်နယ်ထရန့်က စာတစ်စောင်ရေးခဲ့ပါတယ်။ တာလီဘန်တွေကိုဆွေးနွေးပွဲစကားဝိုင်းထဲ ခေါ်ဆောင်ဖို့ ပါကစ္စတန်ရဲ့ အကူအညီကို ဒေါ်နယ်ထရန့်ကတောင်းခဲ့ပါတယ်”ဟု ချော်ဒရီက ပြောသည်။

ပါကစ္စတန်နှင့် ဆက်ဆံရေးသည် အမေရိကန် – အာဖဂန်နစ္စတန်ပဋိပက္ခအဖြေရှာရေးအလွန်အရေးပါကြောင်း ဒေါ်နယ်ထရန့်ကစာထဲတွင် ရေးသားခဲ့သည်ဟု ချော်ဒရီက ထပ်လောင်းပြောသည်။

တာလီဘန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ၎င်းအနေဖြင့် ၁၂ဦးပါ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း အာဖဂန်နစ္စတန်သမ္မတ အာရှက်ဂ်ရီနီက ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြောကြားခဲ့သော်လည်းသဘောတူညီချက်မှန်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ရန် အနည်းဆုံးငါးနှစ်ကြာမြင့်မည်ဟု သတိပေးသည်။

လရောင်
Ref: Reuters

မကြာမီ ဂင်းနစ်စံချိန်ဝင်မည့် ကမ္ဘာ့အကြီးဆုံး နံရံဆေးရေးပန်းချီ

အမေရိကန်နိုင်ငံ ကင်းဆက်ပြည်နယ်ရှိ ၅၀,၀၀၀ စကွဲယားပေရှိ နံရံဆေးရေးပန်းချီတစ်ခုသည် ပြီးစီးပါက ကမ္ဘာ့ဂင်းနစ်စံချိန်ဝင်မည်ဖြစ်ကြောင်း အဆိုပါ ပန်းချီဖန်တီးသူများက ပြောသည်။ ကိုလံဘီယာလူမျိုး အနုပညာရှင်ဂလီယိုက ဒီဇိုင်းရေးဆွဲခဲ့သော အဆိုပါပန်းချီပြီးစီးပါကယင်းပန်းချီသည် စပိန်နိုင်ငံမှလက်ရှိကမ္ဘာ့အကြီးဆုံး နံရံဆေးရေးပန်းချီထက် အရွယ်အစားသာလွန်မည်ဖြစ်သည်။ စပိန်နိုင်ငံရှိ နံရံဆေးရေး ပန်းချီသည် ၃၈,၇၀၁ စကွဲယားပေ အရွယ်အစားရှိသည်။

ကင်းဆက်ပြည်နယ် အကြီးဆုံးမြို့ ဝီချီတာရှိစက်ရုံတစ်ခု၏ နံရံပေါ်တွင် ရေးဆွဲနေသော ယင်းနံရံဆေးရေးပန်းချီရေးဆွဲမှု၌ လွန်ခဲ့သည့် ၁၈လအတွင်း လူ ၅၀ကျော်၏ လုပ်အားပါဝင်ခဲ့ကြောင်း ပန်းချီဖန်တီးသူများက ပြောသည်။

“အနုပညာဆိုတာဟာကိုယ့်ပတ်ဝန်းကျင်ကို လှအောင်လုပ်ရုံ သက်သက်မဟုတ်ပါဘူး။ အဲဒီအနုပညာလက်ရာရှိတဲ့ နေရာမှာနေထိုင်နေသူတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေလည်း ထောက်ပံ့ပေးပါတယ်။ ကြီးကျယ်ခမ်းနားတဲ့အရာတွေဟာ ကင်းဆက်ပြည်နယ်က ထွက်တယ်ဆိုတာ ကမ္ဘာကြီးကို သိစေချင်ပါတယ်”ဟု ယင်းပန်းချီဖန်တီးသော Horizontes အဖွဲ့၏ညွှန်ကြားရေးမှူး အာမန်ဒိုမင်ဂျာရက်ဇ်က ပြောကြားသည်။

လရောင်
Ref: UPI

ယူကျူဘ်တစ်နှစ်တာဝင်ငွေ အကောင်းဆုံးကြယ်ပွင့်အဖြစ် (၈)နှစ်အရွယ်ကလေးတစ်ဦး ရပ်တည်

ကလေးကစားစရာ အရုပ်များအကြောင်း မိတ်ဆက်သုံးသပ်သည့် ရိုင်ယန်အမည်ရှိ အသက် (၈)နှစ်အရွယ်ကလေးတစ်ဦးသည်ပြီးခဲ့သည့်နှစ်က ဒေါ်လာ ၂၂သန်းဖြင့် YouTube တွင် တစ်နှစ်တာဝင်ငွေအများဆုံး ကြယ်ပွင့်အဖြစ် ရပ်တည်ခဲ့သည်။ ဇွန်လအထိ ၁၂လအတွင်း ရိုင်ယန်၏ Ryan ToysReview ယူကျူဘ်ချန်နယ်သည် အမေရိကန်ဆယ်ကျော်သက် ဂျိတ်ခ်ပေါလ် (၂၁)နှစ်ထက်ဒေါ်လာငါးသိန်း ပိုရခဲ့ကြောင်း Forbes မဂ္ဂဇင်းက ထုတ်ပြန်သည်။

Dude Perfect ချန်နယ်က ဒေါ်လာသန်း ၂၀ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ပြီးရိုင်ယန်၏ ဝင်ငွေသည် ၂၀၁၆နှင့်နှိုင်းယှဉ်လျှင်နှစ်ဆတိုးခဲ့သည်။

ကလေးများအနေဖြင့် ၎င်း၏ ဗီဒီယိုများကြည့်ရှုရခြင်းကို မည်သည့်အတွက်ကြောင့်ကြိုက်နှစ်သက်သလဲဟု NBC သတင်းအေဂျင်စီက မေးမြန်းရာ ရိုင်ယန်က "ဘာလို့လဲဆိုတော့ ကျွန်တော်က ဖျော်ဖြေပေးနေတာလေ။ ပြီးတော့ ကျွန်တော်က ရယ်စရာကောင်းလို့ပါ" ဟု ဖြေကြားသည်။ Ryan ToysReviewယူကျူဘ်ချန်နယ်ကို ၎င်း၏ မိဘများက ၂၀၁၅ မတ်လတွင် ထူထောင်ပြီးနောက်ပိုင်း ယင်းချန်နယ်သို့ ဝင်ရောက်ကြည့်ရှုသူ ၂၅ဘီလီယံကျော်ရှိပြီး Follower ၁၇ဒသမ ၃သန်းခန့်ရှိသည်။

ရိုင်ယန်၏ ဖခင်သည် ဂျပန်လူမျိုးဖြစ်ပြီးမိခင်သည် ဗီယက်နမ်လူမျိုးဖြစ်သည်။ ရိုင်ယန်သည် ကလေးတစ်ဦးသာဖြစ်သောကြောင့် ဝင်ငွေ ၁၅ရာခိုင်နှုန်းဘဏ်စာရင်းဖွင့် စုဆောင်းထားပြီး ယင်းကို ၎င်းအရွယ်ရောက်မှသာအသုံးပြုနိုင်မည်ဖြစ်သည်။

Ryan ToysReview ယူကျူဘ်ချန်နယ်တွင် ရိုင်ယန်၊ ၎င်း၏မိဘနှင့် ဝမ်းကွဲညီအစ်ကိုမောင်နှမများက ပင်တိုင်တင်ဆက်သူများအဖြစ် ဆောင်ရွက်နေပြီး ကစားစရာအရုပ်မျိုးစုံအကြောင်းကို မိတ်ဆက်သုံးသပ်ပေးနေသည်။

လရောင်

bbc

ပြင်သစ်နိုင်ငံ ဆန္ဒပြမှုများတွင် ရဲတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ပြီး လူ ၁၂၂ ဦး ဖမ်းဆီးခံရ

ဒီဇင်ဘာ ၁ရက်က ပါရီမြို့သမ္မတနန်းတော်အနီးတွင် အဝါရောင်အင်္ကျီဝတ်ဆန္ဒပြသူများနှင့်ဖြစ်ပွားသောတိုက်ပွဲ၌ ပြင်သစ်ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ၊ အသံကျယ်သောဗုံးများနှင့် မီးသတ်ပိုက်များ အသုံးပြုခဲ့သည်။ ယင်းမှာ လူနေမှုစရိတ် မြင့်မားလာခြင်းနှင့်ပတ်သက်၍ တတိယသီတင်းပတ် ဖြစ်ပေါ်သောဆန္ဒပြပွဲများဖြစ်သည်။

အဝါရောင်ဝတ်များ၏ လှုပ်ရှားမှုအတွင်းသို့ လက်ယာစွန်းနှင့် လက်ဝဲစွန်းများစိမ့်ဝင်နေသည်ဟူသော စိုးရိမ်မှုများ ဖြစ်ပေါ်နေစဉ်ရဲတပ်ဖွဲ့က လူ ၁၂၂ဦးကို ဖမ်းဆီးခဲ့သည်။

စားဝတ်နေရေးခက်ခဲ၍ ဆန္ဒပြနေသောအဝါရောင်ဝတ်များသည် လွန်ခဲ့သောသီတင်းနှစ်ပတ်ကျော်ကစ၍ ပြင်သစ်နိုင်ငံတစ်ဝန်းလမ်းများကို ပိတ်ဆို့ဆန္ဒပြခဲ့သည်။

ယင်းမှာ သမ္မတအီမယ်နျူရယ်မက်ကရွန်၏ (၁၈)လကြာ အုပ်ချုပ်မှုအတွင်းအကြီးမားဆုံးနှင့် အကြာမြင့်ဆုံးစိန်ခေါ်မှုဖြစ်သည်။ ကမ္ဘာကျော် ချမ့်စ်အီလီစီ လမ်းမကြီးတစ်ဝိုက်တွင် ခေါင်းစွပ်၊ မျက်နှာဖုံးစွပ်များ ဝတ်ဆင်ထားသည့် ဆန္ဒပြသူများက လမ်းပေါ် ချထားသော အရံအတားများ၊ အခြားပစ္စည်းများဖြင့် ရဲတပ်ဖွဲ့ကို ပစ်ပေါက်ခဲ့သည်။

ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ဆန္ဒပြသူ ၂၄ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပါရီရဲတပ်ဖွဲ့က ပြောသည်။ ချမ့်စ်အီလီစီလမ်းမအထက်ပိုင်းရှိ အညတရစစ်သည်များ ဗိမာန်တွင်အဝါရောင်ဝတ်ဆန္ဒပြသူအများအပြားက ပြင်သစ်အမျိုးသားသီချင်းကို သီဆိုပြီး "မက်ကရွန်နုတ်ထွက်" ဟု အော်ဟစ်ကြသည်။

ထိုလမ်းမကြီးအနီးလမ်း သွယ်များတွင်လည်း ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ကြားထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ် ခဲ့ပြီး ကားမှန်များရိုက်ခွဲခံရကာ အနည်းဆုံးကားနှစ်စီး မီးရှို့ခံရသည်။

ဆီဈေးနှုန်းများ မြင့်တက်မှုကြောင့်မိသားစုများ၏ အခက်အခဲကို မိမိနားလည်နိုင်သော်လည်း လူရမ်းကားများကြောင့် မူဝါဒပြောင်းလဲမည်မဟုတ်ဟု သမ္မတမက်ကရွန်ကပြောသည်။

နိုင်ငံတစ်ဝန်းဆန္ဒပြသူ ၃၆,၀၀၀ ရှိကာပါရီမြို့၌ ၅,၅၀၀ရှိသည်ဟု ပြည်ထဲရေးဝန်ကြီးကပြောကြားပြီး လမ်းပိတ်ဆို့မှု ၅၈၂ခုရှိခဲ့သည်။

ဆန္ဒပြသူများ လေယာဉ်ကွင်းထဲအထိရောက်ရှိလာပြီးနောက် နန့်စ်မြို့လေဆိပ်ကိုခေတ္တပိတ်ထားခဲ့သည်။

လရောင်

Ref: Reuters

နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံး လက်ဝဲဝါဒီမက္ကဆီကိုသမ္မတအဖြစ် လိုပက်ဇ်အိုဘရာဒါ ကျမ်းသစ္စာကျိန်ဆို

ဆယ်စုနှစ်ခုနှစ်ခုအတွင်း မက္ကဆီကို၏ ပထမဆုံး လက်ဝဲဝါဒီသမ္မတအဖြစ်လိုပက်ဇ်အိုဘရာဒါသည် ဒီဇင်ဘာ ၁ရက်က ပါလီမန်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်ဆင်းရဲမွဲတေသူများနှင့် ဝိုင်းအကြည်ခံရသူများကိုယ်စား နိုင်ငံပြုပြင်ပြောင်းလဲရန် အကျင့် ပျက်ခြစားမှုနှင့် ရာဇဝတ်မှုကျူးလွန်သူများ အပြစ်ပေးမခံရဘဲလွတ်မြောက်နေမှုများအဆုံးသတ်စေမည်ဟု အိုဘရာဒါ (၆၅)နှစ်က ကတိပြုခဲ့သည်။

မက္ကဆီကိုစီးတီး မြို့တော်ဝန်ဟောင်းအိုဘရာဒါသည် ဇူလိုင်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့သည်။

အိုဘရာဒါအနေဖြင့် အမေရိကန်-မက္ကဆီကိုနယ်စပ်တွင် စခန်းချနေသောထောင်နှင့်ချီသည့် ဗဟိုအမေရိကရွှေ့ပြောင်းလူအုပ်ကြီးနှင့် ပတ်သက်၍ဆောင်ရွက်ရမည့်ကိစ္စကို အမွေဆက်ခံရမည်ဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အမေရိကန်သမ္မတမိုက်ပင့်စ်၊ ဒေါ်နယ်ထရန့်၏သမီးကြီး အီဗန်ကာထရန့်၊ ဗင်နီဇွဲလားသမ္မတမာဒူရိုအပါအဝင် ဂုဏ်သရေရှိလူကြီးမင်းများ တက်ရောက်ခဲ့သလို အိုဘရာဒါ၏ရင်းနှီးသော မိတ်ဆွေ ဗြိတိန်လေဘာခေါင်းဆောင် ဂျယ်ရီမီကော်ဘန်လည်း တက်ရောက်ခဲ့သည်။

"ငြိမ်းချမ်းပြီး အစီအစဉ်တကျ ဖြစ်ရုံသာမကနက်ရှိုင်းပြီးနဲ့စပ်တဲ့ ပြုပြင်ပြောင်းလဲမှုကို ကျွန်တော်တို့ ဆောင်ရွက်မှာပါ။ ဘာလို့လဲဆိုတော့ မက္ကဆီကိုပြန်လည်မွေးဖွားတာကို တားဆီးနေတဲ့ ရာဇဝတ်မှုကျူးလွန်သူတွေ အပြစ်ပေးမခံရဘဲလွတ်မြောက်နေမှုနဲ့ အကျင့်ပျက်ခြစားမှုကိုကျွန်တော်တို့ အဆုံးသတ်မှာဖြစ်လို့ပါ"ဟု အိုဘရာဒါက ပြောသည်။

ထို့အပြင် ၎င်း၏ လူကြိုက်များသောမဲဆွယ်ကတိကဝတ်များဖြစ်သည့် ရာဇဝတ်မှု၊ ဆင်းရဲမွဲတေမှုနှင့် အကျင့်ပျက်ခြစားမှုတို့ကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပတ်သက်၍ အိုဘရာဒါက ထပ်မံကတိပြုပြီးယခုအချိန်ကစ၍ ၎င်းကိုမက္ကဆီကိုပြည်သူများက ပိုင်ဆိုင်ကြောင်း ပြောကြားခဲ့သည်။

လရောင်

Ref: BBC

ရေနံထုတ်လုပ်မှုလျှော့ချရန် ရုရှားနှင့် ဆော်ဒီအာရေးဗီးယား သဘောတူညီ

ကမ္ဘာ့ဈေးကွက်များတွင် ရေနံစိမ်းဈေးနှုန်းကျဆင်းနေသဖြင့် ရေနံထုတ်လုပ်မှု ပြန်လည်လျှော့ချရေး ရုရှားနှင့် အိုပက်အဖွဲ့ဦးဆောင်နိုင်ငံဆော်ဒီအာရေးဗီးယားတို့ကြား သဘောတူခဲ့သည်ဟု ရုရှားသမ္မတ ပူတင်ကပြောသည်။ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်နှင့်တွေ့ဆုံပြီးနောက် ကမ္ဘာ့ရေနံတင်ပို့မှုအများဆုံးဆော်ဒီနှင့် ရုရှားနိုင်ငံကြား သဘောတူညီချက်သက်တမ်းတိုးရန် သဘောတူခဲ့သည်ဟုပူတင်က ပြောကြား သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဆော်ဒီအာရေးဗီးယားက မည်သည့်ထုတ်ပြန်မှုမျှ မလုပ်သေးသော်လည်း ယင်းနှစ်နိုင်ငံကြား ရေနံလျှော့ချထုတ်လုပ်ရေး သဘောတူညီချက်သက်တမ်းတိုးမည်ဟု ဘဏ္ဍာရေးဈေးကွက်များက မျှော်လင့်သည်။

ကမ္ဘာ့ရေနံထုတ်လုပ်တင်ပို့ ရောင်းချသူများအဖွဲ့ (OPEC) က လည်းလာမည့်သီတင်းပတ်အတွင်း ဗီယင်နာမြို့တွင် တွေ့ဆုံမည်ဖြစ်သည်။

ရုရှားသည် အိုပက်အဖွဲ့ဝင် နိုင်ငံမဟုတ်ပေ။ သို့သော် ရုရှားသည် နှစ်ပေါင်းများစွာကြာအိုပက်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယင်းနှင့်အတူ ၂၀၁၄ ရေနံဈေးကျဆင်းမှုပြန်လည်နာလန်ထစေခဲ့သည်။

ရေနံဈေးနှုန်းသည် အောက်တိုဘာကလေးနှစ်အတွင်း အမြင့်ဆုံးဈေးသို့ ရောက်ခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးနေးကွေးလာခြင်းကြောင့် လိုအပ်ချက်ကျဆင်းလာမည်ဟူသောစိုးရိမ်မှုများနှင့်အတူ ရေနံဈေး ၃၀ရာခိုင်နှုန်းပြန်လည်ကျဆင်းခဲ့သည်။

ကျွန်တော်တို့ ဆော်ဒီနဲ့ ပူးပေါင်းသွားပါမယ်။ ဈေးကွက်အခြေအနေကို ဆော်ဒီနဲ့အတူလေ့လာပြီး ပြန်သွားပါမယ်"ဟု ပူတင်ကပြောကြားသည်။

လရောင်

Ref: AFP

ငယ်ရွယ်စဉ်မှာ အသုံးအဖြုန်းကြီးတဲ့အကြောင်း ဝန်ခံပြောကြားတဲ့ ဂျက်ကီချန်း

ဟောင်ကောင်တွင် မွေးဖွားခဲ့သူ မင်းသားကြီး ဂျက်ကီချန်းက ငွေအများအပြားကို ပြည့်တန်ဆာများခေါ်ယူခြင်း၊ လောင်းကစားခြင်းနှင့် အခြားလူများအားပေးရန် လက်ဆောင်များဝယ်ယူရာ၌ သုံးစွဲခဲ့ပြီး မိတ်ဆွေသူငယ်ချင်းများကို အစားအသောက်ဝယ်ကျွေးရန် တစ်နှစ်လျှင် ဒေါ်လာနှစ်သန်းအထိ သုံးစွဲခဲ့သည်ဟု ပြောကြားသည်။ အသက်(၆၄)နှစ်ရှိပြီဖြစ်သော ဂျက်ကီချန်းကငယ်ရွယ်ချိန်တွင် လုံခြုံမှုမရှိသော၊ မရင့်ကျက်သော အပြုအမူမျိုးဖြင့် ယင်းကဲ့သို့ငွေအများအပြားဖြုန်း တီးပစ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

အရက်မူးပြီး ကားမောင်းခဲ့ကာတစ်နေ့တည်း ဖိမ်ခံကားနှစ်စီးတိုက်မိပြီး ပျက်စီးခဲ့ဖူးသည်ဟုလည်း ဂျက်ကီချန်းက ပြောသည်။

Rush Hour ရုပ်ရှင်ဇာတ်ကားတွင် စတန့်မင်းသားအဖြစ် အောင်မြင်ခဲ့ပြီးနောက် ၎င်းသည် နံပါတ် (၉)ဟုသာသိထားသော အမျိုးသမီးတစ်ဦးကြောင့် အဓိကငွေသုံးများခဲ့ပြီး လောင်းကစားနှင့် ပြည့်တန်ဆာများအတွက် ငွေသုံးစွဲခဲ့သည်ဟု ဂျက်ကီချန်းက ပြောသည်။

လရောင်

ငယ်ရွယ်စဉ် စော်ကားမှုတွေရင်ဆိုင်ခဲ့ရတဲ့ လေဒီဂါဂါ

အမေရိကန်အဆိုတော် လေဒီဂါဂါက အဆိုတော်ဘဝအစတွင် စော်ကားမှုများ အမြဲရင်ဆိုင်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားသည်။ အသက် (၁၉)နှစ်အရွယ်တွင် မုဒိမ်းကျင့်ခံရပြီးနောက် စိတ်ဒဏ်ရာရခဲ့ကြောင်း ယခင်က ဝန်ခံထားသည်။

အဆိုတော်မင်းသမီး လေဒီဂါဂါ (၃၂)နှစ်က ၎င်းသည် အသံသွင်းစတူဒီယိုသို့သွားသော အကြိမ်တိုင်း စော်ကားခံခဲ့ရပြီး ၎င်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ ကာကွယ်ပေးလိုခြင်းမရှိခဲ့ဟု ပြောသည်။ အသက် (၁၉)နှစ်အရွယ်တွင် အဆိုတော်ဘဝစတင်ခဲ့ပြီး ငယ်ရွယ်စဉ်စော်ကားခံခဲ့ရသည်ဟု ၎င်းကပြောသည်။

ကျား၊ မ ကွာခြားမှုအပေါ်အခြေခံပြီး လုပ်ခလစာပေးသည့် ဖမာဏမတူညီခြင်းနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးလိုကြောင်း ၎င်းကပြောသည်။ Me Too လှုပ်ရှားမှုဖြစ်သည့် လိင်ပိုင်းစော်ကားခံရသောအမျိုးသမီးများ၏ ရင်ဖွင့်သံလှုပ်ရှားမှုကို ထောက်ခံပြီး ယင်းအသံများကို ကျယ်ကျယ်လောင်လောင်ကြားရစေလိုသည်ဟု ၎င်းကပြောသည်။

လရောင်
Ref: Contact Music

ယခုနှစ် တွစ်တာတွင် ဩဇာအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်လာတဲ့ တေလာဆွစ်ဖ်

အမေရိကန် အဆိုတော်တေလာဆွစ်ဖ်သည် ၂၀၁၈အတွက် တွစ်တာပေါ်တွင် ဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း လူမှုမီဒီယာစောင့်ကြည့်ရေးကုမ္ပဏီ Brandwatch ၏ ထုတ်ပြန်ချက်အရသိရသည်။ ယင်းကုမ္ပဏီက တွစ်တာပေါ်၌ တစ်နှစ်တာဩဇာလွှမ်းမိုးမှုအရှိဆုံး အမျိုးသမီးများနှင့်အမျိုးသားများစာရင်းကို ယခုသီတင်းပတ်အတွင်း ဖော်ပြပြီး အမျိုးသမီးများစာရင်းတွင် တေလာဆွစ်ဖ်ကထိပ်ဆုံးနေရာ၌ ရှိနေကာ အမျိုးသားများအတွက် ထိပ်ဆုံးနေရာကို One Direction အဖွဲ့ဝင်ဟောင်းလုံပေးနီက ရယူထားသည်။

သို့သော် ဩဇာလွှမ်းမိုးမှုဆိုင်ရာရမှတ်တွင် တေလာဆွစ်ဖ်က ၉၈မှတ်ရပြီး ပေးနီက ၉၇ မှတ်ဖြင့်ရှိနေသည်။ စူပါကြယ်ပွင့် တေလာဆွစ်ဖ်သည် အင်စတာဂရမ်နှင့် တွစ်တာတို့ကဲ့သို့ လူမှုမီဒီယာများတွင် ပို့စ်များပိုတင်လေ့ရှိသော်လည်း ယခုနှစ်တွင် တွစ်တာပေါ်၌ မူလပို့စ် ၁၃ခုသာ တင်ခဲ့သည်။ တွစ်တာပေါ်တွင် မိတ်ဆွေဖွဲ့ထားသူ ၈၃ဒသမ ၁သန်းရှိသော တေလာဆွစ်ဖ်နောက်တွင် ကေတီပယ်ရီ၊ကင်ကာဒါရှီယန်၊ ဒီမီလိုဗာတိုတို့က ၉၆မှတ်စီဖြင့်ရှိနေပြီး သမ္မတဒေါ်နယ်ထရန့်လည်း ထိပ်ဆုံးစာရင်းဝင်နေသည်။

လရောင် – Ref: E!online

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

ဘလွန်းဒီအောဆုကို ရသင့်သော်လည်း မရခဲ့သူအားလုံးသို့ ရည်ညွှန်းဟု မိုဒရစ်ပြော

မက်ဆီ (သို့မဟုတ်) ခရစ္စတီယာနိုရော်နယ်ဒိုတို့၏ ဆယ်စုနှစ်တစ်ခုကြာ လွှမ်းမိုးမှုအဆုံးသတ်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်ကွင်းလယ်လူ လူကာမိုဒရစ် (၃၃) နှစ်သည် ယခုနှစ်ဘလွန်းဒီအောဆု ရရှိခဲ့သည်။

ဘလွန်းဒီအောဆုကို မက်ဆီနှင့် ရော်နယ်ဒိုကသာ ဆယ်စုနှစ်တစ်ခုအတွင်း ငါးကြိမ်စီယူခဲ့ပြီး မိုဒရစ်သည် ၂၀၀၇က ကာကာနောက်ပိုင်း မက်ဆီနှင့် ရော်နယ်ဒိုကလွဲ၍ ယင်းဆုကို သိမ်းပိုက်နိုင်သော ပထမဆုံးကစားသမားဖြစ်လာသည်။

ဘလွန်းဒီအောဆု ဒုတိယနေရာတွင် ရော်နယ်ဒို၊ တတိယနေရာတွင် ဂရစ်ဇ်မန်း၊ စတုတ္ထနေရာတွင် မက်ဘီရှိခဲ့ပြီး မက်ဆီက အဆင့် (၅)ချိတ်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်နှင့်အတူ ချန်ပီယံလိဂ်ဖလားသုံးကြိမ်ဆက်ရရှိခဲ့ပြီး ခရိုအေးရှားလက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလားဒုတိယရစေခဲ့သော မိုဒရစ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲအကောင်းဆုံးဘောလုံးသမားဆု၊ ဖီဖာတစ်နှစ်တာအကောင်းဆုံးဆုနှင့် ဥရောပအကောင်းဆုတို့လည်း ရရှိခဲ့သူဖြစ်သည်။ ယခုဆုကို မက်ဆီနှင့် ရော်နယ်ဒိုတို့သာ လွှမ်းမိုးခဲ့သော (၁၀) နှစ်အတွင်း ဘလွန်းဒီအောဆုနှင့် လွဲချော်ခဲ့သူအားလုံးသို့ ရည်ညွှန်းကြောင်းမိုဒရစ်ကပြောသည်။

"အတိတ်တုန်းက ဇာဗီ၊ အင်နီယေစတာ၊ ဝင်စလေစနိုက်ဒါတို့လိုမျိုး ကစားသမားတချို့ဟာ ဒီဆုကိုရနိုင်စွမ်းရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုဒီနေ့မှာတော့ လူတွေက တခြားတစ်ယောက်ကို ရှာဖွေနေပါတယ်။ ဒီဆုက ရထိုက်ပါလျက်နဲ့ မရခဲ့သူတွေအားလုံးကို ရည်ညွှန်းပါတယ်။ ဒီနှစ်က ကျွန်တော့်အတွက် စပယ်ရှယ်နှစ်ပါပဲ။ ကျွန်တော် ဘယ်လိုခံစားနေရတယ်ဆိုတာ စကားနဲ့တောင် ပြောဖို့ခက်ပါတယ်"ဟု မိုဒရစ်ကပြောကြားပြီး ရော်နယ်ဒိုနှင့် မက်ဆီသည် အားကျအတုယူစရာကောင်းသော ကစားသမားများဖြစ်သည်ဟုဆိုသည်။

လိုင်ယွန်နှင့် နော်ဝေးလက်ရွေးစင် တိုက်စစ်မှူး အာဒါဟီဂါဘာ့ဂ် (၂၃)နှစ်က ပထမဆုံးပေးအပ်သော အမျိုးသမီးဘလွန်းဒီအောဆုရရှိခဲ့သည်။

ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားရခဲ့သော မက်ဘီ(၁၉)နှစ်သည် ဘလွန်းဒီအောဆုရှင်ဟောင်းများက ရွေးချယ်ပြီး အသက် (၂၁)နှစ်အောက် အကောင်းဆုံးကစားသမားကို ပေးအပ်သည့် Kopa ဆုရရှိသော ပထမဆုံးကစားသမားဖြစ်လာသည်။

မြတ်မင်းဇင်

ချယ်လ်ဆီးတိုက်စစ်မှူးဟာဇက်ကို ခေါ်ယူရန် ရီးရဲလ် သဘောတူညီမှုရဟုဆို

ချယ်လ်ဆီးမှ တိုက်စစ်မှူးဟာဇက်ကို လာမည့်နွေရာသီတွင်ခေါ်ယူရေး ရီးရဲလ်က သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း Onda Madrid သတင်းကဖော်ပြသည်။

ဘယ်လ်ဂျီယံတိုက်စစ်မှူး ဟာဇက်ကို လာမည့်ရာသီတွင်ခေါ်ယူရေး ပုဂ္ဂိုလ်ရေးအချက်အလက်အားလုံး သဘောတူညီထားပြီဟု ယင်းစပိန်ရေဒီယိုကဖော်ပြသည်။ ဟာဇက် (၂၇) နှစ်၏ လက်ရှိချယ်လ်ဆီးနှင့် စာချုပ်သည် ၂၀၂၀ ရောက်မှ သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ချယ်လ်ဆီးနည်းပြဆာရီက အသင်းအနေဖြင့် ၎င်းကို စာချုပ်သက်တမ်းတိုးရန်အသင့်ရှိသော်လည်း စာချုပ်သက်တမ်းတိုးရေး၊ မတိုးရေး ကစားသမားအပေါ် မူတည်သည်ဟု ပြောကြားသည်။

လိုင်လီကစားသမားဟောင်း ဟာဇက်နှင့်ပတ်သက်၍ နည်းပြဆာရီက "သူဒီမှာဆက်နေချင်တယ်ဆိုရင် ကျွန်တော်သူ့ကို ဆက်ခေါ်ထားချင်ပါတယ်"ဟု ဆာရီကပြောသည်။

သို့သော် ချယ်လ်ဆီးက ဟာဇက်ကိုလွယ်လွယ်ကူကူ အသင်းပြောင်းခွင့်ပေးမည်မဟုတ်ဘဲ ချယ်လ်ဆီးက ယူရိုသန်း ၁၇၀တန် ကြေးသတ်မှတ်ထားရာ ရီးရဲလ်က ချယ်လ်ဆီးသို့ အငှားချထားသော မက်တီယိုကိုဗာဆစ်အလိုက်ပေး၍ ကမ်းလှမ်းလာဖွယ်ရှိကြောင်းယင်းသတင်းက ဖော်ပြသည်။

တစ်နေ့နေ့တွင် ရီးရဲလ်သို့ ပြောင်းမည်ဟု မကြာခဏပြောဆိုနေသော ဟာဇက်က ယခုရာသီစောစောပိုင်းက အင်တာဗျူးတစ်ခုအတွင်း ၎င်းအနေဖြင့် ချယ်လ်ဆီးနှင့် ဝမ်းမြောက်စွာစာချုပ် သက်တမ်းတိုးမည်ဖြစ်ကြောင်း ပြောဆိုထားသော်လည်း ယခုထိ စာချုပ်သစ်ချုပ်ဆိုခြင်း မရှိသေးပေ။

မြတ်မင်းဇင်

နေမာ (သို့မဟုတ်) မက်ဘီကိုရောင်းချရနိုင်သည် ဆိုသောသတင်း ပီအက်စ်ဂျီပယ်ချ

ဘရာဇီးတိုက်စစ်မှူးနေမာ (သို့မဟုတ်) ပြင်သစ်လူငယ်တိုက်စစ်မှူး မက်ဘီကို လာမည့်နွေရာသီတွင် ထုတ်ရောင်းရနိုင်သည်ဆိုသောသတင်းကို ပီအက်စ်ဂျီ အသင်းကပယ်ချခဲ့သည်။

ယူအီးအက်ဖ်အေက ပီအက်စ်ဂျီ၏ ဘဏ္ဍာရေးမျှတစွာ ယှဉ်ပြိုင်ရေး (FFP) စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်နေရစဉ် ၎င်းတို့၏အကြီးမားဆုံး ကြယ်ပွင့်ကစားသမားများအနက် တစ်ဦးကိုဆုံးရှုံးရနိုင်ခြေအပါအဝင် နည်းလမ်းအားလုံးကိုဆွေးနွေးနေသည်ဟု ပြင်သစ်သတင်းစာ L'Equipe ကဖော်ပြသည်။

သို့သော် လီဂူးဝမ်းကလပ် ပီအက်စ်ဂျီက ယင်းသတင်းသည် အခြေအမြစ်မရှိသောသတင်းဖြစ်သည်ဟုပြောကာ ယင်းသတင်းကြောင့် မိမိတို့အသင်းနှင့် ယင်းသတင်းဌာနတို့ကြား ကြီးမားသော တင်းမာမှုတစ်ခုဖြစ်ပေါ်လာဖွယ်ရှိသည်ဟုပြောသည်။

ပီအက်စ်ဂျီသည် FFP စည်းကမ်းကိုနှစ်အတန်ကြာ ချိုးဖောက်ခဲ့သည်ဆိုသော Football Leaks အဖွဲ့က ဖွင့်ချသည့်အချက်အလက်များကိုကိုးကား၍ ဂျာမန်သတင်းစာ Der Spiegel ကမဖော်ပြမီကပင် ယူအီးအက်ဖ်အေက စက်တင်ဘာအတွင်း ပီအက်စ်ဂျီကို စုံစမ်းစစ်ဆေးမှုပြန်စခဲ့သည်။

နေမာကိုပေါင်သန်း ၂၀၀ဖြင့် ခေါ်ယူခြင်းနှင့် ပေါင် ၁၆၆သန်းဖြင့်ဝယ်ယူရန်သဘောတူညီချက်ပါဝင်သော မက်ဘီကိုအငှားခေါ်ယူမှုတို့နှင့်ကြုံတွေ့နေစဉ် ဥရောပအကြီးဆုံးကလပ်အချို့၏ ဖိအားပေးမှုကြောင့် ယူအီးအက်ဖ်အေသည် ၂၀၁၇ စက်တင်ဘာက ကနဦးစုံစမ်းမှုစတင်ခဲ့သည်။

FFP စည်းကမ်းအရ ကလပ်တစ်ခုသည် ရာသီတစ်ခုစာဝင်ငွေထက်ပိုမိုသုံးစွဲ၍ မရဟု သတ်မှတ်ထားပြီး လိုငွေပြမှုသည်သုံးရာသီအတွင်း ယူရိုသန်း ၃၀အတွင်းရှိရမည်ဖြစ်သည်။ ပီအက်စ်ဂျီအနေဖြင့် စည်းကမ်းချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဥရောပပြိုင်ပွဲမှ ထုတ်ပယ်ခံရနိုင်သည်။

မြတ်မင်းဇင်

ဒူးဒဏ်ရာကြောင့် အာဆင်နယ်နောက်တန်းလူ ဟိုးလ်ဒင်း ကိုးလကြာနားရမည်

မန်ယူနှင့် နှစ်ဂိုးစီသရေကျသောပွဲတွင် ဘယ်ဘက်ဒူးအရွတ်စုတ်ပြဲဒဏ်ရာ ရရှိပြီးနောက် အာဆင်နယ်နောက်တန်းအလယ်လူ ရော့ဘ်ဟိုးလ်ဒင်းသည် ကိုးလအထိ အနားယူရဖွယ်ရှိသည်။

ဟိုးလ်ဒင်းသည် အမ်မရီ၏ အသင်းတွင် ယခုရာသီ၌ (၁၆) ကြိမ်ပါဝင်ကစားခဲ့သည်။

"ရော့ဘ်ဟာ ရှေ့လာမယ့်ရက်တွေမှာ ခွဲစိတ်ကုသမှုခံယူရပါမယ်။ ပြန်လည်နာလန်ထူရေးကာလ ခြောက်လကနေ ကိုးလအထိ ကြာမြင့်မယ်လို့ မျှော်လင့်ပါတယ်"ဟု အာဆင်နယ်အသင်းက ထုတ်ပြန်ပြောကြားသည်။

အသင်းအတောင့်တင်းဆုံးဖြစ်နေချိန်တွင် ဒဏ်ရာရရှိသဖြင့် စိတ်ပျက်မိကြောင်း ဟိုးလ်ဒင်းကပြောသည်။

အာဆင်နယ်အသင်းသည် ပါပါစတာပူးလော့စ်နှင့် မူစတာဖီတို့နှစ်ဦးသာ လက်ရှိအချိန်တွင် ကြံ့ခိုင်မှုပြည့်ဝသော စီနီယာကစားသမားများဖြစ်သည်။

အမ်မရီသည် မကြာသေးမီက ပွဲများတွင် ဗဟိုနောက်ခံလူ သုံးဦးထားကာ ကစားခဲ့သော်လည်း ဟိုးလ်ဒင်းဒဏ်ရာရသွားသဖြင့် ယခင်အသုံးပြုခဲ့သော ၄-၂-၃-၁ ပုံစံ ပြန်လည် ကစားဖွယ်ရှိသည်။

မြတ်မင်းဇင်

အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်သစ် ယာယီဆိုင်းငံ့ရန် အမေရိကန်နှင့်တရုတ် သဘောတူညီ

ဆွေးနွေးညှိနှိုင်းခွင့်ရရှိရေး အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်သစ်ရက်ပေါင်း ၉၀ဆိုင်းငံ့ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ စီကျင်းပင်တို့သဘောတူခဲ့သည်။ အာဂျင်တီးနားနိုင်ငံမြို့တော် ဗျူနိုအေးရိစ်၌ ကျင်းပခဲ့သော ဂျီ- ၂၀ထိပ်သီးအစည်းအဝေးအပြီးတွင် ယင်းခေါင်းဆောင်နှစ်ဦးသည် ယခုနှစ်ကုန်သွယ်ရေးစစ်ပွဲစတင်ပြီးနောက် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇန်နဝါရီ ၁ရက်ကစ၍ မည်သည့်ကုန်သွယ်ရေးအကောက်အခွန်သစ်မှ မပြဌာန်းရန် အမေရိကန်ကသဘောတူခဲ့ကြောင်း တရုတ်ကပြောသည်။

ဒီဇင်ဘာ ၁ရက်က ဂျီ- ၂၀ခေါင်းဆောင်များသည်ကုန်သွယ်ရေးအကွဲအပြဲများအကြောင်း ဖော်ပြသောပူးတွဲကြေညာချက်ကို သဘောတူခဲ့သော်လည်း ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒအပေါ် ဝေဖန်ခြင်းမရှိခဲ့ပေ။

တရုတ်ကုန်ပစ္စည်းများအပေါ် လက်ရှိ ၁၀ရာခိုင်နှုန်းအခွန်ကောက်ခံနေရာမှ ဇန်နဝါရီကစ၍ ၂၅ရာခိုင်နှုန်းသို့တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကို ရွှေ့ဆက်နိုင်မည်ဟု မျှော်လင့်ကြောင်း ယခုဆွေးနွေးမှုများမတိုင်မီ ထရန့်ကပြောကြားခဲ့သည်။

ယင်းအစီအစဉ်ကို ရက် ၉၀ရွှေ့ဆိုင်းခဲ့သော်လည်း သတ်မှတ်ကာလအတွင်း နှစ်ဖက်စလုံး သဘောတူညီချက်မရပါက ၁၀ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်းသို့ အခွန်တိုးကောက်မည်ဟု အိမ်ဖြူတော်က ပြောသည်။

အပြန်အလှန်အားဖြင့် စိုက်ပျိုးရေး၊ စွမ်းအင်၊ စက်မှုဘက်ဆိုင်ရာနှင့် အခြားထုတ်ကုန်ပစ္စည်းများ ဝယ်ယူရန် တရုတ်က သဘောတူခဲ့ကြောင်း အိမ်ဖြူတော်က ထပ်မံပြောကြားသည်။

"ဇန်နဝါရီ ၁ရက်ရောက်ရင် နောက်ထပ်အခွန်ပြဌာန်းမှာမဟုတ်ပါဘူး။ ပြီးတော့ နှစ်နိုင်ငံကြား ဆက်ပြီးဆွေးနွေးသွားမှာပါ"ဟု တရုတ်နိုင်ငံပိုင်ရုပ်သံလိုင်းက ပြောသည်။

လရောင်

Ref: BBC

အလက်စကာပြည်နယ်တွင် ရစ်ချ်တာစကေး (၇)အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် လမ်းများနှင့်အဆောက်အအုံများ ပျက်စီး

အန်ကောရစ်ချ်ဒေသတွင် နိုဝင်ဘာ ၃၀ရက်က အားပြင်းသော မြေငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအဆောက်အအုံများ ကြမ်းတမ်းစွာလှုပ်ခတ်ပြီး ကြောက်ရွံ့နေသောဒေသခံများ လမ်းမများပေါ်ထွက်ပြေးကာ အလက်စကာပြည်နယ်၏ အကြီးဆုံးမြို့ရှိ အဆောက်အအုံများ ပျက်စီးခဲ့သည်။ ရစ်ချ်တာစကေး(၇) အဆင့်ရှိ ယင်းမြေငလျင်သည် အလုပ်သမားများအလုပ်သွားချိန်၊ ကျောင်းဖွင့်ချိန် ဒေသစံတော်ချိန်နံနက် ၈ နာရီ ၂၉မိနစ်က လှုပ်ခတ်ခဲ့သည်။

မှန်များကွဲကြေခြင်းနှင့် အရာဝတ္ထုများ ပြုတ်ကျခြင်းတို့ကြောင့် လူအများဒဏ်ရာရခဲ့သော်လည်း သေဆုံးသည်ဆိုသောသတင်းများမကြားရဟု အမေရိကန်မီဒီယာကဖော်ပြသည်။

ယင်းငလျင်၏ ဗဟိုချက်သည် အန်ကောရစ်ချ်ဒေသမြောက်ဘက် ၁၃ကီလိုမီတာ၌ ဗဟိုပြုပြီး အနက် ၄၀ကီလိုမီတာတွင် လှုပ်ခတ်ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာတိုင်းတာရေးအဖွဲ့က ဖော်ပြသည်။

လူသုံးသိန်းခန့်ရှိသော ယင်းမြို့တွင် ရဲတပ်ဖွဲ့ကကြီးမားသော အခြေခံအဆောက်အအုံ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်ဟု ပြောသည်။ လူနေအိမ်များ၊ အဆောက်အအုံနှင့်လမ်းများ၊ တံတားများပျက်စီးပြီး လမ်းများပိတ်ထားရကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ အားပြင်းသောမြေငလျင် လှုပ်ခတ်ပြီးနောက်ကုတ်ခ်ရေလက်ကြားနှင့် ကီနိုင်ကျွန်းဆွယ် ဒေသတို့တွင် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း များမကြာမီရုပ်သိမ်းခဲ့သည်။

ဒေသခံများက ၎င်းတို့၏နေအိမ်များ ပျက်စီးခဲ့သည်ကို တွစ်တာတွင် ဓာတ်ပုံများ၊ ဗီဒီယိုများဖြင့် ဖော်ပြခဲ့သည်။ အလက်စကာလွှတ်တော်အမတ် လီဆာမာကို့စကီးကမြေငလျင်လှုပ်ခတ်မှုအပြီး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မှုနှင့် ပတ်သက်၍ အာဏာပိုင်များကို စိုးရိမ်စေခဲ့သည်ဟု ပြောသည်။ လျှပ်စစ်မီးနှစ်နာရီခွဲကြာ ပြတ်တောက်ခဲ့သော်လည်း လျှပ်စစ်ဓာတ်အားပေးအဆောက်အအုံများ ပျက်စီးခြင်းမရှိပေ။

လရောင်

Ref: AFP